
www.burmeseclassic.com

# ကိုငြိမ်းဦး

## စင်ဒြဲလားဖိနပ်လေး




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ချပါးဦး

# စင်ဒရဲလား

ဖိနပ်လေး

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(ဂဂ)၊ ဒုထပ်(ယာ)၊ ၃ဂ-လမ်း။
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် (၁၄)


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၅၀၃၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၇၇၀၁၀

| | | |
|---|---|---|
| အဖုံး ဒီဇိုင်း | - | ကာတွန်း သိန်းထွန်းဦး |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့ပုံနှိပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |




ဖိနပ်လေးတစ်စုံကြောင့် မိန်းကလေးတစ်ယောက်ကို ကျွန်တော်ချစ်ခဲ့မိပါတယ် .... ဟုတ်ပါတယ်... သိပ်ကိုလှတဲ့ ဖိနပ်ကလေး တစ်စုံကြောင့်ပါပဲ။ အဲဒီ ဖိနပ်လေးရဲ့ ပုံသဏ္ဌာန်က ကမ္ဘာကျော် စင်ဒရဲလားပုံပြင်ထဲက ဖိနပ်လေးလိုပဲ အရမ်းလှပါတယ်...။ ဒီ ဖိနပ်လေးကို စီးမိသွားတဲ့ မိန်းကလေးဟာလည်း သိပ်လှပါတယ်။

ဒါကြောင့်မို့ အဲဒီမိန်းကလေးကို ကျွန်တော့်ဘာသာ စင်ဒရဲလားလို့ နာမည်ပေးလိုက်မိပါတယ်...။ အဲဒီတော့ သူမဟာ စင်ဒရဲလားဖြစ်တယ်ဆိုရင် သိပ်လှတဲ့ အဲဒီ ဖိနပ်လေးဟာလည်း စင်ဒရဲလားဖိနပ်လေးပဲပေါ့...။

www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်ခုသော ဆောင်းဥတုရဲ့နံနက်မှာတော့ ကျွန်တော့်အိမ်က ကိုးနာရီလောက်မှာထွက်ခဲ့ပြီး ကျွန်တော်ပိုင်ဆိုင်တဲ့ စင်ဒရဲလား ဖိနပ်ဆိုင်ကိုသွားပါကယ်။

ယုံးစံအတိုင်းပဲ ကားကိုဆိုင်ရှေ့ကားပါကင် မှာထိုးရပ်လိုက်ပြီးတာနဲ့ ဆိုင်ရဲ့မှန်တံခါးကို တွန်းဖွင့်လိုက်ပါတယ်။ ဆိုင်ထဲမှာ ကျွန်တော့်ဝန်ထမ်းတွေ ရောက်နေကြပါပြီ။

အရောင်းဝန်ထမ်းငါးဦး၊ စာရင်းကိုင်ကစ်ဦးတို့ဟာ သူတို့အလုပ်ကို သူတို့လုပ်နေကြပါပြီ။

"မင်္ဂလာပါ ဆရာ . . ."

"အေးကွာ . . မင်္ဂလာပါ . . ."

ကျွန်တော် သူတို့ကို ပြန်နှုတ်ဆက်ပြီး ဆိုင်ရဲ့အပေါ်ထပ်ခိုးလေးပေါ်တက်တဲ့လှေကားဆီလျှောက်သွားရင်း ဆိုင်နံရံက ကျွန်းသားပေါ်မှာ သပ်သပ်ရပ်ရပ်ရေးထားတဲ့ စာတမ်းလေးတွေကို ကြည့်မိသွားပါတယ်။





"စင်ဒရဲလား ဖိနပ်ဆိုင် . . ."

"ဖိနပ်သည် လူတို့အတွက် မရှိမဖြစ်လိုအပ်သောပစ္စည်းဖြစ်သကဲ့သို့ အလှအပပစ္စည်းလည်းဖြစ်ပါသည်"

စာတမ်းကတော့ ဒါပါပဲ။ ဒါပေမယ့် သည်စာတမ်းလေးတွေကို ကျွန်တော် ချစ်ပါတယ်။ ပြင်ဆင်ဖြည့်စွက်ဖို့ကို ဘယ်တော့မှ ခေါင်းစားစရာမလိုတဲ့ စာတမ်းလေးတွေပါ။

ကျွန်တော် ထပ်ခိုးပေါ် အသာပဲတက်ခဲ့တယ်။ ထပ်ခိုးပေါ်မှာလုပ်ထားတဲ့ ကျွန်တော့်ရုံးခန်းဟာ တကယ့်ကို သေးသေးလေးဖြစ်ပြီးတော့ ဖိနပ်ဆိုင်နဲ့ယှဉ်ရင် နုံချာနေသလိုတောင်ရှိပါတယ်။

ဒါပေမယ့် ဒီရုံးခန်းကပဲ ဆိုင်အောက်ထပ်က ကောင်တာတချို့ကို လှမ်းမြင်နေရပြီး အောက်ထပ်က စကားသံတွေကိုလည်း ကြားနိုင်တာကြောင့် ဝန်ထမ်းတွေကိုလည်း ကောင်းကောင်းစီမံခန့်ခွဲနိုင်နေပါတယ်။

ရုံးခန်းရယ်လို့ ဟိန်းဟိန်းမားမားမဖြစ်တာကလွဲလို့ ကျွန်တော့်အတွက်တော့ အတော်ကလေးကို အဆင်ပြေပါတယ်။

ကြည့်လေ . . ကျွန်တော့်စားပွဲပေါ်မှာ ဖိနပ်စာရင်းနဲ့ အသုံးစရိတ်၊ ဝင်ငွေ အစရှိတာတွေကို တွက်ချက်ပြုစုတဲ့ကွန်ပျူတာတစ်လုံးနဲ့ ဖိုင်တချို့၊ ပြီးတော့ အဲဒီ့နောက်မှာ ဆုံလည်ကုလားထိုင်။ ကျွန်တော့်စားပွဲရဲ့ နောက်မှာတော့ ဖိနပ်တွေကို အစည်းလိုက်၊ အထုပ်လိုက် စနစ်တကျ စီထားတယ်။

အပေါ်ရောက်တယ်ဆိုရင်ပဲ ကျွန်တော်လည်း ဝတ်လာတဲ့ ဂျင်းဂျာကင်ကိုချွတ်လိုက်ပြီး ကုလားထိုင်မှာဝင်ထိုင်လိုက်တယ်။

ပြီးတော့ လုပ်ရမယ့်အလုပ်တွေကို မလုပ်သေးဘဲ ကျွန်တော့်ဆိုင်အကြောင်း စဉ်းစားနေမိပါတယ်။

ကျွန်တော် တက္ကသိုလ်က ဘွဲ့ရတော့ ဖေဖေက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို မေးခွန်းတစ်ခုပဲ မေးပါတယ် . . .။

"မင်း ဘာဆက်လုပ်မှာလဲ . . ."

သူများတွေအတွက်ကတော့ အဲဒီမေးခွန်းကို အတော်ခေါင်းစားကြမှာ ဖြစ်ပေမယ့် ကျွန်တော့်အတွက်တော့ အဖြေအဆင်သင့်ရှိနေခဲ့ပါတယ်။

"ကျွန်တော် ဖိနပ်ဆိုင် ဖွင့်မယ် ဖေဖေ . . ."

ဖေဖေ့မျက်နှာမှာ အံ့အားသင့်သွားပုံပေါ်သွားပါတယ်။ ဖေဖေက ကျွန်တော့်ကို ပြန်မေးပါတယ်။

"ယောကျ်ားစီးဖိနပ်တွေ ရောင်းမှာပေါ့ . . ."

"မဟုတ်ပါဘူး ဖေဖေ . . . မိန်းကလေးစီးဖိနပ်တွေသာ ရောင်းမှာပါ . . ."

"ဘာကွ . . ."

"ဟုတ်ပါတယ် ဖေဖေ . . ယောကျ်ားတွေအတွက် အလှအပ ဖိနပ်ဆိုတာ သိပ်မှမလိုတာ ဖေဖေ . . တော်ရုံသင့်ရုံဆို ဖြစ်ပေမယ့် မိန်းမတွေကျတော့ ဖိနပ်ဆိုတာ အတော်လေးကို အရေးကြီးပါတယ်"

"အင်း . . မင်းဆင်ခြေနဲ့မင်းတော့ ဟုတ်နေတာပဲ . . ဒါပေမယ့် ဖေဖေ့အမြင်ပြောရရင် . . ဖိနပ်ဆိုတာ ဆူးငြောင့်ခလုတ်ဒဏ်က ကာကွယ်ဖို့ပဲကွ . ."

"အဲဒါကတော့ ဖိနပ်ရဲ့ပထမဂုဏ်သတ္တိပေါ့ ဖေဖေ . . . ဒါပေမယ့် ဒုတိယဂုဏ်သတ္တိကတော့ အလှအပပစ္စည်းပါ ဖေဖေ . . ဖိနပ်လေးတစ်ရံကြောင့် စီးတဲ့မိန်းကလေးဟာ ပိုပြီးတော့လည်း လှသွားနိုင်သလို . . ပိုပြီးတော့လည်း ရုပ်ဆိုးသွားနိုင်ပါတယ် . . ."

ဖေဖေ မျက်မှောင်ကုတ်သွားပါတယ်။

"ဒါပေမယ့်ကွာ . . . မိန်းမစီးဖိနပ်တွေကို ရောင်းမယ့်ဆိုင်ပိုင်ရှင်က ယောကျ်ားဆိုတော့ လူရယ်စရာကြီးကွ . . ဟား . . ဟား





. . မင်းဟာက ကြည့်လုပ်ဦး . . တော်ကြာ သူများဟားစရာဖြစ်နေဦးမယ် . . ဒါနဲ့ မင်းရည်ရွယ်ချက်ကို မင်းသူငယ်ချင်းတွေရောသိလား"

ကျွန်တော် ပြုံးလိုက်မိပါတယ်။

"သိပါတယ် ဖေဖေ . . ."

"အဲဒီတော့ ဘာပြောကြသလဲ . . ."

"ကျွန်တော့်ကို ငပေါလို့ ဝိုင်းချီးကျူးကြတယ် ဖေဖေ . . ."

တကယ်ကိုလည်း ကျွန်တော့်ကို အဲဒီလိုပြောကြတာပါ။ ကျောင်းပြီးခါနီးတော့ ကျွန်တော်တို့သူငယ်ချင်းတွေ ရှေ့ကိုဘာဆက်လုပ်ကြမယ်ဆိုတာ စဉ်းစားကြပါတယ်။

သူရကတော့ သူဝါသနာပါတဲ့ ဂီတအနုပညာအလုပ်ကိုပဲ ဆက်ချလုပ်မယ်လို့ပြောသလို နီနီကတော့ ရုပ်ရှင်ဒါရိုက်တာလုပ်ချင်တယ် ပြောပါတယ်။ ဒါပေမယ့် နီနီက ရုပ်ရှင်ထက် ဂမ္ဘီရပညာတွေကို ပိုစိတ်ဝင်စားတဲ့ကောင်ပါ။ သူ့ဆီက ကြားရတဲ့စကားတွေဟာ အသူးအဆန်းတွေချည်းပါပဲ။

"ရုပ်နဲ့စိတ်မှာ ဘယ်ဟာက တန်ခိုးကြီးတယ် ထင်သလဲကွ"

"အင်း . . ငါ့စိတ်ထင်ပြောရရင် ဘယ်ဟာကမှ တန်ခိုးမကြီးဘူး . . ."

"ဘာမှမသိတဲ့ကောင်တွေပဲကိုး . . မှတ်ထားကြဟေ့ . . . စိတ်က ပိုတန်ခိုးကြီးတယ် . . စိတ်တန်ခိုးဆိုတာ မင်းတို့မကြားဖူးဘူးလား . . ."

ကျွန်တော်ကလည်း နီနီကို ခပ်ချဉ်ချဉ်ဖြစ်လာလို့ ကျွန်တော့် ဘောလ်ပင်ကို စားပွဲပေါ် ချလိုက်ပြီး . . . .

"စိတ်တန်ခိုးဆိုတာကို ငါတော့မယုံဘူး . . ရှိတယ်ဆိုရင် ဟောဒီဘောလ်ပင်ကို စိတ်နဲ့နေရာ ရွှေ့ပြစမ်းကွာ . . ."

"ဟား . . ဟား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . ဘာရယ်တာလဲ . . ."

"ဒီလောက်ကတော့ အပျော့ပေါ့ . . အိန္ဒိယက ဆာဒူးကြီးတွေ . . . တိဘက်က လားမားဘုန်းကြီးတွေအတွက်က ရယ်စရာတောင်ဖြစ်နေလိမ့်ဦးမယ် . . . ."

"ဟင် . . မင်းကတော့ မရွှေ့နိုင်ဘူးပေါ့ . . ."

"အေး . . ငါက ဘာကောင်မှမဟုတ်သေးတာ . . ဒါနဲ့ ဟော့ကောင် . . စည်သူကျော် . . မင်းရော . . ကျောင်းပြီးရင် ဘာဆက်လုပ်မလဲ . . ."

ကျွန်တော့် ရည်ရွယ်ချက်ကို ဒီကောင်တွေသိအောင် တစ်ခါမှထုတ်မပြောခဲ့ဖူးပါ။ ကျွန်တော်လည်း ခပ်ဆိုင်းဆိုင်းလုပ်ပြီးမှ ဖွင့်ပြောလိုက်ပါတော့တယ်။

"ငါ မိန်းကလေးစီးဖိနပ်ဆိုင် တစ်ဆိုင်ဖွင့်မယ် . . ."

"ဟာ . . . ကြောင်လှချည်လား . . ."

"မင်း ငပေါပဲ စည်သူ . . ."

ဒီကောင်တွေကို ဖွင့်ပြောလိုက်ရင် ဒီလိုပဲဖြစ်မယ်ဆိုတာ သိပြီးသားပါ။

"ဟော့ကောင် စည်သူ . . . မင်းမှာလုပ်စရာမရှိရင် . . ငါရိုက်မယ့်ရုပ်ရှင်မှာ မင်းက မင်းသားဝင်လုပ် . . ."

"အေးကွ . . ဒီကောင့်ဆီမှာ မင်းမလုပ်ဘူးဆိုလည်း ငါ့ဆီမှာ အဆိုတော်ဝင်လုပ် . . . ."

"မဟုတ်ဘူးကွ . . ငါ ဖိနပ်ဆိုင်ဖွင့်မယ်ဆိုတဲ့စိတ်ကူးက အခုမှဖြစ်လာတဲ့ စိတ်ကူးမဟုတ်ဘူး . . ."

တက္ကသိုလ်နယ်မြေမှာ တစ်ခါက ကျွန်တော်ကြုံဖူးခဲ့တဲ့ ဇာတ်လမ်းလေးကို သူတို့ကိုပြောပြခဲ့ဖူးပါတယ်။

အဲဒီနေ့နံနက်က တက္ကသိုလ်မှာ နှင်းတွေထူးထူးခြားခြား ကျ





ခဲ့ပြီး ကျွန်တော် ကျောင်းကိုရောက်သွားတဲ့အချိန်ဟာ စောနေတဲ့အတွက် တက္ကသိုလ်မှာ လူရှင်းနေပါတယ်။

အဲဒီတုန်းမှာပဲ ဖိနပ်ပြတ်နေရှာတဲ့မိန်းကလေးတစ်ယောက် သဘိပြုမိလိုက်ပါတယ်။ သေသေချာချာကြည့်မိတော့ သူမရဲ့ဖိနပ် ပြတ်တာမဟုတ်ပါဘူး . . ဒေါက်ဖိနပ်လေးရဲ့ ဒေါက်ချွန်ချွန် ဘစ်ခု ကျိုးသွားလို့လား၊ ဒါမှမဟုတ် ပြုတ်သွားလို့လားတော့ ပါဘူး . .

ကောင်မလေးလမ်းလျှောက်တာ ဗလင့်စ်မညီတော့ဘဲ တစ်နိမ့် တစ်ဖက်မြင့်ဖြစ်နေပါတော့တယ် . . .။

"တို့ အကူအညီပေးပါရစေ . . ."

ကျွန်တော် သူမ အနားရောက်သွားပြီး ပြောလိုက်တော့ ငမလေးက ရှက်စနိုးနဲ့မျက်နှာကလေးနီသွားရှာပါတယ်။

ဒါပေမယ့်လည်း သူမဘာသာတစ်ယောက်တည်း ဒုက္ခ က်နေရတာထက်စာရင် အကူအညီတစ်စုံတစ်ခု ကျွန်တော့်ဆီ နိုင်တာမို့ ခေါင်းကလေးမသိမသာ ညိတ်ရှာပါတယ်။

ကျွန်တော်လည်း ကောင်မလေးချွတ်ပေးတဲ့ ဒေါက်ဖိနပ် ကို မရှိမရှာ (အဲဒီတုန်းကတော့ ဘာကြောင့်မှန်းမသိဘဲ ရှုံ့ရှုံ့မှုန်း မရခဲ့ဘဲ သူမကို ကူညီဖို့ပဲ အာရုံရှိနေခဲ့တယ်။

နောက်မှသာ ကျွန်တော့်လက်ကို ဆပ်ပြာနဲ့အထပ်ထပ် နင်း မသတီသလို ဖြစ်နေခဲ့ပါတယ်) ကိုင်လိုက်ပြီး ဘယ်လိုဖြစ် ဆိုတာ လေ့လာလိုက်တဲ့အခါ ဒေါက်တစ်ဖက်ဟာ လုံးဝပြုတ် နေတာဖြစ်ကြောင်း သိလိုက်ရလို့ ကျွန်တော်လည်း သူမရဲ့ ကောင်းနေတဲ့ နောက်ဒေါက်ဖိနပ်တစ်ဖက်ကို တောင်းယူလိုက်တယ်။

ပြီးတော့ နှစ်ဖက်ညီသွားအောင် အဲဒီကောင်းနေတဲ့ ဒေါက် သက်ဖောင်းမှာရိုက်ပြီး ချိုးပစ်လိုက်တယ် . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ရှင်ဘယ်လိုလုပ်လိုက်တာလဲ . . မိုက်ရိုင်းလှချည်လား . . ."

"စိတ်မပူပါနဲ့လေ . . ဒီလိုလုပ်လိုက်မှ . . ခင်ဗျား ကောင်းကောင်းလမ်းလျှောက်လို့ရမှာ . . ဟဲ . . ဟဲ . . ."

ကျွန်တော် ရယ်သွမ်းသွေးပြီးပြောပေမယ့် ကောင်မလေးကတော့ မကျေမနပ်နဲ့ဗျစ်တောက် ဗျစ်တောက်လုပ်ပြီး ဒေါက်ဖိနပ်ကို ကောက်စီးပြီး ဘောက်ဆတ် ဘောက်ဆတ်နဲ့ထွက်သွားပါတော့တယ်။

အခုဆိုရင် သူမလမ်းလျှောက်တာ တစ်ဖက်နိမ့်တစ်ဖက်မြင့် ပုံစံမဟုတ်တော့ပါဘူး . . .

ဟဲဟဲ . . တစ်ခုပဲပြောစရာရှိပါတယ် . . သူမရဲ့ဒေါက်ဖိနပ်ဟာ ဒေါက်ဖိနပ်မဟုတ်တော့ဘဲ ရိုးရိုးစလစ်ပါ ဖိနပ်သာဖြစ်သွားရှာပါတော့တယ် . . .။

"ဘယ်လိုလူလဲ မသိဘူး . . ဖိနပ်က ဈေးအရမ်းကြီးတာ . . တကယ်ဆို သူ့ကူညီချင်တယ်ဆိုရင် စူပါဂလူးသွားဝယ်ပြီး ဒေါက်ကို ပြန်ကပ်ပေးရမှာ . . . အခုတော့ . . . ."

ကျွန်တော်ကတော့ သူမကို ပြုံးလို့သာကြည့်နေမိပါတယ် . . ကောင်မလေးက အတော်ကလေးလှပါတယ် . . ဘာကြောင့်မှန်း မသိဘဲ သူမကို အခုလို ကူညီလိုက်ရတဲ့အတွက် ကြည်နူးသွားမိပါတယ် . .။

ဒီအကြောင်းတွေကို သူငယ်ချင်းတွေကို ပြန်ပြောပြတဲ့အခါ သည်ကောင်တွေက ကျွန်တော့်လက်ကို ချက်ချင်းထဆေးခိုင်းပါတယ်။

"ဟာ . . ပြဿနာပဲ . . စည်သူရာ . . ကျောင်းထဲမှာ ခွေးကလည်း အများသား . . မင်းမို့လို့သာ သူများဖိနပ်ကို မရွံ့မရှာကွာ"





"ဒါနဲ့ မင်းကိုမေးရဦးမယ် စည်သူ . . မင်းရဲ့ကူညီချင်တဲ့စိတ်ကိုတော့ ချီးကျူးပါတယ် . . ဒါပေမယ့် ဒီနေရာမှာ ကောင်မလေးမဟုတ်ဘဲ . . အဘွားကြီးတစ်ယောက်ဆိုရင် မင်း ကူညီမှာလား"

"ဟာ . . အဘွားကြီးဆိုတော့ ဘယ်ဒေါက်ဖိနပ်စီးမလဲကွ"

"ဘာဖိနပ်ပဲ ဖြစ်ဖြစ်ပေါ့ကွာ . . မင်း ကူညီမှာလား . ."

ကျွန်တော့်ကို နီနိုကအပြတ်ချွတ်နေလေပြီ။ ဒါပေမယ့် ကျွန်တော်လည်း ဘယ်ရမလဲ . .

"ဟာ . . အဘွားကြီးတွေစီးတဲ့ဖိနပ်က ခိုင်တယ်ကွ . . . ကောင်မလေးတွေစီးတဲ့ ဒေါက်ဖိနပ်လို ခနော်ခနဲ့မဟုတ်ဘူး . . အဲဒီတော့ ကူညီစရာမလိုပါဘူးကွာ . . ဟဲ . . ဟဲ . ."

ညကျတော့ အဲဒီကောင်မလေးကို ကျွန်တော် အိပ်မက်မက်တယ်။ အောင်မာ . . ကောင်မလေးက ကျွန်တော့်ကို အိပ်မက်ထဲမှာ ရန်အတော်ကလေးတွေ့တယ် . .

ပြီးတော့ သူမရဲ့ဖိနပ် ဘယ်လောက်လှကြောင်း၊ ကောင်းကြောင်းပြောတယ် . . နောက်ဆုံးမှာတော့ ကျွန်တော်လည်း အပြစ်ရှိသူပီပီ သူမကို ဒေါက်ဖိနပ်လှလှလေးတစ်ရံ ပြန်ဝယ်ပေးဖို့ သဘောတူလိုက်မိပါတယ်။

ဒီတော့မှ ကောင်မလေးက . . . .

"ဒါပဲနော် . . ဖိနပ်လှလှလေး ဖြစ်ရမယ် . . မလှရင်တော့ မယူဘူး . . ."

နောက်နေ့ကျတော့ ကျွန်တော်ကျောင်းမှာ အဲဒီကောင်မလေးကို လိုက်ရှာမိတယ်။ နေ့စဉ်ရက်ဆက်ပဲ ဆိုပါတော့။ ဒါပေမယ့် ကောင်မလေးနဲ့ တူတာဆိုလို့ ဘယ်သူ့မှမတွေ့မိဘူး . .

အဲဒီနောက်မှာတော့ ကျွန်တော့်ကို ကြောင်တယ်ပဲဆိုချင်ဆို၊ ရူးတယ်ပဲ ပြောချင်ပြော၊ မိန်းကလေးစီးဖိနပ်ဆိုင်လေးတစ်ဆိုင်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ခုင်ဘဲ့စိတ် ဖြစ်လာတော့တာပဲ . . . .။

ကျွန်တော့်စိတ်ထဲမှာ ထူးထူးခြားခြား ဖြစ်ပေါ်နေတဲ့ဆန္ဒဘစ်ခုက တစ်ခါက ကြုံခဲ့ရတဲ့မိန်းကလေးနဲ့ ပြန်ဆုံချင်မိပြီး အဲဒီမိန်းကလေးကို ကျွန်တော် ဖိနပ်လှလှလေးတစ်ရံ ပြန်လျော်ပေးချင်နေမိတာပါ။

ဒါပေမယ့် ကျွန်တော်သာ ကျောင်းပြီးသွားတယ် . . ဒီနေ့ထိ အဲဒီမိန်းကလေးကို ပြန်မတွေ့ရတော့ပါဘူး . . .။

ကျွန်တော်လည်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်တွေးနေမိနေတုန်းမှာပဲ . . ကျွန်တော့်ဆိုင်ကို ဖိနပ်သွင်းနေတဲ့ ဒေါ်အေးမိစံဆိုတဲ့ အမျိုးသမီးကြီး ရောက်လာပါတယ် . . .။

"မင်းကို တွေ့မှတွေ့ပါ့မလားလို့ကွယ် . . ."

"လာ အစ်မ . . ထိုင် . . ."

"ဒီနေ့တော့ ဟောင်ကောင်က ဖိနပ်တွေရယ် . . ယိုးဒယားလုပ် ဖိနပ်တွေရယ်ပါတယ် . . သိပ်တော့ မများပါဘူး . . ဪ . . အဆင်ပြေမယ်ဆိုရင် . . ဟိုတစ်လက ကျန်ငွေလေးပါ ရှင်းပေးလိုက်လို့ရမလား . . ."

"ရပါတယ် အစ်မ . . ."

အစ်မကြီးက ပိုက်ဆံရမယ်ဆိုတော့ ပြုံးပြီး ကျွန်တော့်ကို ကြည့်ပါတယ် . . အဲဒီနောက်မှာတော့ သူပြတဲ့ဖိနပ်နမူနာတချို့ကို ကျွန်တော် ကြည့်ရပါတော့တယ်။

ဖိနပ်တွေက အရည်အသွေး အတော်ကောင်းပြီး ဈေးကလည်း မနည်းလှပါဘူး . . . အရင်းကတောင် အတော်များနေလို့ ကျွန်တော့်အတွက် ကိုက်ပါ့မလားတောင် မသိဘူး . .

အဲဒီတုန်းမှာပဲ ဆိုင်အောက်ထပ်ကို ဖိနပ်လာဝယ်သူတချို့ ရောက်လာပါတယ်။ ကျွန်တော်လည်း မရည်ရွယ်ပါဘဲ တစ်စိတ်တစ်





ဒေသလောက်သာ မြင်ရတဲ့ဆိုင်အောက်ထပ်ကို လှမ်းငေးလိုက်မိသွားပါတယ်။

ဖိနပ်လာဝယ်သူတွေဟာ မိန်းကလေးသုံးယောက်ဖြစ်ပြီးတော့ မှန်ကောင်တာထဲကဖိနပ်တွေကို ရွေးနေပါတယ်။

"ဈေးကတော့ နည်းနည်းများတယ်နော် အစ်မ . ."

"အို . . ဈေးများတယ်ဆိုပေမယ့် ပစ္စည်းကိုလည်း ကြည့်ဦးလေ ငါ့မောင်ရဲ့ . . လှကလည်း အမျိုးမျိုးမဟုတ်လား . . တချို့ဆိုဒီလိုပစ္စည်းကောင်းလေးတွေမှ ကြိုက်ကြတာ . ."

"ကောင်းပါပြီ . . ကျွန်တော် ယူလိုက်ပါ့မယ် . . ဒါပေမယ့်ဒီဖိနပ်တွေအတွက် ငွေကိုတော့ တစ်ဝက်ပဲ ကျွန်တော်ချေလိုက်နိုင်မယ်နော် အစ်မ . . လောလောဆယ်တော့ ကျွန်တော် ငွေကျပ်နေသေးလို့ပါ . . ."

"ရပါတယ်ကွယ် . . မင်း အဆင်ပြေသလိုပဲပေါ့ . . ."

ကျွန်တော့် မျက်လုံးဟာ ဆိုင်အောက်ထပ်ကို ရောက်သွားပြန်ပါတယ်။ ကောင်မလေးသုံးယောက်ထဲက ကောင်မလေးတစ်ယောက်က ဖိနပ်လေးတစ်ရံကိုထုတ်ပြီး စီးကြည့်နေတယ်။

ဖိနပ်က ဒေါက်ဖိနပ်ကလေး။ လှလိုက်တဲ့ ဖိနပ်လေး။

စီးကြည့်နေတဲ့ မိန်းကလေးဟာလည်း အရမ်းလှပါတယ်။ သူ့လှသလို ခြေထောက်ကလေးကလည်း လှလွန်းလို့ သူမ ဖိနပ်စီးကြည့်နေတာကို ကျွန်တော် မှင်သက်မိပြီး ငေးကြည့်နေမိတယ်။

"ဟယ် . . . နင်နဲ့အရမ်းလိုက်တယ် ဂျူလိုင် . . ယူလိုက်ယူလိုက် . . ."

"ယူတာကတော့ ဟုတ်တယ်ဟဲ့ . . ဈေးက အရမ်းများတယ် . . ငါ အဲဒီလောက် မနိုင်ဘူး . ."

"တို့ဆီက ခဏလှည့်ထားလိုက်ပေါ့ . . နင် အဆင်ပြေမှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေး . . . "

"နေပါစေတော့ဟယ် . . နောက်မှပဲ ဝယ်တော့မယ် . . "

အဲဒီအခါမှာ ကျွန်တော့်ဆိုင်ဝန်ထမ်းကောင်မလေး မီမီက ဝင်ပြောပါတော့တယ် . . . ။

"နောက်ဝယ်ဖို့က သိပ်မသေချာဘူး အစ်မ . . ကျွန်မတို့က လည်း လာဝယ်တဲ့သူရှိရင် ရောင်းလိုက်ရမှာ . . အစ်မနဲ့ဒီဖိနပ်လေး က အရမ်းလိုက်တော့ . . အဆင်ပြေမယ်ဆိုရင်တော့ တစ်ခါတည်း ယူသွားလိုက်ပါလား . . . "

"ဟုတ်သားပဲ ဂျူလိုင်ရယ် . . တစ်လက်စတည်းနဲ့ ယူလိုက် ပါလား . . တို့ကို ဘာမှအားနာမနေနဲ့ . . သူငယ်ချင်းအရင်းကြီးတွေ ပဲ ဥစ္စာ . . . "

ကောင်မလေးက ချီတုံချတုံဖြစ်နေပြီး ဖိနပ်ကလေးကို လက် နဲ့ပွတ်ကြည့်လိုက်၊ ကောင်တာပေါ် ပြန်တင်လိုက် လုပ်နေရှာပါတယ်။ နောက်တော့ သူမဟာ ဆုံးဖြတ်ချက်ပိုင်ပိုင်နိုင်နိုင်ချလိုက်ပုံရလို့ ခေါင်း ကိုခါပြီး အဲဒီကောင်တာနောက်ကနေ ရှေ့ကိုထွက်သွားတော့တယ်။

သူမရဲ့ အဖော်နှစ်ယောက်ကတော့ ဖိနပ်တချို့ဝယ်ယူတာ တွေ့ရပေမယ့် သူမကတော့ ဘာဖိနပ်မှမဝယ်ပါဘူး . . ကျွန်တော် လည်း ထိုင်ရာက ထလိုက်မိတယ်။ ပြီးတော့ ပြန်ထိုင်လိုက်မိပြန်တယ်။

အဲဒီတုန်းမှာပဲ ကောင်မလေးဟာ ဆိုင်ထဲက ထွက်မလို့ လုပ်ရင်း ကျွန်တော်ရှိရာ ထပ်ခိုးလေးကို မော့ကြည့်လိုက်တယ်။ အဲဒီ အခါမှာ . . .

"ဟင် . . . "

ကျွန်တော့်နှလုံးသားတစ်ခုလုံး လှုပ်ရှားနေမှုရပ်သွားသလို ခံစားလိုက်ရပါတယ်။ သူမကို ကျွန်တော် ကောင်းကောင်းမှတ်မိလိုက် ပါပြီ။ တစ်ခါတုန်းက တက္ကသိုလ်မှာ ဒေါက်ဖိနပ်ကျိုးသွားတာကို





ကျွန်တော် ကူညီလိုက်တဲ့ ကောင်မလေး . . ။ ကျွန်တော် ထိုင်ရာက ပြန်ထလိုက်မိပြန်ပါတယ်။ သူမကို ပြန်တွေ့ရနိုးနိုးနဲ့ ကျွန်တော် မျှော် လင့်စောင့်စားနေခဲ့တာ နှစ်တွေမနည်းတော့ပါဘူး . . . ။

"ရော့ . . . မောင်လေး . . ဒါ ပြီးခဲ့တဲ့လက ဖိနပ်တွေအ ကြွေးကျန်တဲ့ပြေစာတွေ . . . "

"ဟုတ်ကဲ့ အစ်မ . . ခဏလေးနော် . . ကျွန်တော် အောက် ခဏဆင်းမလို့ . . . "

ကျွန်တော်လည်း ကမန်းကတန်းနဲ့ ထပ်ခိုးပေါ်ကပြေးဆင်း ခဲ့ပြီး ဆိုင်ထဲက ထွက်သွားပြီဖြစ်တဲ့ ကောင်မလေးနောက်ကိုလိုက်ဖို့ ကြိုးစားမိပါတယ်။

ဒါပေမယ့် ကျွန်တော် ဘာဖြစ်လို့ အဲဒီလိုလုပ်ဖို့ ကြိုးစား သလဲဆိုတာ အဲဒီတုန်းကအဖြေရှာမရခဲ့ပါဘူး . . ကျွန်တော် ဆိုင်ရှေ့ ရောက်တဲ့အခါ စောစောက ကောင်မလေးအုပ်စုကို လုံးဝ မတွေ့ရ တော့ပါဘူး . . . ။

တက္ကစီတစ်စီးပေါ် များ ပါသွားလေသလား။ ဒါမှမဟုတ်၊ သူတို့ကားနဲ့ပဲ သူတို့ထွက်သွားလေသလား။

ကျွန်တော်လည်း လမ်းရဲ့ ဝဲယာတစ်ဖက်တစ်ချက်နဲ့ လမ်းမ တစ်လျှောက် ဟိုဒီငေးကြည့်လိုက်မိပြီး ကောင်မလေးကို အရိပ် အယောင်တောင် မတွေ့လေမှ စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်း တစ် ချက်မှုတ်ထုတ်လိုက်ပြီး ဆိုင်ထဲပြန်ဝင်ခဲ့မိတယ်။

ပြီးတော့ စောစောက ကောင်မလေးရွေးထားတဲ့ ဒေါက် ဖိနပ်လေးရှိရာကောင်တာကို လျှောက်သွားလိုက်ပါတယ်။

"မီမီ . . ဆရာ့ကို စောစောက ဟိုမိန်းကလေးရွေးသွားတဲ့ ဒေါက်ဖိနပ်လေး ထုတ်ပေးစမ်း . . . "

မီမီက ဒေါက်ဖိနပ်လေးကို ရွေးထုတ်ပေးရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖိနပ်က အရမ်းလှတယ်နော် ဆရာ . . မိမိတောင် အဲဒီ ဖိနပ်လေးကို လိုချင်လို့ . . အိမ်က မိမို့ညီမလေးက တက္ကသိုလ်တက်နေတာလေ . . သူ့အတွက်ဝယ်ပေးချင်လို့ . . အဲဒါ ဒီဒေါက်ဖိနပ်လေးကို ဆရာပဲ သိမ်းပေးထားပါနော် . . ."

"နင့် ညီမအတွက် တခြားဒေါက်ဖိနပ်ပဲ ဝယ်ပေးလိုက် . . လိုချင်တာတွေရှိရင် အကြွေးယူသွား . . ဟုတ်ပြီလား . . ."

မိမိက အကြွေးဆိုလို့ ဝမ်းသာသွားပုံရပါတယ် . . ဒါပေမယ့် ကျွန်တော့်လက်ထဲက ဒေါက်ဖိနပ်လေးကိုလည်း သံယောဇဉ်တွယ်နေပုံရတယ်။

"ဟင်း ဟင်း . . အကြွေးလည်း ဝယ်မယ်လေ . . အဲဒီ ဒေါက်ဖိနပ်လေးလည်း မိမိနောက်မှဝယ်ပါရစေ . . ညီမလေးနဲ့ဆိုတော်မှာ . . ."

"ငါ ဒီဖိနပ်ကို မရောင်းတော့ဘူး . . ."

စကားကို ခပ်ပြတ်ပြတ်ပြောပြီး ထပ်ခိုးပေါ် ပြန်တက်လာတဲ့ ကျွန်တော့်ကို မိမိက နှုတ်ခမ်းကြီးစူပြီး ကြည့်နေပါတယ်။ အပေါ်ရောက်တော့ ဖိနပ်သွင်းတဲ့ ကျွန်တော့်ဆိုင်ရဲ့ဖောက်သည်အစ်မကြီးကို ငွေရှင်းပေးပြီးတဲ့အခါ ကျွန်တော်တစ်ယောက်တည်းပဲ ကျန်ခဲ့ပါတော့တယ်။

အဲဒီတော့မှ စောစောက ဟိုကောင်မလေးဝယ်မသွားတဲ့ ဒေါက်ဖိနပ်လှလှလေးကို ကျွန်တော်သေသေချာချာကြည့်မိပါတော့တယ်။ ဖိနပ်ကလေးက သိပ်လှတဲ့ဖိနပ်လေးပါ။

ဒေါက်ကတော့ လေးလက်မဒေါက်ဖြစ်ပြီးတော့ ဒီဖိနပ်အမျိုးအစားကို Pencil Heel လို့ခေါ်ပါတယ်။

ဒေါက်ကလေးက ခဲတံလို သေးသေးသွယ်သွယ်လေးမို့ အဲဒီလို ခေါ်တာပါ။ ဖိနပ်ရဲ့အမျိုးအစားက ဖိုင်ဘာလည်း မကျ။ ဖန်





လည်းမကျဖြစ်ပြီးတော့ ဒါကို ဖိုင်ဘာ ဂလဲပ်လို့ခေါ်ပါတယ်။ ဒေါက်ကလေးက ဖန်သားအစစ်လို ကြည်လဲ့နေတယ်။

ဖိနပ်လေးကို ကျွန်တော်ကြည့်နေရင်းနဲ့ ကမ္ဘာကျော်စင်ဒရဲလားပုံပြင်ကို သွားသတိရမိပါတယ်။ စင်ဒရဲလားစီးခဲ့တဲ့ ဖိနပ်လေးဟာ ဒီဖိနပ်လိုပဲ ဖြစ်လိမ့်မယ်ထင်ပါတယ်။

ဒီဖိနပ်လေးကိုစီးမယ့်သူဟာ ဖိနပ်လေးရဲ့ အရှိန်အဝါ အရည်အသွေးကြောင့် ပိုလှလာမှာ သေချာသလို သိပ်လှတဲ့မိန်းကလေးတစ်ယောက်၊ အထူးသဖြင့် စောစောက ကောင်မလေးလို နပ်ကလေးကလည်းလှ၊ ခြေထောက်ကလေးကလည်း လှဆိုရင်၊ ဒီဖိနပ်လေးရဲ့အလှဟာလည်း အပြန်အလှန် ပိုလှလာနိုင်ပါတယ်။

ကျွန်တော်လည်း မရည်ရွယ်ပါဘဲနဲ့ ဒီဖိနပ်လေးကို စင်ဒရဲလားဖိနပ်လေးလို့ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းကြိတ်ပြီး နာမည်ပေးလိုက်မိပြီး စောစောက ကောင်မလေး (သူ့မနာမည်ကိုတော့ သူ့သူငယ်ချင်းတွေခေါ်လို့ ဂျူလိုင်လို့တော့ သိခဲ့ရပါပြီ) ကိုတော့ စင်ဒရဲလားလေးလို့ နာမည်ပေးလိုက်မိပြန်ပါတယ်။

ပြီးတော့မှ ကျွန်တော့်ဘာသာ ကျွန်တော်ပြုံးလိုက်မိပြန်ဘယ်။ ကိုက်တော့ ကိုက်နေပါပြီ။

ဆိုင်ကလည်း စင်ဒရဲလားဖိနပ်ဆိုင်။ ပြီးတော့ စင်ဒရဲလားနဲ့ စင်ဒရဲလားဖိနပ်လေး။

ဒီလိုဆိုရင် ကျွန်တော်က ဘာပါလိမ့်လို့လည်း ဆက်ပြီးတွေးမိပြန်ပါတယ်။

ကောင်မလေးက စင်ဒရဲလားလေးဆိုရင် ကျွန်တော်က ရွှေမင်းသားလား။ ရွှေမင်းသားဖြစ်မဖြစ်တော့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း မသိပေမယ့် သာမန်ဖိနပ်ဆိုင်လေးတစ်ဆိုင်သာပိုင်တဲ့ ကျွန်တော့်ဘဝကိုကျွန်တော် ဘဝင်မမြင့်ရဲတာတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



စင်ဒရဲလားလေး ဘယ်မှာနေသလဲ။ သူမ ဘာအလုပ်လုပ်သလဲ။ ပြီးတော့ ရည်းစားရောရှိနေပြီလား။ ဒါမှမဟုတ် အိမ်ထောင်သည်ဖြစ်နေပြီလား။

ကျွန်တော့် အတွေးတွေနဲ့ ကျွန်တော်ရှုပ်နေမိပါတယ်။ တကယ်ကတော့ သူမနဲ့ကျွန်တော် ကြုံဆုံခဲ့ရတဲ့အဖြစ်ကလေးဟာ ဘဝခရီးတစ်လျှောက်ပေတံနဲ့ တိုင်းမယ်ဆိုရင် သိပ်ကိုတိုတောင်းလွန်းပါတယ်။ ဒါကို အင်္ဂလိပ်လို Brief Encounter လို့ ပြောရမှာပါ။

ဘဝခရီးတစ်လျှောက်ဆိုတဲ့ အချိန်ကာလနဲ့ကြည့်ရင် သူမနဲ့ ကျွန်တော် တွေ့ဆုံခဲ့တဲ့အချိန်ကလေးဟာ လျှပ်စီးလက်လိုက်တဲ့ အချိန်လောက်ပဲ ကြာမှာပါ။

အဲဒီလောက်ပဲ သူမနဲ့ကျွန်တော် တွေ့ဆုံခဲ့ရပေမယ့် ကျွန်တော့်ရဲ့စွဲလမ်းမှုကတော့ ထုထည်မသေးပါဘူး။

အမှန်အတိုင်းဝန်ခံရရင် အခုလို စင်ဒရဲလားဖိနပ်ဆိုင် ဖွင့်ဖြစ်တာကိုက သူမကြောင့်ပါ။

သူမ ကျွန်တော့်ဆိုင်ကို တစ်နေ့နေ့ရောက်လာနိုးဆိုတဲ့ သူမနဲ့ပြန်ဆုံတွေ့ချင်တဲ့ဆန္ဒနဲ့ မိန်းမစီးဖိနပ်ဆိုင်ဖွင့်ဖြစ်တာပါ။

ကျွန်တော့်ရဲ့အိပ်မက်ထဲကို သူမဟာ အခါအားလျော်စွာ ရောက်ရောက်လာတတ်တာတစ်ခုကလွဲရင် သူမနဲ့ကျွန်တော်တစ်ခါမှ ပြန်မဆုံခဲ့ရပါဘူး။

ဒါပေမယ့် ဒီနေ့တော့ ကံကောင်းချင်တော့ သူမ ကျွန်တော့်ဆိုင်ကိုရောက်လာခဲ့ပါတယ်။

သို့သော်လည်းပဲ ကံဆိုးချင်တော့ သူမမှန်းသိလိုက်ရပေမယ့် သူမနဲ့တွေ့ခွင့်မရလိုက်ဘူး။

ကျွန်တော့်ရဲ့စင်ဒရဲလားလေးဟာ ပြန်းခနဲပေါ်လာပြီး ပြန်းခနဲပျောက်သွားပါတယ်။ သူမနဲ့ကျွန်တော် ပြန်ဆုံဖို့အခွင့်အရေးဟာ





အလွန်ပဲနည်းပါတယ်။

ဘာနဲ့အလားသဏ္ဍာန်တူသလဲဆိုတော့ အလွန်ကျယ်ပြန့်တဲ့ရေကန်ကြီးတစ်ခုမှာ ငါးကလေးတစ်ကောင်သာ ရှိတယ်ဆိုပါစို့။

ကျွန်တော့်အဖြစ်ဟာ အဲဒီငါးလေးကိုမိဖို့ ငါးမျှားတံ တစ်ချောင်းနဲ့ နေ့စဉ်ရက်ဆက်ထိုင်မျှားနေတဲ့လူတစ်ယောက်နဲ့တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၂)

တကယ်ကတော့ စင်ဒရဲလားမိန်းမစီးဖိနပ်ဆိုင်ကို ကျွန်တော်လွယ်လွယ်နဲ့ဖွင့်ဖြစ်တာတော့ မဟုတ်ပါဘူး။ အတိုက်အခိုက်တွေလည်း အတော်ကြုံရသလို ပြဿနာပေါင်းစုံလည်း ကြုံရပါတယ်။

ဖေဖေ၊ မေမေတို့ကတော့ အပြင်းထန်ဆုံးကန့်ကွက်ပြီးတော့ ကျွန်တော့်ရဲ့တစ်ဦးတည်းသောအစ်မ မမနေဇာလှိုင်ကတော့ အကြောင်းအကျိုးကို သေသေချာချာရှင်းပြပြီး ကန့်ကွက်ခဲ့သူပါ။

"ဒီခေတ်မှာ စီးပွားရေးလုပ်စရာလုပ်ငန်းတွေ အများကြီးပါ ငါ့မောင်ရယ် .. စားသောက်ကုန်လုပ်ငန်းဆိုပြီး စားသောက်စရာတွေကို ထုတ်လုပ်မလား၊ ဖြန့်ချိမလား၊ ရောင်းချမလား၊ အဝတ်အထည်နဲ့ပတ်သက်ပြီးလုပ်မလား၊ လူအသုံးအဆောင်ပစ္စည်းတွေလုပ်မလား၊ အို .. စုံလို့ပါပဲ။ မမထိုင်ပြောရင် မိုးသာလင်းသွားမယ် .. လုပ်ငန်းတွေက ကုန်မှာမဟုတ်ဘူး ..."

မမနေဇာလှိုင်က စီးပွားရေးတက္ကသိုလ်က ဘွဲ့ရပြီးစာရင်း





ဒိုင်ဒီပလိုမာတွေလည်း အများကြီးရထားတယ်။ အခုတော့ ပုဂ္ဂလိက စာရင်းစစ်အဖွဲ့ဖွဲ့ထားတယ်။

"ဖိနပ်ဆိုင်ဖွင့်တဲ့စီးပွားရေးလုပ်ငန်းကျတော့ စီးပွားရေးစကားနဲ့ပြောရင်တော့ တည်ငြိမ်တဲ့စီးပွားရေးပဲ .. လူတွေဟာ ကုန်ပစ္စည်းတွေကို ဖွင့်လှစ်ရောင်းချတဲ့အခါမှာ မရှိမဖြစ်သုံးစွဲဝယ်ယူကြရမယ့် ကုန်ပစ္စည်းတွေဆိုရင် ဆိုင်ရဲ့အရောင်းအဝယ်ဟာ သွက်ပြီးတော့ .. တစ်ခါတစ်ရံမှသာ ဝယ်လို့ဖြစ်တဲ့ပစ္စည်း .. ဒါမှမဟုတ် အလှအပပစ္စည်းတွေကျတော့ အရောင်းအဝယ်အေးတတ်တယ် မောင်လေး .. မမ အထင်ပြောရရင်တော့ ဖိနပ်ဆိုင်ဆိုတာ .. အရောင်းအဝယ်အေးတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုပဲ .. ဒီအထင်ဟာ သာမန်ဖိနပ်ဆိုင်တစ်ဆိုင်ရဲ့အနေအထားကိုပြောတာနော် ..."

"ဖိနပ်ဆိုင်တိုင်းတော့ အဲဒီ့လိုမဟုတ်ပါဘူး မမရာ .. တချို့ဆိုင်တွေဆို အလျှုပေးတယ်များ အောက်မေ့ရလောက်အောင် လူအရုမ်းစည်တာပဲ ..."

"ထားပါတော့ကွာ .. မင်းအနေနဲ့ ဖိနပ်ဆိုင်ဖွင့်တဲ့ စီးပွားရေးကိုပဲ စိတ်ကူးပြီးသားဆိုတော့ မမတို့ အဲဒါကိုပဲ အခြေခံပြီး စဉ်းစားကြည့်ကြရအောင် ... ပထမဆုံး မင်းအနေနဲ့စဉ်းစားရမှာက ဖိနပ်ဆိုင်ဖွင့်မယ့်နေရာပဲ ..."

မမပြောတဲ့အချက်တွေက ကျွန်တော် စဉ်းစားခဲ့ပြီးသားပါ။ ကိုယ်ပိုင်အဆောက်အဦမရှိလို့ သူတစ်ပါးပိုင်ဆိုင်တဲ့အဆောက်အဦ သို့မဟုတ် အခန်းကိုငှားရမ်းဖွင့်လှစ်မယ်ဆိုရင် ပထမဆုံးရင်ဆိုင်ကြုံတွေ့ရမယ့် ပြဿနာဟာ အခန်းခ၊ ဝန်ထမ်းခနဲ့ အထွေထွေစရိတ်တွေပေါင်းပြီး ဝင်ငွေနဲ့နှိုင်းယှဉ်ကြည့်ရင် ကိုက်ပါ့မလားဆိုတဲ့ ပြဿနာပဲ ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ခေါင်းမာလွန်းတဲ့စိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ဆိုင်ဖွင့်ရေးကိစ္စတွေကို အခက်အခဲတွေကြားကပဲ ကျော်လွှားနိုင်ခဲ့ပါတယ်။ ဖေဖေနဲ့မေမေ အတင်းတားနေတဲ့ကြားက ဘွားဘွားရဲ့ အကူအညီနဲ့ပဲ ဖိနပ်ဆိုင်ကို အောင်အောင်မြင်မြင်နဲ့ဖွင့်နိုင်ခဲ့ပါတယ်။

တစ်ခါတစ်ခါကျတော့လည်း ကျွန်တော့်ကိုယ်ကျွန်တော်အံ့သြပါတယ်။ ကျွန်တော်ဟာ သူများနဲ့မတူတဲ့ ခပ်ကြောင်ကြောင်ကောင်တစ်ကောင်များဖြစ်နေပြီလားလို့လည်း ထင်မိပါတယ်။ အခုလည်းကြည့်၊ ဂျူလိုင်လို့ အမည်ရတဲ့ကောင်မလေးတစ်ယောက်ကိုနောက်တစ်ခါပြန်တွေ့လိမ့်နိုးနိုးနဲ့ ကျွန်တော်အမျှော်လင့်ကြီး မျှော်လင့်မိနေပြန်ပါပြီ။

"ငါတို့စိတ်ထင်တော့ မင်းရဲ့စင်ဒရဲလားလေး မင်းဆိုင်ကိုနောက်တစ်ခါ ပြန်လာလိမ့်မယ် မထင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းပြောတဲ့ အဲဒီဖိနပ်လေးကလည်း တစ်ရံတည်းရှိတော့တာမဟုတ်လား . . သူ့စိတ်ထဲမှာ ရောင်းပြီးသွားပြီလို့ ထင်နေမှာ . . ."

"ဒါနဲ့ နေစမ်းပါဦး . . မင်း အဲဒီလောက်ညွှန်းနေတဲ့ ဖိနပ်လေးကို ပြစမ်းပါဦး . . တို့ ကြည့်ချင်လို့ . . မှန်းစမ်း . . အင်း . . ဖိနပ်လေးကြည့်ရတာ . . စီးဖို့မကောင်းဘူးကွ . . ."

"ဟုတ်တယ် . . ဝါးစားဖို့ပဲ ကောင်းနေပြီ . . ."

"အင်း . . . နီနိုတို့ကတော့ ဖိနပ်မြင်တိုင်း ကိုက်ချင်တဲ့ဇာတိပြနေတာပဲ . . ဝါးစားချင်ရင်လည်း ပြောပါကွာ . . ငါ့အိမ်မှာမစီးတော့တဲ့ဖိနပ်အဟောင်းတွေ အများကြီးပဲ . . ငါယူလာပေးမယ် . . မင်း စားချင်သလောက်သာ စားပေတော့ . . ."

"ခွေးကောင် ငါက တင်စားတာကွ . . ငါတို့က အနုပညာသမားဆိုတော့ ဖိနပ်ရဲ့အလှအပကို တင်စားပြီးပြောတာ . . ဥပမာကွာ . . သိပ်လှတဲ့မိန်းကလေးတစ်ယောက်ကို မင်းတို့တွေ့လိုက်ရင်





စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ . . အစိမ်းလိုက် ဂျိုးဂျိုးဂျွတ်ဂျွတ်နဲ့ဝါးစားချင်လာတယ် မဟုတ်လား . . ငါက အဲဒီဥပမာနဲ့နှိုင်းယှဉ်ပြီးပြောလိုက်တာ . . ."

"အင်း . . ဒီကောင် မိန်းမ ရရင်တော့ သူ့မိန်းမတော့ မချောင်ဘူး . . . နောက်တစ်နေ့ဆို အရိုးတောင်ရှာလို့ရပါတော့မလား မသိဘူး . . ."

ကျွန်တော်ကတော့ သူငယ်ချင်းနှစ်ယောက်စကားပြောတာကို ကြားထဲက ဘာမှဝင်မပြောဘဲ ပြုံးရုံးပဲပြုံးကြည့်နေလိုက်ပါတယ်။

"တစ်ခုတော့ရှိတယ်ကွ . . ဖိနပ်ဆိုတာ ဆိုဒ်တွေအများကြီး . . ကိုယ်နဲ့တော်မယ့်ဆိုဒ်ဆိုတာ အတော်ကလေး ရှာဝယ်ရတာ . . ဒီဖိနပ်လေးကိုလည်း စီးနိုင်မယ့်သူ အတော်ရှားလိမ့်မယ် . . နောက်ဘစ်ချက်က ဖိနပ်ရဲ့ဈေးကလည်းအရမ်းကြီးတာဆိုတော့ ခပ်လွယ်လွယ်နဲ့ရောင်းထွက်မှာမဟုတ်ဘူးလို့ ကောင်မလေးတွေးချင်တွေးလိမ့်မယ် . . ."

သူရပြောတာ ယထာဘူတကျပါတယ်။

"အင်း . . ဟုတ်တယ်ကွ . . ငါ့အစ်မတုန်းကလည်း ဆိုင်ကဖိနပ်တစ်ရံဝယ်လာတယ် . . ဆိုင်မှာတုန်းကတော့ သူ့ခြေထောက်နဲ့တော်ပေမယ့် အိမ်လည်းရောက်ရော ဘယ့်နှယ်ဖြစ်သွားတယ် မသိပါဘူး . . ဖိနပ်က သူ့ခြေထောက်ထက်သေးနေတော့ ဆိုင်ကို သွားပြန်လဲပေမယ့်ဆိုင်က ပြန်မလဲပေးတော့ အတော်ကို စိတ်ပျက်သွားတာပေါ့ကွာ . . ဒါနဲ့ ငါကလည်း ကြားကဝင်အကြံပေးပြီး သူ့ကိုဖိနပ်ချုပ်ဆိုင်ခေါ်သွားလိုက်တယ် . . ဖိနပ်ချုပ်သမားကို ပွင့်ပွင့်လင်းလင်းပဲပြောပြီး အကူအညီတောင်းလိုက်တော့ ဖိနပ်ချုပ်သမားက ဖိနပ်ကို ငါ့အစ်မ ပြန်စီးခိုင်းပြီး ဒီကိစ္စက နှစ်ပိုင်းဖြစ်နေတယ်ခင်ဗျတဲ့ . . တစ်ပိုင်းက ဒီသေးနေတဲ့ ဖိနပ်ကို ပြန်ကြီးအောင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ . . ဒါပေမယ့် အဲဒါ ဘယ်လိုမှမဖြစ်နိုင်လို့ အစ်မရဲ့ခြေဖနောင့်ကိုပဲ ဓားနဲ့လှီးပြီး ဖြတ်ပစ်လိုက်ပါတော့တဲ့ . . .”

နီနီ့စကားအဆုံးမှာ ကျွန်တော်တို့ ရယ်လိုက်ကြသည်။

“ဒါနဲ့ဟော့ကောင် နီနီ . . မင်းလေ့လာနေတဲ့ ဂမ္ဘီရပညာနဲ့ ဖိနပ်တွေကို သေးအောင်ကြီးအောင် လုပ်လို့ရသလား . . .”

“မင်းမေးခွန်းကလည်းကွာ . . သိပ်ကြီးကျယ်တဲ့ပညာကြီးကို သေးသိမ်အောင် လုပ်နေပြန်ပါပြီ . . မှတ်ထားကွ . . ဂမ္ဘီရပညာရှင်တွေဆိုရင် ဖိနပ်တောင် စီးစရာမလိုတော့ဘူး . . မင်းတို့ အိန္ဒိယယောဂီပညာရှင်တွေ တွေ့ဖူးတယ် မဟုတ်လား . . .”

“ဒါဆို မင်းလည်း နောက်ကို ဖိနပ်စီးမှာ မဟုတ်တော့ဘူးပေါ့နော် . . .”

“ဟာ . . . အဲဒီ့လောက်ကြီးတော့ ငါမလုပ်ပါဘူးကွ . . ဟဲဟဲ . . ပညာရှင်အဆင့်မဟုတ်ပါဘူး . . ဝါသနာရှင်အဆင့်လောက်နဲ့တင် . . ဟဲ . . ဟဲ . . .”

“အင်း . . သူများတွေများ ပညာရပ်တစ်ခုကို လိုက်စားတော့မယ်ဆိုရင် ရင်လောက်တင်မှ ဒူးလောက်ကျ . . ရတာမရတာ အပထား ခပ်မြင့်မြင့်ကို မျှော်မှန်းကြတယ် . . ဒီကောင့်ကျတော့ စကတည်းက ရင်လောက်မမှန်းဘဲ ခြေဖျားလောက်ပဲ မှန်းနေတယ်”

“အဲဒါကိုက ဂမ္ဘီရဆန်နေတာကွ . . .”

ကျွန်တော့်ဆိုင်ကိုရောက်လာတဲ့ စင်ဒရဲလားလေးအကြောင်း ပြောပြလိုက်တဲ့အခါ သည်ကောင်နှစ်ကောင်က အမျိုးမျိုး ထင်မြင်ချက်ပေးပါတယ် . . ကျွန်တော်တို့သုံးယောက် အတော်ကလေး စကားကောင်းပြီးတဲ့နောက် အသီးသီးလမ်းခွဲခဲ့ကြပြီး ကျွန်တော်ကတော့ ဆိုင်ကိုပဲ ပြန်လာခဲ့လိုက်ပါတယ် . . .။

ကျွန်တော်လည်း ဆိုင်ထဲရောက်ရောက်ခြင်း မီမီက ဆီးပြော





ပါတယ် . . .။

“ဆရာ . . ဟိုတစ်နေ့က ဖိနပ်လာဝယ်တဲ့ အစ်မတွေပြန်ရောက်လာတယ် ဆရာ . . . ဖိနပ်ဝယ်မလို့တဲ့ . . .”

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ ဒုက္ခပါပဲ။ ကျွန်တော်နဲ့ စင်ဒရဲလားလေး ကြုံဖန်ပြီးလွဲပြန်ပြီ။ ကျွန်တော်ကလည်း ဘုန်းတော်ပါပဲ။ ဆိုင်မှာပဲ ဆက်နေလိုက်ရင် အကောင်းသား။ ခုတော့ ပေါင်းဖွင်းရှိတာက တစ်ကြောင်း စင်ဒရဲလားလေးအကြောင်း ပြောချင်နေတာက တစ်ကြောင်းမို့ သူငယ်ချင်းတွေကို ဖုန်းဆက်ချိန်းလိုက်ပြီး စကားထွက်ပြောတာပါ။ နေ့လယ်စာလည်းစား၊ စကားလည်းပြောပေါ့ဗျာ။

အခုတော့ ကြည့်စမ်း။ ကျွန်တော်မရှိတဲ့အချိန်မှာ စင်ဒရဲလားလေး သူ့အဖော်တွေနဲ့ ပြန်ရောက်လာတယ် ဆိုပါလား။

“ဟုတ်လား . . အဲဒီ့တော့ မီမီက ဘာပြန်ပြောလိုက်သလဲ”

“အဲဒီ့တော့ . . . မီမီက ဖိနပ်ကို ဆရာသိမ်းထားတဲ့အကြောင်း ဆရာ အပြင်ခဏသွားတယ်ဆိုတဲ့အကြောင်း ဆက်ပြောပြလိုက်တယ်”

“ဒီတော့ သူတို့ ဘာပြန်ပြောသလဲ . . .”

“ဆရာ ဘယ်အချိန်ပြန်လာမလဲလို့ မေးတယ် . . မီမီကလည်း အဲဒါတော့ မပြောတတ်ဘူး . . တစ်ခါတလေတော့လည်း ညနေကျမှ ပြန်လာတတ်တယ်လို့ ပြောပြလိုက်တယ် . . .”

“ဟာ . . ဘာလို့ အဲဒီ့လို ပြောလိုက်ရတာလဲ . . ဒုက္ခပါပဲကွာ . . .”

အဲဒီတော့ မီမီက မျက်မှောင်ကုတ်သွားတယ်။

“ဆရာနဲ့အဲဒီ့အစ်မတွေ သိလို့လား ဆရာ . . .”

“မသိပါဘူးကွ . . မသိပါဘူး . . ဒါပေမယ့် ကိုယ့်ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



လာအားပေးတဲ့ သူတွေလက်ထဲကို သူတို့လိုချင်တဲ့ ဖိနပ်ရောက်စေချင်လို့ပါ . . ဒါနဲ့ နေပါဦး . . မိမိက အဲဒီ့လိုပြန်ပြောလိုက်တော့ သူတို့ဘာပြန်ပြောသေးလဲ . . ."

"သူတို့က အဲဒီ့လောက် အချိန်အကြာကြီး မစောင့်နိုင်ဘူးတဲ့ . . နောက်တော့မှပဲ ပြန်လာခဲ့မယ်တဲ့ . . ပြီးတော့ အဲဒီ့ဖိနပ်လေးကို မရောင်းရသေးဘူးဆိုရင် ဘယ်သူ့ကိုမှ မရောင်းပါနဲ့တဲ့ . . ဟိုအစ်မတစ်ယောက် . . . အင်း . . အဲဒီ့အစ်မက အရမ်းလှတာပဲ သိလား . . အဲဒီ့အစ်မကတော့ ဖိနပ်ဖိုးစရံတစ်ဝက်တောင်ပေးခဲ့ချင်တာတဲ့ . . မိမိလည်း ဆရာမရှိတော့ ဘာမှမလုပ်တတ်တာနဲ့ အဲဒီ့အစ်မရဲ့ ပိုက်ဆံကိုလည်း လက်မခံလိုက်ဘူး ဆရာ . . ."

"အင်း . . ကောင်းတယ် . . စရံတော့မယူနဲ့ . . ဒါပေမယ့် မိမိ ဆရာ့ဆီ ဖုန်းလှမ်းဆက်ဖို့တော့ ကောင်းတယ် . . ဆရာ ဖုန်းဖွင့်ထားတာပဲ . . ."

"ဆက်ပါသကော ဆရာရယ် . . ဒါပေမယ့် ဆရာ့ဆီဆက်လို့ကိုမရဘူး . . . ဆရာ မှန်အလုံကားထဲ . . အဲ . . ဟုတ်ပေါင် . . မှန်အလုံခန်းထဲမှာ ရောက်နေလို့လား . . ဒါမှမဟုတ် ဆရာ့ဖုန်း ဘတ္ထရီများ အားနည်းနေလို့လား မသိဘူး . . ဒါနဲ့ ဆရာ့ဆီမှာသိမ်းထားတဲ့ အဲဒီ့ဖိနပ်လေးကို မိမိ့ကိုပေးထားပါလား ဆရာ . . . ဆရာက အပြင်တွေဘာတွေ သွားတတ်တော့ အဲဒီ့အစ်မတွေ ပြန်လာတဲ့အခါ ဖိနပ်အဆင်သင့်ရသွားအောင်ပေါ့ . . ."

"မဖြစ်ပါဘူးဟာ . . နင့်ဆီမှာထားရင် နင်က နင့်ညီမအတွက်ဆိုပြီး အိမ်ကို ယူသွားမှာ . . ငါပဲ ယူထားမယ် . . ."

ကျွန်တော်လည်း ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့အထုပ်ကလေးထဲက ဖိနပ်ဗူးလေးကို မိမိ မမြင်အောင် ကိုယ်နဲ့ကွယ်ရင်းက ထပ်ခိုးလေးပေါ်ကို တက်လာခဲ့မိပါတယ်။





သည်အတိုင်းဆိုရင်တော့ စင်ဒရဲလားလေးနဲ့ ကျွန်တော်ပြန်တွေ့ဖို့ အခွင့်အရေးရှိနေပြန်ပါပြီ။ မိမိ ပြောပုံအရ စင်ဒရဲလားလေးဟာ ဒီဆိုင်ကို ပြန်လာဦးမှာပါ။

အဲဒီ့တော့ ကျွန်တော် ဘာဆက်လုပ်ရမလဲ။ တကယ်ကတော့ သူမသာ မနက်ဖြန် သို့မဟုတ် တစ်ရက်ရက်မှာ ကျွန်တော့်ဆိုင်ကို ပြန်လာပြီး ဒီဖိနပ်လေးကို လာဝယ်ပြီးတာနဲ့ သူနဲ့ကျွန်တော် အတ်လမ်းကပြတ်ပြီ။ ဘယ်လိုမှ ရှေ့ဆက်လို့မရတော့ဘူး။

နောက်ပြီး သူမ ဖိနပ်ပြန်လာဝယ်တဲ့အခါ ကျွန်တော် ဘာတွေပြောရမှာလဲ။ အလွန်ဆုံးပြောနိုင်တဲ့စကားက . . .

"အခုလို လာအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ကိုလည်း လာအားပေးပါဦး . . ."

ဒီလောက်ပဲ ပြောနိုင်ပါလိမ့်မယ် . . .။

"ကျောင်းတုန်းက ခင်ဗျားရဲ့ဒေါက်ဖိနပ်လေး ဒေါက်ပြုတ်သွားတာ မှတ်မိလား။ အဲဒီ့တုန်းက ခင်ဗျားရဲ့ကောင်းနေသေးတဲ့ ဒေါက်တစ်ဖက်ကို ရိုက်ချိုးပစ်ခဲ့တာ ကျွန်တော်ပေါ့ . . .

ကျွန်တော်ဗျာ . . အဲဒီ့ကတည်းက ခင်ဗျားကို ဒေါက်ဖိနပ်လှလှလေးတစ်ရံ ပြန်လျော်ပေးဖို့ ကျောင်းထဲမှာ လိုက်ရှာသေးတယ်။ ဘယ်လိုမှမတွေ့ဘူး။ ဒါနဲ့ပဲ ကျောင်းပြီးတဲ့အခါ ဖိနပ်ဆိုင်ဖွင့်ပြီး ဘစ်နေ့တော့ ခင်ဗျား ကျွန်တော့်ဆိုင် ရောက်လာမှာပဲဆိုပြီး မျှော်နေတာ . .

အဲဒါ ဘာလို့လဲဆိုတော့ ခင်ဗျားကို စွဲလမ်းနေလို့ . . ချစ်လို့ပဲ . . ."

လို့ စကားတွေ အများကြီးပြော . . ပြီးတော့ စင်ဒရဲလားဖိနပ်ကလေးကို သူမကို လက်ဆောင်ပေးလိုက်လို့ ဖြစ်ပါမည်လား။

အဲဒီလိုသာဆို ကောင်မလေးသာမက သူမရဲ့သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေရော ကျွန်တော့်ဆိုင်က ကျွန်တော့်ဝန်ထမ်းတွေကပါ ကျွန်တော့်ကို ခပ်ကြောင်ကြောင်ကောင် ထင်သွားကြလိမ့်မယ်။

သူမ ဘယ်မှာနေသလဲ။ ဘာအလုပ်လုပ်သလဲ။ ဖုန်းနံပါတ် ဘယ်လောက်လဲ စတဲ့ သူမနဲ့ပတ်သက်တဲ့အကြောင်းတွေကို ပေါ်တင် ကြီးမေးဖို့ကျတော့လည်း ကျွန်တော် နှုတ်မရဲဘူး။

ကျွန်တော်လည်း ဘာဆက်လုပ်ရမှန်း မသိတာနဲ့ နီနီ့ဆီကို ဖုန်းလှမ်းဆက်ပြီး စင်ဒရဲလားလေး ကျွန်တော် မရှိတုန်းဆိုင်ကို ရောက်လာတဲ့အကြောင်းနဲ့ ကျွန်တော်တွေးနေတဲ့အကြောင်းတွေကိုပါ ဒီကောင့်ကို ခပ်ကျဉ်းကျဉ်းပြောပြလိုက်တယ်။

"အဲဒါကွာ . . ငါ ဘယ်လိုဆက်လုပ်ရမှန်းတောင် မသိဘူး . . မင်းများ အကြံကောင်းပေးနိုင်မလားလို့ ဆက်လိုက်တာ . ."

"ဒီလိုကွ . . ဒီလို ပြဿနာမျိုးဟာ တိမ်မယောင်နဲ့ ခက်တယ် . . လွယ်မယောင်နဲ့နက်တယ် . . . ဒီတော့ ငါအကောင်းဆုံး အကြံပေးမယ် . . ."

"အေးပြော . . ."

"တကယ်လို့ ကောင်မလေးဆိုင်ကို ရောက်လာရင် အဲဒီဖိနပ်ကို စျေးနှစ်ဆတင်လိုက် . . အဲဒါဆို မင်းနဲ့စကားပြောဖို့ အခွင့်အရေး ဒီ့ထက်ပိုရလာလိမ့်မယ် . . ."

ဆိုးတော့မဆိုးပါဘူး . . ဒီကောင်ပြောတာ ဖြစ်တော့ဖြစ်နိုင်ပါတယ် . . ဒါပေမယ့် ဒီလိုလုပ်လိုက်လို့ ကောင်မလေးတွေ စိတ်ဆိုးပြီး ဖိနပ်ကိုမဝယ်တော့ဘဲ ဆိုင်ထဲက ချက်ချင်းပြန်ထွက်သွားရင် အခက်။ အဲဒါဆိုရင် နောက်ပြန်တွေ့ဖို့ လမ်းကဆုံးပြီ။ တချို့စျေးဝယ်သူတွေဟာ အစွဲအလမ်းကြီးတတ်ကြတယ်။ ဆိုင်တစ်ဆိုင်ကိုချစ်ပြီဆိုရင် အဲဒီ့ဆိုင်ကို ချောင်းပေါက်မတတ် လာဝယ်တတ်ကြပေမယ့် မုန်းပြီဆိုရင်လည်း အဲဒီ့ဆိုင်ကို ယောင်လို့တောင် လှည့်ကြည့်ကြတာ





မဟုတ်ဘူး . . .

"ငါတော့ အဲဒီလို စျေးတင်ဖို့ကိစ္စကို ဖီလင်မလာဘူးကွာ . . ဘာဖြစ်လို့လဲဆိုတော့ . . ."

ကျွန်တော်က စဉ်းစားမိတဲ့အကြောင်းတွေကို နီနီ့ကို ပြန်ပြောပြလိုက်တဲ့အခါ နီနီက နောက်ထပ်အကြံတစ်ခုပေးပြန်ပါတယ်။

"ဒါဆိုရင် မင်းလုပ်လို့ရနိုင်တာတစ်ခု ငါအကြံပေးမယ် . ."

"အေး . . ပြောကွာ . . ."

"တကယ်လို့ ကောင်မလေး ဖိနပ်ပြန်လာဝယ်တယ်ဆိုရင် မင်းတို့ဆိုင်က အလွယ်တကူ ကြည်ကြည်ဖြူဖြူနဲ့ ဖိနပ်ကိုရောင်းလိုက် . . ပြီးတော့ ကောင်မလေးတွေ ပြန်သွားတော့မှ မင်းက သူတို့နောက်က နောက်ယောင်ခံလိုက် . . . ဟဲ . . ဟဲ . . ရုပ်ရှင်ထဲက စုံထောက်တွေလိုပေါ့ကွာ . . ."

"ဟင် . . ငါက နောက်ယောင်ခံလိုက်ပြီး ဘာလုပ်ရမှာလဲ . . စင်ဒရဲလားလေးကို ပြန်ပေးဆွဲရမှာလား . . ဒါမှမဟုတ် ကားဘင်ပြေးရမှာလား . . ."

"ထပ်သရီး . . . ဘယ်ကလာ . . မင်း အဲဒီ့လိုလုပ်လို့က တော့ အာမခံတောင်ရမှာမဟုတ်ဘူး . . မင်း အတော်တုံးသေးတာပဲ . . ဒီလိုကွ . . မင်း အဲဒီ့လို ကောင်မလေးနောက်ကို နောက်ယောင်ခံလိုက်ကြည့်ခြင်းအားဖြင့် ကောင်မလေးရဲ့အိမ်ကို သိမယ် . . ကောင်မလေးဘာဆိုတာ ချက်ချင်းသိမယ် . . အဲ . . ဒီလိုဆို မင်းရှေ့ဆက်လို့ရပြီ . . ."

"မဟုတ်သေးဘူးကွ . . ကောင်မလေး ဘယ်မှာနေတယ် . . ဘာလုပ်တယ်ဆိုတာ သိရုံနဲ့ရှေ့ဆက်ဖို့ဆိုတာ မလွယ်သေးဘူး . . ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ သူ့ဆီကို ချဉ်းကပ်မလဲ . . ပေါ်ဘင်ကြီး အတင်းဝင်လုံးရင်လည်း သူ့စိတ်ထဲ တစ်မျိုးထင်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ပေါ်တင်ကြီး မဟုတ်ပါဘူးကွ . . ဒီလိုကွ . . ငါ သင်ပေးမယ် . . မင်းဆိုင်က ဖိနပ်ကို ကောင်မလေး ဝယ်သွားပြီးတဲ့နောက်နေ့လောက်မှာ မင်း ကောင်မလေးအိမ်ကို သွားရမယ်"

"ဗုဒ္ဓေါ . . . ငါ့ပါးတွေ ကျိန်းလာပြီ . . ."

"ပါးတွေ ကျိန်းလာပြီဟုတ်လား . . ဒါဆိုရင်တော့ သေချာပြီဟေ့ကောင် . . မင်းပါးကို ကောင်မလေးနမ်းတော့မယ်ကွ . . ဟဲဟဲ . . ဒါပေမယ့် သူ့နှာခေါင်းနဲ့နမ်းမှာမဟုတ်ဘူးကွ . . လက်ဝါးနဲ့နမ်းမှာ . . ဟဲ ဟဲ . ."

"အလကားပြောတာပါကွာ . . ဒီလိုကွ . . မင်း ဘာမှမစိုးရိမ်နဲ့ . . ကောင်မလေးဆီကို မင်းသွားတဲ့အခါ ပြောရမယ့်စကားက မင်းဟာ စင်ဒရဲလားဖိနပ်ဆိုင် ပိုင်ရှင်ဖြစ်တဲ့အကြောင်းနဲ့ ဖိနပ်ဈေးနှုန်းမှားသွားလို့ ပိုငွေကိုပြန်လာပေးတာပါလို့ ပြောရမယ်"

"ဟင် . . မင်းဟာက မဟုတ်သေးပါဘူး . . ကောင်မလေးက ယုံမလား . . ပြီးတော့ သူ့အိမ်လိပ်စာ ဘယ်လိုရသလဲလို့ မေးရင် ဖြေရခက်နေပါဦးမယ်ကွာ . . ."

"ဒါက ဘာမှမခက်ပါဘူးကွာ . . ဒီလိုပဲ မေးစမ်းပြီး လာခဲ့တာလို့ ဖြေလိုက်ပေါ့ . . ."

ကျွန်တော်တော့ ဒုက္ခရောက်တော့မယ်ထင်ပါရဲ့။

"ဟုတ်တယ် ဟေ့ကောင် . . မင်း အဲဒီလိုဖြေလိုက်လို့ ကောင်မလေး မင်းကိုမသင်္ကာရင်လည်း ခဏပဲ . . မင်းဆီက ပိုက်ဆံတချို့ ပြန်ရလိုက်တာနဲ့ အဲဒီမသင်္ကာတဲ့စိတ် လုံးဝပျောက်သွားမယ် . . ဒါဟာ စိတ်ပညာနဲ့လူရဲ့စိတ်ကို အာရုံပြောင်းလိုက်တာ . . ."

"ဟင် . . မင်းက စိတ်ပညာလည်း တတ်တာပဲလား . ."

"ဟား ဟား . . လူတွေက မသိကြလို့ကွ . . တကယ်ကတော့ စိတ်ပညာနဲ့ဂမ္ဘီရပညာဆိုတာ ဆက်စပ်နေတယ် . . ."





"ထားပါတော့ကွာ . . အဲဒီတော့ ကောင်မလေးက ငါ့ကို မသင်္ကာမဖြစ်တော့ဘူး . . ငါ ဘာဆက်လုပ်ရမလဲ . . ."

"အင်း . . မင်းဟာက လူပျိုကြီးတစ်ယောက်ကို အိမ်ထောင်ချပေးမိတဲ့ ဥပမာလိုဖြစ်နေပြီ . . ဟေ့ကောင် . . ပြန်ပြန်မေးမနေနဲ့ . . တချို့ကိစ္စတွေကို မင်းဘာသာစဉ်းစားပြီးလုပ် . ."

"အင်း . . မထူးပါဘူးကွာ . . လူပျိုကြီးကို အိမ်ထောင်ချပေးမိမှတော့ အသေးစိတ်ကို ညွှန်ကြားရတော့မှာပဲ . . ဒီနေရာမှာ ငါ့ရဲ့ ဒါရိုက်တာပညာတွေကို သုံးမှဖြစ်တော့မယ် . ."

"ဒီလိုကွ . . ကောင်မလေးကို အဲဒီလို ပိုက်ဆံပြန်အမ်းပြီး ဘာနဲ့ မိတ်ဆွေဖွဲ့ရမယ်ကွ . . သူ့အကြောင်း ကိုယ့်အကြောင်း ပြောကြရမယ် . . ပြီးတော့ ကြုံကြိုက်ရင် မင်းဆိုင်က အလှဆုံးဖိနပ်တချို့ကို ကောင်မလေးကို လာပြပါ့မယ်လို့ တောင်းခံခဲ့ရမယ် . . ."

"တော်ပါကွာ . . မင်းပြောနေတာတွေက သိပ်ကိုပေါ်တင် ဘတ်လမ်းကြီး ဆန်နေတယ် . . ."

"ဒါဆိုရင် မင်းအတွက် နောက်ဆုံးအကြံတစ်ခုပေးမယ် . . မင်းဆိုင်က ကောင်မလေးဖိနပ်လာဝယ်ပြီးတာနဲ့ မင်းဘုန်းကြီး အပြီး ဝတ်လိုက်တော့ . . ."

"ခွေးကောင် . . ."

ကျွန်တော် လှမ်းဆဲလိုက်တော့ နီနီကရယ်ပါတယ်။

"မင်းမလည်း အစွဲအလမ်းအတော်ကြီးတာပဲ စည်သူ . . တစ်ခုတော့ရှိတယ်ကွ . . ငါရထားတဲ့ စိတ်ပညာနည်းလေးတစ်ခု မင်းကို သင်ပေးမယ် . . စိတ်ဝင်စားရင်တော့ စမ်းကြည့်ပေါ့ကွာ . . လုပ်ရမှာက မင်းမျက်စိကိုမှိတ်ပြီး မင်းကောင်မလေးရဲ့မျက်နှာကို မြင်အောင်ကြည့် . . . အခုပဲ စမ်းကြည့်စမ်း ဟေ့ကောင် . . ."

ဒီကောင့်ဆီက အဲဒီလို ထူးထူးဆန်းဆန်းကိစ္စတွေ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိလို့ ကျွန်တော်လည်း သူပြောတဲ့အတိုင်းလိုက်လုပ်လိုက်တယ် . . သူက ဆက်ပြောပါတယ်။

"ပြီးရင် . . . ဦ . . ခုနစ်ခါရွတ် . . ."

"ဟေ့ကောင် . . စိတ်ကရွတ်ရမှာလား . . . ပါးစပ်က အသံထွက် ရွတ်ရမှာလား . . ."

"ဟ . . ပါးစပ်က ရွတ်ရမှာကွ . . ကဲ . . အခုပဲရွတ်စမ်း . . ပြီးရင် မင်းမျက်လုံးကို ဖြည်းဖြည်းလေးဖွင့် . . မင်းကောင်မလေး မင်းဆီ ရောက်လာလိမ့်မယ် . . ."

ကျွန်တော် ပြောခဲ့ပါပြီကော။ ဒီကောင့်ဆီက အဲဒီလို အထူးအဆန်းတွေ ကြားရလေ့ရှိပါတယ်လို့။ ဒါနဲ့ ကျွန်တော်လည်း သူပြောတဲ့အတိုင်း လိုက်လုပ်ပြီး မျက်လုံးကို ခပ်ဖြည်းဖြည်းပြန်ဖွင့်လိုက်ပါတယ်။

"ဟေ့ကောင် စည်သူ . . ဘာမြင်ရသလဲ မြန်မြန်ပြောစမ်း"

"အင်း . . . ဖိနပ်တွေတော့ မြင်ရတယ်ကွ . ."

"ဟာ . . မင်းကြီးတော်ထဲမှပဲ . . ဆိုင်အောက်ထပ်ကို လှမ်းကြည့်လေကွာ . . ဘယ့်နှယ် . . ဖိနပ်တွေကို ကြည့်ရင်တော့ ဖိနပ်ပဲ မြင်ရမှာပေါ့ . . ."

ကျွန်တော် အောက်ထပ်ကိုလှမ်းကြည့်လိုက်တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆိုင်ရဲ့မှန်တံခါးကြီးဟာ ဖြည်းဖြည်းလေးပွင့်လာပါတယ်။

"ဟုတ်တယ်ကွ . . အခု မှန်တံခါးကြီးပွင့်လာပြီ . . ငါ့ စင်ဒရဲလားလေး ဖိနပ်လာဝယ်ပြီထင်တယ် . . ."

"ဆက်ကြည့်စမ်း . . ဆက်ကြည့်စမ်း . . ."

"ဟာ . . ."

"ဘာလဲ ဟေ့ကောင် . . မင်း စင်ဒရဲလားလေး ဝင်လာပြီ မဟုတ်လား . . ."





"ဗိုက် . . ဗိုက်ကြီးသည်ကြီးကွ . . ."

"ဟေ . . ."

နီနီရဲ့ရယ်သံကို ဆက်ပြီးကြားရတော့မှ ကျွန်တော်လည်း လိုက်ရယ်လိုက်မိပါတယ်။

"အဲဒါ စိတ်ပညာပဲ စည်သူ . . မင်းရဲ့ တင်းကျပ်နေတဲ့ စိတ်တွေ ပေါ့ပေါ့ပါးပါးဖြစ်သွားအောင် လုပ်ပေးလိုက်တာ . . တကယ်တော့ မင်းကောင်မလေး . . သူလာချင်တဲ့အချိန်မှ လာမှာ . . . ဟား ဟား . . ."

"ခွေးကောင် . . ."

နီနီက တဟားဟားရယ်ရင်း ဖုန်းချသွားပါတယ်။ ကျွန်တော်လည်း စင်ဒရဲလားဖိနပ်လေးကို ပြန်ထုတ်ကြည့်ရင်း ဘာတွေဆက်လုပ်ရမလဲလို့ စဉ်းစားနေမိပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

"ငါ့မောင်ရဲ့ ဖိနပ်ဆိုင်အခြေအနေက ဘယ်လိုလဲကွ . . . အခြေအနေကောင်းလား . . ."

မမက ကျွန်တော့်အခန်းထဲ ရုတ်တရက်ရောက်လာလို့ ကျွန်တော်လည်း ခုတင်ပေါ်မှာ ပက်လက်လှန်ပြီး စင်ဒရဲလားဖိနပ်လေးကို တယုတယကြည့်လျက်က ကမန်းကတမ်းကြံမိကြံရာနဲ့ဖိနပ်လေးကို ခေါင်းအုံးအောက်ထဲ ထိုးထည့်လိုက်မိပါတယ်။

"မဆိုးပါဘူး . . လစဉ်ပုံမှန်လိုပဲ အရောင်းအဝယ်ဖြစ်ပါတယ် . . အမြတ်လည်း မဆိုးပါဘူး . . ဒါနဲ့ မမရဲ့ Audit Firm အခြေအနေကရော . . ."

မမက သူ့စာရင်းအင်း၊ စာရင်းကိုင်၊ စာရင်းစစ်ပညာတွေကို အကုန်အသုံးချပြီး ပုဂ္ဂလိကစာရင်းအင်း၊ စာရင်းစစ်အဖွဲ့ဖွဲ့ထားပါတယ်။ ရုံးခန်းကတော့ စိန့်ဂွန်းဘက်မှာပါ။ ဝန်ထမ်းကလည်း ဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ်လောက်ရှိပါလိမ့်မယ်။ ရုံးသုံးပရိဘောဂတွေ၊ ကွန်ပျူတာတွေနဲ့ဆိုတော့ မမရဲ့လုပ်ငန်းဟာ ခမ်းနားကြီးကျယ်နေပါတယ်။





ပုဂ္ဂလိကလုပ်ငန်းတွေ၊ ကုမ္ပဏီတွေရဲ့နှစ်ချုပ်စာရင်းတွေ ပြုစုရေးဆွဲတာကအစ၊ စာရင်းထားသိုပုံတွေ၊ ရှုပ်ထွေးနေတဲ့ စာရင်းအင်းတွေကို စစ်ဆေးဆောင်ရွက်ပေးပါတယ်။ ဘာပဲဖြစ်ဖြစ် ဝါရင့်အတွေ့အကြုံ ကျွမ်းကျင်သူတွေဖြစ်တော့ သက်ဆိုင်ရာကုမ္ပဏီတွေလည်း အဆင်ပြေသလို မမတို့လိုစာရင်းသမားတွေလည်း အဆင်ပြေကြပါတယ်။

"မင်းစကားအတိုင်း ပြန်ပြောရရင်တော့ မဆိုးတော့ မဆိုးပါဘူး . . ဒါပေမယ့်ကွာ . . အပြိုင်အဆိုင်တွေ များလာတာက တစ်ချက် . . . နောက်ပြီး ကုမ္ပဏီတွေမှာလည်း စာရင်းသမားကောင်းကောင်းတွေ ခန့်လာကြတော့ မမတို့လုပ်ငန်းက နည်းနည်းတော့ထိုင်းသွားတယ် . . ."

"မမ . . . ကျွန်တော့်ဆီမှာ လုပ်ပါလား . . ."

"လခ ဘယ်လောက်ပေးမှာလဲ . . ."

"ကိုယ့်အစ်မပဲဗျာ . . ကြည့်ပေးမှာပေါ့ . . ."

"တော်ပါကွာ . . မင်းလည်း မမတောင်းသလောက်ပေးနိုင်မှာ မဟုတ်ဘူး . . မမလည်း မင်းလိုလုပ်ငန်းသေးသေးလေးမှာ လုပ်နိုင်မှာမဟုတ်ဘူး . . ဘာနဲ့တူသလဲဆိုတော့ အဲယားဘတ်စ်လေယာဉ်မောင်းတဲ့ ကပ္ပတိန်ကို ဒုတိယကမ္ဘာစစ်က လက်ကျန်တစ်ယောက်စီးလေယာဉ်ပျံလေး မောင်းခိုင်းသလိုဖြစ်နေတယ် . . ."

မမ ပြောပုံဆိုပုံကြောင့် ကျွန်တော်ရယ်လိုက်မိပါတယ်။

"ကျွန်တော့်လုပ်ငန်းက မမပြောပုံအရဆိုရင် အတော် ဂုဏ်သိက္ခာဝါစရာ လုပ်ငန်းပဲနော် . . ."

မမကလည်း ကျွန်တော်ရယ်သလို လိုက်ရယ်ရင်း ကျွန်တော့်အိပ်ရာပေါ် လှဲအိပ်ချလိုက်တဲ့အခါ ကျွန်တော့်ခေါင်းအုံးအောက်က ခြင်းလိုးခုလု အရာကိုသတိပြုမိသွားပုံရပါတယ်။

"ဟဲ့ . . မင်းခေါင်းအုံးအောက်က ဘာကြီးလဲဟဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



မမက ကျွန်တော့်ခေါင်းအုံးအောက်ကို ဆိုးဆိုးဆတ်ဆတ်နဲ့ ဆွဲလှန်ပြီးကြည့်လိုက်တဲ့အခါ ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့လို့ ဒီအတိုင်းသာကြည့်နေလိုက်ရပါတော့တယ်။

"ဟယ် . . ဒေါက်ဖိနပ်လေးပါလား . . လှလိုက်တာ . . မမစီးကြည့်မယ် . . ."

"ဟာ . . . မဖြစ်ဘူး မမ . . မဖြစ်ဘူး . . ."

ကျွန်တော် ပျာပျာသလဲနဲ့ မမလက်ထဲက ဒေါက်ဖိနပ်လေးကို ပြန်ဆွဲလုထားလိုက်ရတယ်။

"ပေးစမ်းပါဟဲ့ . . မမနဲ့တော်လို့ အဆင်ပြေရင် . . မောင်နှမချင်းပေမယ့် ဖိနပ်ဖိုးပေးမှာပါ . . တကတည်းတော် . . ကပ်စေးကနည်းနေပြန်ပါပြီ . . ."

"မဟုတ်ပါဘူးဗျာ . . မမနဲ့ဘယ်လိုမှတော်မှာမဟုတ်ဘူး . . မမက ခြေထောက်ကြီးတယ် မဟုတ်လား . . တော်ကြာ ဆိတ်ဖိနပ်ကို ဆင်တက်စီးသလို ဖြစ်နေမှာစိုးလို့ . . . ."

"ဟဲ့ . . ကိုယ့်အစ်မကို အဲဒီလို ပြောရသလား . . ပေးစမ်းပါ . . တော်လိုတော်ငြား မမခြေထောက်နဲ့တိုင်းကြည့်ရအောင် . . ."

မမက အတင်းတောင်းလို့သာ ဖိနပ်လေးပေးလိုက်ရတယ်။ ရင်တမမနဲ့မတော်တဆများ ဒေါက်ကလေးကျိုးသွားရင် အခက်။ ဒါပေမယ့် မမက ဖိနပ်ကိုစီးတော့ မကြည့်ပါဘူး။ ဖိနပ်နဲ့သူ့ခြေထောက်ကို ဘေးကနေသာ တိုင်းကြည့်ရုံကြည့်ပါတယ်။

"ဟုတ်တယ် . . မမနဲ့တော့ ဘယ်လိုမှတော်မှာ မဟုတ်ဘူး . . ဖိနပ်က သေးလွန်းတယ် . . ဒါပေမယ့် အရမ်းလှတာပဲနော် . . ဒီဖိနပ်မျိုး ဆိုဒ်စုံမရှိဘူးလား . . ."

"မရှိပါဘူးဗျာ . . ဘယ့်နှယ်က ဘယ့်နှယ် ဒီတစ်ရံတည်း ရှားရှားပါးပါး ပါလာရသလဲမသိဘူး . . . အမျိုးအစားကလည်း





ကောင်း၊ ဈေးကလည်းကြီးဆိုတော့ နောက်ထပ်ထပ်မှာဖို့ကလည်း မလွယ်ဘူး"

"အင်း . . မမရဲ့အဖွဲ့က ချာတိတ်မတွေကို ပြကြည့်လိုက်ရင်တော့ အရမ်းသဘောကျသွားမှာ သေချာတယ် . . ဒါနဲ့မေးရဦးမယ် . . ဒီဖိနပ်လေးကို မင်းက ဆိုင်မှာမထားဘဲ အိမ်ကိုယူလာတာဆိုတော့ ဘယ်သူ့ကိုပေးဖို့လဲ . . ဧကန္တတော့ မင်းရည်းစားကိုပေးဖို့ မဟုတ်လား . . ."

"ဟာ . . မဟုတ်ပါဘူးဗျာ . . ကျွန်တော့်မှာ ရည်းစားမှမရှိသေးတာ . . ."

"ဒါဆိုလည်း ဟယ် . . မေမေတို့ နင်နဲ့သဘောတူထားတဲ့ ခင်သက်မွန်ကို လက်ဆောင်ပေးလိုက်ပါလား . . ခင်သက်မွန်ခြေထောက်နဲ့လည်း တော်နိုင်တယ် . . ."

ကျွန်တော် အဖြေရကျပ်သွားပါတယ်။

"ခင်သက်မွန်နဲ့တော်မယ် မထင်ပါဘူးဗျာ . . ခင်သက်မွန်ခြေထောက်က မမခြေထောက်လိုပဲ ဆင်ခြေထောက်ကြီးနဲ့ . . ."

"ဟဲ့ . . တို့ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းနဲ့ဆို ခြေထောက်က မကြီးပါဘူးဟဲ့ . . နင်ကလည်း ခင်သက်မွန်ကို မကြိုက်တိုင်း မှိုချိုး မျှစ်ချိုး . . ."

ကျွန်တော်လည်း မမလက်ထဲက ဖိနပ်လေးကိုပြန်ယူပြီး ဗူးထဲပြန်ထည့်၊ ပြီးတော့ ခုတင်ဘေးက စားပွဲခုံပေါ် အသာလှမ်းတင်ထားလိုက်တယ်။

"ဩော် . . မောင်လေး . . ဒီနေ့တစ်ရက်တော့ မမကို လိုက်ပို့ပေးစမ်း . . မမကား ဝပ်ရှော့အပ်ထားတာ ခုထိ မရသေးဘူး"

"မမ ဘယ်အချိန်အလုပ်သွားမှာလဲ . . ကျွန်တော်က ကိုးနာရီလောက် အိမ်ကထွက်မှာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် . . . အဲဒီအချိန်လောက်ပဲ မမလည်းသွားမယ် . . ကဲ . . အချိန်လည်းနီးနေပြီ . . . မင်းလည်း ရေသွားချိုးတော့လေ"

နောက်တော့ ကျွန်တော်လည်း ရေချိုးခန်းဝင်၊ ပြီးတော့ အဝတ်အစားလဲရတယ်။ မမကတော့ မပြီးသေးဘူး။ ဒါပေမယ့် မမက အချိန်အတိအကျပါပဲ။

ကိုးနာရီတိတိမှာ အလုပ်သွားဖို့ အဆင်သင့်ဖြစ်နေပြီ။ ဒါနဲ့ပဲ ကျွန်တော်တို့ မောင်နှမနှစ်ယောက် အိမ်ကထွက်ခဲ့ကြတယ်။

ကျွန်တော်က ကားကိုညင်ညင်သာသာပဲ မောင်းပြီးတော့ မမကတော့ ကျွန်တော့်ဘေးမှာ ငြိမ်ငြိမ်လေးထိုင်လိုက်လာတယ်။

"ခင်သက်မွန်ကလှသားပဲကွ . . မင်း ဘာလို့မကြိုက်တာလဲ"

"ဟား . . လှတိုင်းလျှောက်ကြိုက်နေတဲ့ကောင်မှ မဟုတ်တာ . . အချစ်ဆိုတာ ချောတာလှတာနဲ့ ဘာမှမဆိုင်ဘူးဗျ . ."

"ခစ် ခစ် . . ."

"မမ ဘာရယ်တာလဲ . . ."

"သြော် . . မင်းဆီက အချစ်တွေ ဘာတွေကြားရလို့"

"လူပဲဗျာ . . နှလုံးသားဆိုတာ ရှိကြတာချည်းပဲ . . မမရော ခုချိန်ထိ အချစ်ဆိုတာကို မစဉ်းစားသေးဘူးလား . . ."

"အင်း . . မမ အခုအချိန်ထိ စဉ်းစားနေတာက . . မြို့စားတို့၊ မြို့ရှင်တို့၊ အစမ်းရှင်းတမ်းတို့၊ လက်ကျန်ရှင်းတမ်းတို့ပဲ . . . ခစ် ခစ် . . ."

"ဒေါက်တာသောင်းထိုက်ဇော်ကိုရော မစဉ်းစားသေးဘူးလား"

မမက ကျွန်တော့်ကို ဖျတ်ခနဲစောင်းကြည့်ပြီး မျက်စောင်းထိုးတယ်။ ပြီးတော့ ခပ်ပြုံးပြုံးနဲ့ ဆက်ပြောပါတယ်။

"မင်းမေးလို့ မမဖြေမယ်။ မမတို့က ဘာမှစဉ်းစားစရာ





မလိုတဲ့ဇာတ်လမ်းလေ မောင်လေးရဲ့ . . ဖေဖေမေမေတို့ သဘောတူထားတဲ့ ဒေါက်တာသောင်းထိုက်ဇော်ကို တစ်နေ့ကျရင် မမလက်ထပ်ရမှာပဲ . . ဘာ ပြဿနာမှလည်း မရှိဘူး . . စိတ်အေးလက်အေး . . ."

"ဟာ . . မဟုတ်သေးပါဘူးဗျာ . . ဘဝတစ်လျှောက်လုံး အတူတူပေါင်းသင်းခွင်ကြုံရမယ့်ကိစ္စကို မမတို့က သွေးအေးနေပြန်ပြီ . . တကယ်တော့ အချစ်ဆိုတာရှိတယ်ဗျ . . ဒီကောင်က အရမ်းနူးညံ့သိမ်မွေ့တယ် . . ."

"နေစမ်းပါဦး . . မင်း ဒီလောက်တောင် အချစ်အကြောင်းပြောလာတာ . . မင်းကြိုက်တဲ့ကောင်မလေးတွေ့နေပြီလား . . အင်း . . မမထင်တယ် . . ဟိုဖိနပ်လေးကို မင်းသူ့ကိုပေးမလို့ မဟုတ်လား"

မောင်နှမချင်းပေမယ့် မမက အခုလိုပေါ်တင်ကြီးမေးလာတော့ ကျွန်တော် ဘာပြန်ပြောလို့ ပြောရမှန်းမသိအောင် ရှက်ကိုးရှက်ကန်းဖြစ်သွားပါတယ်။ ဒါကြောင့် အရှက်ပြေရယ်ရင်း မမအမေးကို ဖြေရပါတယ်။

"ဟာ . . . မဟုတ်ပါဘူး မမရဲ့ . . ကျွန်တော် ကြိုက်နေတာ မရှိသေးပါဘူး . . ."

"ဒါဖြင့်ရင်လဲ ငါ့မောင်ရယ် . . အဲဒီဖိနပ်လေးကို ခင်သက်မွန်ကို လက်ဆောင်ပေးလိုက်ပါ . . သူနဲ့ဆို တော်မှာပါ . . ဘာပဲဖြစ်ဖြစ် မင်းသူ့ကို လက်ထပ်ရမှာပဲ မဟုတ်လား . . ."

ကျွန်တော် သက်ပြင်းတစ်ချက်ကြိတ်ပြီး ချလိုက်မိပါတယ်။ ကျွန်တော့် အခြေအနေက ရေခဲစိမ်ပုံးစံခွက်ထဲက ဘဝဖြစ်နေပြီလား မသိပါ။

ကျွန်တော် တိတ်တခိုးစွဲလမ်းခဲ့ရတဲ့ စင်ဒရဲလားလေးနဲ့လည်း ချစ်သူဘဝရောက်ဖို့ ဝေလာဝေး။ လူတောင်မှ တွေ့တွေ့ဆိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဖြစ်သေးပါ။ ဒီကြားထဲ ခင်သက်မွန်ကိစ္စကြီးကလည်း ရင်လေးစရာကြီးပါ။

"အင်း . . . ဒီခေတ်မှာ အဲဒီ့လို ပျင်းစရာကောင်းတဲ့ အိမ်ထောင်ရေးပုံစံမျိုးကြီးက ပျောက်ဖို့ကောင်းနေပါပြီဗျာ . . . "

"ဘယ်လို . . ပျင်းစရာကောင်းတဲ့ အိမ်ထောင်ရေး ဟုတ်လား . . အင်း . . မင်း အသုံးအနှုန်းက မဆိုးဘူးကွ . . ဒါပေမယ့် မင်းကိုယ်တိုင် မကြုံရသေးတဲ့ အနာဂတ်ကိစ္စတစ်ခုကို စိတ်ကူးနဲ့ မှန်းပြောနေတာတော့ မဟုတ်သေးဘူး . . . "

ကျွန်တော်တို့ မောင်နှမလည်း စကားတပြောပြောနဲ့ပဲ မမရဲ့ စာရင်းအင်းအဖွဲ့ရှိရာ တိုက်ခန်းရှေ့ကို ရောက်သွားပါတယ်။

"မမ အလုပ်ခန်းထဲ လိုက်ခဲ့ပါဦးလား . . ကောင်မလေးတွေက လှပါတယ်ကွ . . ဟင်း ဟင်း . . မမ မိတ်ဆက်ပေးမယ်လေ"

မောင်နှမ အရင်းအချာတွေဖြစ်ပေမယ့် ကျွန်တော်ကတော့ မမရဲ့လုပ်ငန်းထဲကို တစ်ခါမှမရောက်ဖူးပါဘူး။ စာရင်းအင်းတွေကို မြင်ရရင် စိတ်ရှုပ်လို့ပါ။ ဒါပေမယ့် မမကတော့ သူ့ကို ကျွန်တော့် ကားနဲ့ လိုက်ပို့ပေးတိုင်း အထဲဝင်ဖို့ ဖိတ်ပါတယ်။

"မဝင်တော့ပါဘူးဗျာ . . စာရင်းအင်းတွေလုပ်နေတာမြင်ရင် ခေါင်းကိုက်တယ် . . ကဲ . . ကျွန်တော် သွားတော့မယ် . . ဪ . . . ညနေကိုရော လာကြိုရဦးမလား . . . "

"မလာနဲ့ . . . ရတယ် . . မမဘာသာ တက္ကစီနဲ့ပြန်မယ်"

ဒါနဲ့ပဲ ကျွန်တော် မမကိုနှုတ်ဆက်ပြီး ဖိနပ်ဆိုင်ကို ထွက်လာခဲ့လိုက်တယ်။ ဖိနပ်ဆိုင်ရှေ့ရောက်တော့မှ စင်ဒရဲလားဖိနပ်ကလေး ကျွန်တော့်အခန်းထဲက စားပွဲပေါ်မှာ ကျန်ခဲ့မှန်း သိလိုက်ရတယ်။ ဒုက္ခပါပဲ။ စင်ဒရဲလားလေး ဖိနပ်လာဝယ်နေပြီလားတောင် မသိဘူး . .။ ကျွန်တော်လည်း ခပ်သွက်သွက်ပဲ ဆိုင်ထဲကိုဝင်၊ ဝန်ထမ်း





တွေကို မှာစရာရှိတာမှာ။ အထူးသဖြင့်တော့ မိမိကို မှာရတယ်။

"မိမိ . . တကယ်လို့ ဟိုဖိနပ်လေးဝယ်မယ့် မိန်းကလေးတွေ ပြန်လာရင် နာရီဝက်လောက် စောင့်ပါလို့ . . ဆရာ ပြန်လာခဲ့မယ်"

ကျွန်တော်လည်း ရေးကြီးသုတ်ပြာနဲ့ ကားပေါ်ပြန်တက်ပြီး အိမ်ကို ပြန်မောင်းခဲ့တယ်။

အိမ်ရောက်လို့ ကျွန်တော့်အခန်းထဲပြေး ဝင်ပြီး ဖိနပ်ဗူးကလေးကိုရှာတဲ့အခါ ဘယ်မှရှာမတွေ့လို့ ခေါင်းနပန်းကြီးသွားပါတယ်။

မနက်တုန်းက ဖိနပ်လေးကို ကျွန်တော် ကိုယ်တိုင်ပဲ ဗူးထဲပြန်ထည့်ပြီး စားပွဲပေါ်တင်လိုက်သေးတာ။ အခု ဘယ်ရောက်သွားပါလိမ့်။

တစ်ခန်းလုံးမွှေနှောက်ရှာဖွေကြည့်ပြီးတဲ့အခါ ဖိနပ်လေးကို လုံးဝမတွေ့ရလို့ စိတ်အတော်ပူသွားတယ်။ ဒါနဲ့ မေမေ့ကိုမေးကြည့်မလို့ မေမေ့ကိုရှာတော့ မေမေက အိမ်မှာမရှိဘူး။

အိမ်ဖော်မလေးအိအိက မေမေ ခပ်စောစောကလေးတင် ကားနဲ့ထွက်သွားတယ်လို့ ပြောတယ်။ ဘယ်သွားမယ်လို့တော့ ပြောမသွားဘူးတဲ့။ စိတ်ပေါက်ပေါက်နဲ့ ကျွန်တော်လည်း အိအိကို ဖိနပ်ဗူးလေးတွေ့မိသလားမေးတော့ သူမသိဘူးတဲ့။

"ဟဲ့ . . နင်မလိမ်နဲ့နော် . . နင်ယူပြီးဖွက်ထားလို့ကတော့ သေပြီသာမှတ် . . မှန်းစမ်း . . နင့် ခြေထောက်ပြစမ်း . . "

ကျွန်တော်လည်း အိအိများ ဖိနပ်ကိုသဘောကျလို့ယူပြီး ဖွက်ထားသလားထင်ပြီး အိအိခြေထောက်ကို သေသေချာချာကြည့်မိတဲ့အခါ စင်ဒရဲလားဖိနပ်လေးကို စီးလို့ရလောက်အောင် သူ့ခြေထောက်လေးတွေက မကြီးသေးဘူး . .

"နင့် ခြေထောက်ကလည်း သေးလှချည်လား . . လူ့ခြေထောက်မဟုတ်ရဲ့လား . . ဆိတ်ခြေထောက်တွေများလား . . . "



www.burmeseclassic.com

www.burmeseclassic.com



"အို . . အစ်ကိုလည်း ဒီခြေထောက်တွေက ဆိတ်ခြေထောက်တွေ မဟုတ်ပါဘူး . . တကယ့် လူခြေထောက်တွေပါ . . မယုံရင် အစ်ကိုကိုင်ကြည့်ပါလား . . ."

"ထို့ . . ငါက ဘာလို့ နင့်ခြေထောက်ကို ကိုင်ရမှာလဲ . . ရှုံ့စရာ . . ကဲ . . မေမေ . . ဖုန်းယူသွားတယ်မဟုတ်လား . . ငါ့ကို ဖုန်းခေါ်ပေးစမ်း . . ."

"အန့်တီက ဖုန်းမယူသွားဘူး အစ်ကိုရဲ့ . . ဆက်နေလည်း အပိုပဲ . . ."

ကျွန်တော်လည်း အလိုလိုနေရင်းက ချွေးပျံလာတယ်။ အရေးထဲ ဖိနပ်လေးကလည်း ဘယ်ရောက်နေပါလိမ့်။

ဒီအိမ်မှာ အိမ်သားဆိုလို့ ဖေဖေ၊ မေမေ၊ မမ၊ ကျွန်တော်၊ ပြီးတော့ အိအိ။ ဒီ ငါးယောက်ပဲရှိတာ။ လောလောဆယ်တော့ အိအိကိုပဲ မသင်္ကာစရာအဖြစ် မြင်နေမိတယ်။

ဒါပေမယ့် အိအိကလည်း စပ်စပ်စုစုရှိတတ်တာကလွဲရင် ဒီလိုခိုးတတ်ဖွက်တတ်တဲ့အကျင့်တော့ မရှိဘူး။ အိမ်မှာ ဒီ့ထက်အဖိုးတန်တဲ့ ပစ္စည်းတွေတောင် မပျောက်တတ်တာ။

မေမေများယူပြီး သိမ်းထားသလား စဉ်းစားမိပါသေးတယ်။ ဒါလည်း သိပ်တော့ မဖြစ်နိုင်ပါဘူး။ မေမေက အဲဒီလိုယူပြီး သိမ်းလေ့သိမ်းထမရှိဘူး။ အရေးထဲ မေမေက အပြင်သွားတာ ဖုန်းယူမသွားဘူး။ ပြီးတော့ ဘယ်သွားမယ်လည်း ပြောမသွားဘူး။

ကျွန်တော်လည်း စိတ်အတော်လှုပ်ရှားနေမိတယ်။ ဖိနပ်လေးပျောက်ချက်က ဆန်းနေလို့ ဖေဖေများယူသွားသလား စဉ်းစားမိပြန်တယ်။

ဖြစ်နိုင်မဖြစ်နိုင် ကျွန်တော်ဆက်မတွေးတော့ဘဲ ဖေဖေ့အလုပ်တိုက်ရှိရာကို ကျွန်တော် ဖုန်းလှမ်းဆက်လိုက်မိတယ်။





"ဖေဖေလား . . ."

"အင်း . . သားပြော . . အခု ဘယ်ကဆက်နေတာလဲ"

"အိမ်က ဖေဖေ . . ."

"ဟုတ်လား . . . ဒါဆို အတော်ပဲ . . ဖေဖေ သားမေမေနဲ့ စကားပြောချင်တယ် . . ခဏခေါ်ပေးစမ်း . . ."

"ဟာ . . မေမေက အရေးမကြီးပါဘူး . . ကျွန်တော့်စကားကသာ အရင်နားထောင်စမ်းပါ . . ."

"ဘယ့်နှယ် အရေးမကြီးရမှာလဲကွ . . မင်းမေမေဟာ ဖေဖေ့အတွက်တော့ အရေးအကြီးဆုံးပဲ . . ."

ဒုက္ခပါပဲ။ ဖေဖေ မေမေ့ကိုချစ်တဲ့အကြောင်းတွေ ဆက်ပြောတော့မယ်။ ဒါကြောင့်မို့ ကျွန်တော်လည်း စကားကိုဖြတ်ပြီး ပြောချင်တဲ့အကြောင်းကို အတင်းပြောရပါတော့တယ်။

"ဖေဖေ . . ဖေဖေ ဖိနပ်ယူသွားသလား . . ."

ဖေဖေ့အသံက လုံးဝတိတ်သွားပါတယ်။ ပြီးတော့မှ ခပ်တိုးတိုးအသံ ကြားရပါတယ်။

"မင်း အသုံးအနှုန်းမှားနေတယ် သားရဲ့ . . အမှန်က ဖေဖေ ဖိနပ်စီးသွားသလားလို့ မေးရမှာ . . အင်း . . စီးသွားတာပေါ့ကွာ . . ဖေဖေ ဘယ်တုန်းက ဖိနပ်မစီးဘဲ သွားဖူးလို့လဲ . . ."

"မဟုတ်ဘူး ဖေဖေ . . ကျွန်တော့်ရဲ့ စင်ဒရဲလားဖိနပ်လေးကို ပြောတာ . . ."

"ဟေ . . ဘာတွေပါလိမ့် . . ဘာတဲ့ စင်ဒရဲလားဖိနပ်ဟုတ်လား . . မင်းစီးတဲ့ဖိနပ်က မိန်းမစီးဖိနပ်လား . . ဟာ . . ဒုက္ခပါပဲ . . မင်းတော့ အခြောက်ဖြစ်နေပြီလား မသိဘူး . . ."

ဖေဖေ့ထံကို ဖုန်းဆက်မိတာ ငါးပါးတော့မှောက်လေပြီ။ ဖေဖေကလည်း သူ့မိန်းမနဲ့ ဖုန်းပြောချင်ဇောနဲ့ ဘာတွေလျှောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



နေမှန်းမသိသလို ကျွန်တော်ကလည်း ပြည့်ပြည့်စုံစုံရှင်းပြဖို့ ခက်နေပါတယ်။

ဒါပေမယ့်ဖေဖေ့စကားအရ ကျွန်တော့်ဖိနပ်လေးအကြောင်း ဖေဖေ မသိတာကိုထောက်ပြီး စင်ဒရဲလားဖိနပ်လေးကို ဖေဖေ မယူဘူးလို့ ကောက်ချက်ချနိုင်ပါတယ်။

"ဖေဖေ . . မေမေ အိမ်မှာမရှိဘူး . . အပြင်သွားတယ် . . ဒါပဲနော် . . ကျွန်တော် ဖုန်းချလိုက်တော့မယ် . ."

"ဟ . . နေဦးလေ . . မင်း အမေဘယ်သွားတာလဲ . ."

"မသိဘူး ဖေဖေ . . ."

ကျွန်တော် ဖုန်းပိတ်ပစ်လိုက်မိပါတယ်။ ပြီးတော့ ကျွန်တော်လည်း အိအိကို မှာစရာရှိတာမှာပြီး ဆိုင်ကိုပဲပြန်လာလိုက်တယ်။ တော်တော့တော်ပါသေးတယ်။

ဆိုင်ရောက်လို့ မေးကြည့်တဲ့အခါ စင်ဒရဲလားလေးနဲ့ သူ့သူငယ်ချင်းတွေ မရောက်လာသေးဘူးလို့သိရတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း ထပ်ခိုးပေါ်တက်ပြီး လုပ်စရာရှိတဲ့အလုပ်တွေ ဆက်လုပ်ပါတယ်။

ဒါပေမယ့် အလုပ်သာလုပ်နေရတယ်။ စိတ်ကတော့ ဖိနပ်လေးကိုပဲ ရောက်နေမိတယ်။ ဖိနပ်လေးကို မေမေသာယူမသိမ်းမိဘူးဆိုရင် အိမ်ဖော်မလေး အိအိသာယူထားတာ ဖြစ်ရလိမ့်မယ်။ ကျွန်တော် အိအိအကြောင်း ဆက်စဉ်းစားမိတယ်။

အိအိ ကျွန်တော်တို့အိမ်ကိုရောက်တာ သုံးနှစ်လောက်ရှိပြီ။ အိမ်ဖော်ပွဲစားမိန်းမကြီးတစ်ယောက် ရှာပေးတာ။ သူရောက်ခါစက အသက်ဆယ့်လေးနှစ်လောက်ပဲရှိလိမ့်ဦးမယ်။ အခုဆို အိအိ အသက်က ဆယ့်ခွန်လောက်ရှိနေပြီ။

သူ့ အပျိုဖြစ်ပြီလား မဖြစ်ပြီလား ကျွန်တော်မသိသလို





ကောင်မလေးအလှပြင်တာတွေ ဘာတွေလည်း သိပ်မတွေ့မိပါဘူး။ ကောင်မလေးရဲ့နောက်ကြောင်း ရာဇဝင်ကတော့ ပွဲစားမိန်းမကြီးရဲ့ပြောစကားအရ ကောင်းတယ်လို့တော့ သိရတာပဲ။

ဒါပေမယ့် ဒါကိုတော့ သိပ်ယုံကြည်နေလို့ မရဘူး။ ဒီအကြောင်းတွေ စဉ်းစားနေရင်းနဲ့ ကမ္ဘာကျော်ပုံပြင် စင်ဒရဲလားကို ကျွန်တော် ဆက်စဉ်းစားမိပြန်တယ်။

အမှန်တော့ ကျွန်တော် စင်ဒရဲလားပုံပြင်ကို ကျကျနန မကြားဖူး မဖတ်ဖူးပါဘူး။ စင်ဒရဲလားဆိုတာ ကောင်မလေးနဲ့ဖိနပ်လေးလောက်သာ ခပ်ဝါးဝါးသိတာပါ။

ထားပါတော့လေ။ ပုံပြင်ထဲက စင်ဒရဲလားက ပုံပြင်ထဲမှာပဲကျန်ခဲ့ပါပြီ။ အပြင်က ကျွန်တော့်စင်ဒရဲလားလေးကတော့ ကျွန်တော့်နှလုံးသားထဲမှာရှိနေခဲ့တာ ကြာပါပြီ။

နောက်ထပ် တစ်နာရီလောက်အလုပ်လုပ်လိုက်၊ စဉ်းစားလိုက်လုပ်နေမိပြီး မေမေ အိမ်ပြန်ရောက်နေလောက်ပြီထင်လို့ အိမ်ကို ဖုန်းဆက်လိုက်ပါတယ်။ ကျွန်တော် ထင်တဲ့အတိုင်းပါပဲ။ မေမေ အိမ်ပြန်ရောက်နေပါပြီ။ ဖုန်းကို လာကိုင်တာ မေမေကိုယ်တိုင်ပါပဲ။

"မေမေ . . စောစောက ဘယ်သွားနေတာလဲ . . ."

"ကိစ္စတစ်ခုရှိလို့ သားရဲ့ . . သား အိမ်ကိုပြန်လာသေးတယ်လို့ အိအိပြောတယ် . . ."

"ဟုတ်တယ် မေမေ . . ကျွန်တော့်အခန်းထဲက စားပွဲပေါ်မှာ ဗူးနဲ့ထည့်ထားတဲ့ ဖိနပ်လေးတစ်ရံ . . မေမေတွေ့မိလား . ."

"သြော် . . အဲဒီဖိနပ်အတွက် သားပြန်လာတာလား . . မသိပါဘူး . . မေမေက တခြားကိစ္စနဲ့ပြန်လာတယ် ထင်လို့ . . ဘာလဲ . . သားက အဲဒီဖိနပ်လေးကို စိတ်ပူနေလို့လား . . မပူပါနဲ့ သားရဲ့ . . ဟင်း ဟင်း . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်နည်းနည်းအေးသွားပါတယ် . . ကျွန်တော် စိတ်ထင်သလိုပဲ မေမေ သိမ်းထားပေးတာ ဖြစ်မှာပါ။

ဒါပေမယ့် မေမေဆက်ပြောလိုက်တဲ့စကားကြောင့် ကျွန်တော် ခေါင်းနပန်းကြီးသွားပါတယ်။

"မေမေ . . အဲဒီဖိနပ်လေးကို တွေ့တယ် . . သားက အရှက်အရမ်းကြီးတာကိုးကွယ့် . . ကိုယ်တိုင် မပေးရဲလို့ ချီတုံချတုံဖြစ်ပြီး စားပွဲပေါ်မှာပဲ တင်ထားခဲ့တာ မဟုတ်လား . . အဲဒီတော့ မေမေကပဲ သားကိုယ်စား ဖိနပ်လေးကို သွားပေးလိုက်ပါတယ် . . ."

"ဗျာ . . ."

ဘာတွေဖြစ်ကုန်ပါလိမ့်။ မေမေက ကျွန်တော့်ကိုယ်စား ဖိနပ်လေးကို သွားပေးလိုက်သည်တဲ့။ ဘယ်သူ့ကို သွားပေးတာလဲ။ ကျွန်တော့် စင်ဒရဲလားလေးကိုများ သိနေလို့လား။

"ဟုတ်တယ်လေ . . မေမေ အခုပဲ ခင်သက်မွန်တို့အိမ်က ပြန်လာတာ . . ဖိနပ်လေးကို သားကိုယ်စားပဲ မေမေ သူ့ကိုပေးလိုက်တယ် . . ."

"ဟိုက် . . ."

ကျွန်တော် ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိပါတယ်။ ဒုက္ခတော့ လှလှကြီးရောက်ပါပြီ။ မေမေကတော့ တလွဲတွေလျှောက်လုပ်နေလေပြီ။ သည်ပြဿနာကို ကျွန်တော် ဘယ်လိုဖြေရှင်းရလေမည်နည်း။

ခင်သက်မွန်ထံ ကျွန်တော် လူကိုယ်တိုင်သွားပြီး ဖိနပ်ကို ပြန်တောင်းရလေမလား။ ဘယ်လိုအကြောင်းပြရမလဲ။

ဆိုင်မှာ အလှထားတဲ့ဖိနပ်လေးမို့ပါ။ ဘယ်လိုမှပေးလို့မဖြစ်လို့ပါ။ အဲဒီလိုမဟုတ်ကဟုတ်က လျှောက်ဖြီးလိုက်လျှင်တော့ ခင်သက်မွန်က အားနာပြီးပြန်ပေးလိုက်ချင် ပြန်ပေးလိုက်နိုင်ပါတယ်။

"မေမေကလည်းဗျာ . . ကျွန်တော့်ကို မေးစမ်းပြီးမှ လုပ်





ဘာမဟုတ်ဘူး . . အဲဒီဖိနပ်က ဝယ်ထားပြီးသား . . အဲ . . ရောင်းထားပြီးသား ဖိနပ် . . ပိုက်ဆံတောင် ယူထားပြီးပြီ . . အခုတော့ ဘယ်လိုလုပ်ကြမလဲ . . ."

"ဟုတ်လား . . ဖိနပ်က ရောင်းထားပြီးသားလား . . ဒါပေမယ့် ရောင်းထားပြီးသားဆို ဘာဖြစ်လို့ ဝယ်တဲ့သူလက်ထဲမရောက်သေးဘဲ . . သားဆီမှာပဲ ရှိနေရတာလဲ . . ."

"သူ မအားလို့ လာမယူနိုင်သေးတာ . . ဒုက္ခပါပဲ မေမေရာ . . ဟိုဘက်ကိုတော့ အားနာစရာတွေ ဖြစ်ကုန်တော့မှာပဲ . . . မေမေကလည်း မပြောမဆိုနဲ့ အတော်လုပ်တာကိုး . . ."

"ဟဲ့ . . မေမေလည်း မင်းစားပွဲပေါ်မှာ ဖိနပ်ကိုတွေ့လိုက်တော့ ခင်သက်မွန်ကိုပေးဖို့ပဲ ထင်လိုက်တာပေါ့ . . အမှန်တော့ ခင်းကိုက လိုတာပါ . . ရောင်းပြီးသားဖိနပ်ကို အိမ်ယူလာတာကိုက ခင်းအမှားပဲ . . ဒါပေမယ့် တစ်ခုတော့ရှိတယ် . . အဲဒီဖိနပ်ဝယ်တဲ့သူကို ပိုက်ဆံပြန်အမ်းလိုက်ရင်လည်း ဖြစ်တာပဲ . . . ."

ကျွန်တော် စိတ်နည်းနည်းတိုသွားပါတယ်။

"ကောင်းမလား မေမေရ . . ဖိနပ်ဝယ်တဲ့သူက ဒီဖိနပ်လေးကို ကြိုက်လွန်းလို့ ငွေကိုကြိုတင်တောင်ပေးထားတာ . . သူများဆီမရောက်အောင် ကြိုတားထားလိုက်တာ . . ပိုက်ဆံပြန်အမ်းပြီး လွယ်လွယ်တောင်းပန်လိုက်ရုံနဲ့ သူကျေနပ်မှာတော့ မဟုတ်ဘူး . ."

"အဲဒါဆိုလည်း . . ကိုယ့်ဘက်က ချို့ယွင်းတာဆိုတော့ ပိုက်ဆံနှစ်ဆပြန်အမ်းလိုက်ပေါ့ကွယ် . . ."

"နေရာတကာမှာ ငွေနဲ့ဖြေရှင်းလို့မရတာတွေ ရှိပါတယ် မေမေ . . ."

ကျွန်တော့်ဘက်က ဒေါသသံနည်းနည်းပါသွားလို့လား မသိပါဘူး။ မေမေ့အသံ ခဏတိတ်သွားတယ်။ အမှန်ကတော့ ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်မယ့်သူဟာ စင်ဒရဲလားလေးမဟုတ်ဘဲ တခြားသူတစ်ယောက်ဆို ရင်တော့ ဒီပြဿနာကို ဒီလောက် ကျွန်တော် ခေါင်းစားမှာမဟုတ် ပါဘူး။ ပြဿနာဖြစ်လာမှတော့ စောစောက မမမပြောသလိုပဲ ပိုက်ဆံပြန်အမ်းတာတို့၊ တောင်းပန်တာတို့နဲ့ပဲ ဖြေရှင်းလိုက်မိမှာပါ။

အခုတော့ ဒီဖိနပ်လေးက နှယ်နှယ်ရရဖိနပ်မဟုတ်ဘူး။ ကျွန်တော့်စင်ဒရဲလားလေးနှစ်သက်တဲ့ ဖိနပ်လေးဖြစ်နေတယ်။ ကျွန် တော်ကလည်း စင်ဒရဲလားလေးကို စွဲလမ်းနေတဲ့ကောင်။

ဒီတော့ စင်ဒရဲလားလေးနဲ့ ကျွန်တော် ဇာတ်လမ်းဖြစ်တာ မဖြစ်တာ အပထား။ ဒီဖိနပ်လေးဟာ ကျွန်တော့်အတွက် သေရေး ရှင်ရေးကိစ္စလို ဖြစ်နေပါတယ်။

"အင်း . . သားရဲ့ ဆိုင်ဂုဏ်သိက္ခာကလည်း ရှိသေးတာကိုး၊ ကောင်းပြီလေ . . မမမ . . အခုချက်ချင်းပဲ ခင်သက်မွန်ဆီပြန် သွားပြီး ဖိနပ်လေးကို ပြန်တောင်းလိုက်မယ် . . သူက သဘော ကောင်းပါတယ် . . အကျိုးအကြောင်း သေသေချာချာပြောပြလိုက် ရင် သဘောပေါက်သွားမှာပါ . . ."

"မမမ . . . သူ့ဆီ ဖုန်းနဲ့ပဲ ဆက်ပြောလိုက်ပေါ့ . . ."

"ကောင်းမလားကွ . . ပေးပြီးသား ပစ္စည်းတစ်ခုကို ပြန် တောင်းဖို့ဆိုတာ . . တောင်းပန်တာ . . ချော့တာတွေပါ လုပ်ရမယ် . . လူကိုယ်တိုင်ပဲ သွားတောင်းလိုက်တာ ကောင်းပါတယ် . . ဒါနဲ့ သားဆိုင်မှာ . . အဲဒီလိုဖိနပ်မျိုး . . တစ်ရံရံလောက်မရှိဘူးလား . . ဒီအမျိုးအစား . . ဒီပုံသဏ္ဌာန်မရရင်တောင် တခြားအမျိုးအစား . . . တခြားပုံပေါ့ကွယ် . . . အဲဒီ့အသစ်တစ်ရံကို အစားပေးပြီး တောင်းပန်ရမှာပဲ . ."

ဟောကြည့်။ မိန်းမတွေရဲ့ ဖြတ်ထိုးဉာဏ်။ ကျွန်တော်က ထူပူပြီး စနစ်တကျအကွက်စေ့စေ့ မမြင်တတ်ပေမယ့် မမမကတော့





ဖြတ်ထိုးဉာဏ်နဲ့ ဒီပြဿနာကို အဆင်ပြေအောင် ဖြေရှင်းဖို့ကြိုးစား နေပြီ၊ မမမ ပြောတဲ့အကြံဉာဏ်သိပ်ကောင်းပါတယ်။ ခင်သက်မွန် အတွက်လည်းကောင်းပါတယ်။ မမမ့်အတွက်လည်း ကောင်းပါ တယ်။ အဲ . . ကျွန်တော့်အတွက်ကတော့ ပိုတောင်ကောင်းသေး။

စင်ဒရဲလားဖိနပ်လေးပြန်ရဖို့ ဖိနပ်တစ်ရံစာမကလို့ ဆယ်ရံ နဲ့ပဲ လဲရ လဲရ၊ ကျွန်တော် မမှုပါဘူး။

"ဟာ . . ရှိတယ် မမမ . . အဲဒီဖိနပ်မျိုးတော့ မဟုတ်ဘူး . . ခင်သက်မွန်ခြေထောက်နဲ့ ကိုက်မယ့်ဆိုဒ်ကို မှန်းပြီးသုံးလေးရံ လောက်ရွေးပြီး ကျွန်တော့်ဆိုင်က ချာတိတ်မတစ်ယောက်ကို ပို့ခိုင်း လိုက်မယ် . . ."

"အင်း . . . ဒါဆို မမမ စောင့်နေမယ် . . ."

မမမနဲ့ဖုန်းပြောပြီးတာနဲ့ ကျွန်တော်လည်း ဖိနပ်ပုံတွေ၊ ဖိနပ်ထုပ်တွေကြားမှာ ဖိနပ်ရွေးပွဲကြီးကို တစ်ယောက်တည်းကျင်းပ ရတော့တယ်။

ဆယ့်ငါးမိနစ်လောက်ကြာတော့ ဖိနပ်ခပ်လှလှသုံးရံ လောက်ရလို့ ဗူးတွေနဲ့အရင်ထည့်၊ ပြီးတော့မှ ခင်ဦးကိုလှမ်းခေါ်ပြီး ဖိနပ်တွေကို အိမ်ကိုသွားပို့ပေးဖို့ မှာရတယ်။ ဘတ်စ်ကားနဲ့သွားပို့ ရင် ကြာနေမှာစိုးလို့ တက္ကစီခပါ ထုတ်ပေးလိုက်ရတယ်။

ဘာပဲပြောပြော ခင်ဦးထွက်သွားမှ ကျွန်တော်လည်း စိတ် နည်းနည်းပေါ့သွားတယ်။ အခုနေ စင်ဒရဲလားလေး ရောက်လာပြီး ဖိနပ်လာဝယ်ရင်လည်း ပြဿနာသိပ်မရှိတော့ပါဘူး။ ဖိနပ်က အိမ်မှာ ကျန်ခဲ့လို့ မနက်ဖြန်မနက်ကျ အိမ်ကိုလာပို့ပေးပါ့မယ် ဘာ ညာ၊ အဲဒီလို လှည့်ပတ်ပြီးပြောလို့လည်း ဖြစ်တာပဲ။

အဆင်သင့်ရင် ကောင်မလေးက အိမ်ကိုလာပို့ပေးပါဆိုရင် ပိုတောင်ကောင်းသေး။ အဲဒါဆိုရင် ရှေ့ဆက်ဖို့လမ်းစရပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



(၄)

ကျွန်တော့်အတွက်ကတော့ ဖွတ်မရ ဓားမဆုံးဖြစ်ရပါပြီ။ ဖြစ်ပုံက ဒီလို။ မနေ့က ညနေမှာ မေမေက ကျွန်တော့်ဆီက ဖိနပ်သုံးရံနဲ့ခင်သက်မွန်ဆီကို ပြန်သွားပါတယ်။ ပြီးတော့ ကျွန်တော်နဲ့ တိုင်ပင်ထားသလိုပဲ။ ဖိနပ်လက်ဆောင်တွေထုတ်ပေးပြီး မနက်က သူမကို ပေးထားခဲ့တဲ့ စင်ဒရဲလားဖိနပ်လေးကို ရောင်းပြီးသားဖြစ်နေလို့ဆိုပြီး ပြန်တောင်းပါတယ်တဲ့။

အဲဒီအခါမှာ ခင်သက်မွန်ကလည်း ထိတ်ထိတ်ပျာပျာနဲ့ မေမေ့ကို အောက်ပါအတိုင်း ပြန်ပြောပါတယ်တဲ့။

"ဟင် . . . ဟုတ်လား . . အဲဒါမှ ပြဿနာပဲ . . အန်တီရယ် . . အဲဒီဖိနပ်လေးကို သမီး အရမ်းကြိုက်တာ . . ."

"ကြိုက်ရင်လည်း နောက်ဒါမျိုးပါလာရင် ချန်ထားပေးမယ် . . လောလောဆယ်တော့ ဟောဒီဖိနပ်သုံးရံကိုပဲ ရသေ့စိတ်ဖြေစီးပေတော့ . . သမီး . . အန်တီ့ကို မနက်က ဖိနပ်လေးသာ . . ."





"ဟုတ်ကဲ့ အန်တီ . . သမီးလည်း အရမ်းအားနာတာပဲ . . သိလား . ."

"အို . . မဟုတ်တာ . . ဒီကိစ္စမှာ အန်တီတို့ကသာ ပိုအားနာရမှာပါ . . ကဲ . . ဘယ်မလဲ ဖိနပ်လေး . . ."

"ဟင်း ဟင်း . . သမီးက ပိုလို့တောင် အားနာပါတယ် . . အန်တီရယ် . . ."

"အင်း . . တို့တွေ အားနာတာချင်း ပြိုင်သလိုဖြစ်နေပြီ . . ကဲ . . . ရှိစေတော့ ရှိစေတော့ . . သမီးက ပိုအားနာတယ် ဆိုရင်လည်း ဖိနပ်လေးသာ ထုတ်ပေးပါတော့ . . တို့နှစ်ယောက် အပြန်အလှန်အားနာတာထက် ဖိနပ်ဝယ်ထားသူကို အားမနာရအောင်"

"ဟိုဒင်း . . ဘယ်လိုပြောရမှန်းတောင် မသိပါဘူး အန်တီရယ် . . သမီး အားနာလိုက်တာ . . မနက်က အန်တီပေးတဲ့ လက်ဆောင်ဖိနပ်လေးကို သမီးစီးကြည့်တယ်သိလား . . ဒါပေမယ့် ဘယ်လိုမှ မတော်ဘူး . . သမီးခြေထောက်က ကြီးနေတယ် . . ဟင်းဟင်း . . သမီးခြေထောက်က ရှာရာဗိုတာရဲ့ခြေထောက်နဲ့တူတယ်လေ . . ဖိနပ်လေးက နန်းဆုရတီစိုးခြေထောက်လောက်မှ စီးလို့ရမှာ"

"ဟုတ်လား သမီး . . လိုရင်း ပြောရရင်တော့ သမီးနဲ့ မတော်ဘူးဆိုပါတော့ . . သိပ်တော့ အားနာစရာမလိုတော့ဘူးပေါ့ ကွယ် . . ."

"အဲဒါကြောင့် ပိုအားနာတာပေါ့ အန်တီရဲ့ . . ."

မေမေပြောပြတာကို ကျွန်တော် နားထောင်ပြီး မျက်စိတွေ
သည်ကုန်ပြီ။ မေမေက စီကာပတ်ကုံး ဆက်ပြောပြန်ပါတယ်။

ခင်သက်မွန်က အားနာစွာနဲ့ ဆက်ပြောပါတယ်တဲ့။

"ဟုတ်ကဲ့ အန်တီ . . သမီးလည်း သမီးနဲ့ ဘယ်လိုမှမတော်
လို့ အဲဒီဖိနပ်လေးကို သမီးရဲ့ညီမဝမ်းကွဲကလျာစိမ့်ကို ပေးလိုက်မိပြီ



www.burmeseclassic.com

www.burmeseclassic.com



မေမေပြောတာတွေ နားထောင်ရင်းနဲ့ ကျွန်တော်လည်း အစာနင်နေတဲ့လူလို ခံစားလိုက်ရပါတယ်။

သည်ကိစ္စတွေကို ဘယ်လိုရှင်းကြမလဲ . . ။ ခေါင်းကိုက်စရာ ဖြစ်သွားပေမယ့် ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်၊ ရေဆုံးရေဖျား လိုက်ရမှာပဲ။

"ဟာ . . အဲဒါဆို မေမေက ခင်သက်မွန်ကို ထပ်ပြီး အကူအညီမတောင်းခဲ့ဘူးလား . . သူ့ညီမဝမ်းကွဲ ကလျာစိမ့်ဆီက ဖိနပ် ပြန်တောင်းပေးဖို့လေ . . ."

"ပြောပါသကော သားရယ် . . ဒါပေမယ့် ပြဿနာက သား ထင်သလောက် မလွယ်တော့ဘူး . . ."

"ဘာဖြစ်လို့လဲ မေမေ . . ."

"ကလျာစိမ့်က အဲဒီဖိနပ်လေးကိုယူပြီး မန္တလေးကို ထွက်သွားပြီတဲ့ . . ."

"ဗျာ . . ."

ကျွန်တော့်ကို ဆင်ကတက်နင်းလိုက်ပြီးမှ ဂေါ်ဇီလာကပါ ဝင်ပြီး ဖနောင့်နဲ့ပေါက်လိုက်သလိုပါပဲ။ ကျွန်တော်လည်း မေမေ့ရဲ့ စကားလည်းဆုံးရော . . ကြက်ကြီးလည်လိမ်ထားသလို ခေါင်းကြီး ငိုက်စိုက်ကျသွားပါတော့တယ်။

ဒီနေ့တစ်နေ့လုံးဖိနပ်ဆိုင်က ကျွန်တော်ဘယ်မှမသွားဘဲ စင်ဒရဲလားလေးကို စောင့်နေမိတယ်။ သူ ရောက်လာပြီး ဖိနပ်ကိုဝယ်ရင် ပြောရမယ့်စကားတွေကိုလည်း အဆင်ပြေအောင် ကြိုပြီးစဉ်းစားထားတယ်။

ဒါပေမယ့် ဆိုင်ပိတ်ချိန်သာ ရောက်လာတယ်။ ကျွန်တော့် စင်ဒရဲလားလေး ရောက်မလာဘူး။ မီမီကတော့ မအားလို့မလာတာ ဖြစ်မယ် ဆရာလို့ပြောပါတယ်။





အခုတော့ ဘယ်လိုလုပ်ရမလဲ။ စင်ဒရဲလားလေးအရမ်းကြိုက်တဲ့ စင်ဒရဲလားလေးနဲ့အရမ်းလိုက်တဲ့ ဖိနပ်လေးက ပြန်ရဖို့ မလွယ်တော့ဘူး။

ကလျာစိမ့်ဆိုတဲ့ ကောင်မလေးကို ခင်သက်မွန် မိတ်ဆက်ပေးထားလို့ ကျွန်တော်သိပါတယ်။ တကယ့် ဆတ်စလူးမလေးပါ။ စကားပြောရင်လည်း တစ်စက်မှအငြိမ်မနေဘူး။ လမ်းလျှောက်ရင်လည်း ရှိသမျှပစ္စည်းအကုန်လုံး လှုပ်ခါအောင် လျှောက်တယ်။

ပြီးတော့ ကျွန်တော့်စိတ်ထင်ပြောရရင် အဲဒီကောင်မလေးက ဘာကိုမှအလေးအနက်ထားတာ မဟုတ်ဘူး။

အခု စာရင်းကိုင် ပညာတက်နေရင်းက ပညာကမပြီးသေးဘူး။ ကွန်ပျူတာသင်တန်း တက်ပြန်ရော။ ပြီးတော့ ကွန်ပျူတာသင်တန်းမဆုံးသေးဘူး။ အင်္ဂလိပ်စာသင်တန်း၊ အင်္ဂလိပ်စာ သင်တန်း မဆုံးသေးဘူး မော်ဒယ်သင်တန်း။ ပြီးတော့ ဘာမှလည်းဖြစ်ဖြစ်မြောက်မြောက်ရှိတာ မဟုတ်ဘူး။

ဒီအတိုင်းဆို ကောင်မလေးပညာမစုံဘဲ ယောကျာ်းသာ မြန်မြန်ရသွားလိမ့်မယ်ထင်တယ်။ အခုတော့ ကျွန်တော့်ရဲ့ စင်ဒရဲလား ဖိနပ်လေးက အဲဒီကလျာစိမ့်ဆိုတဲ့ ကောင်မလေးဆီရောက်သွားပြီ။

သူ့ဆီရောက်သွားရင် အဲဒီဖိနပ်လေး ဘာတွေဖြစ်သွားနိုင်မလဲလို့ ကျွန်တော် မချိတင်ကဲ စဉ်းစားကြည့်မိပါတယ်။ ပထမဆုံး စင်ဒရဲလားဖိနပ်လေးကို သူ့ခြေထောက်ပြပြကြီးနဲ့ အတင်းထိုးစီးကြည့်မယ်။

အဲဒီအခါမှာ ဖိနပ်လေးဟာ မချိမဆန့် ပြကွဲထွက်သွားနိုင်ပါတယ်။ သူမကတော့ ဘာကိုမှဂရုမစိုက်ဘဲ မတော်ပေမယ့် အလကားရတဲ့ဖိနပ်မို့ မရမကဆက်စီးနိုင်ပါတယ်။

ဒါမှမဟုတ်ရင်လည်း ဘယ်လိုမှ စီးမရရင် သူမရဲ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း တစ်ယောက်ယောက်ကို လျှော့ဈေးနဲ့ရောင်းပစ်လိုက်နိုင်ပါတယ်။ ဒီကောင်မလေးက အလကားတော့ ပေးပစ်မှာမဟုတ်ပါဘူး။

"ဒါပေမယ့် သား သိပ်တော့စိတ်မပူပါနဲ့ . . ခင်သက်မွန်က ကလျာစိမ့် မန္တလေးကိုရောက်မယ့်အချိန်နဲ့မှန်းပြီး ဖုန်းဆက်ပေးလိမ့်မယ် . ."

မေမေက ကျွန်တော် စိတ်ဓာတ်ကျသွားမှန်းသိလို့ အားပေးရှာပါတယ်။ ဒါပေမယ့် ကျွန်တော်က မမျှော်လင့်ရဲတော့ပါဘူး။ ဖိနပ်ကလေး ကျွန်တော့်ဆီ ပြန်ရောက်လာဖို့အရေးဟာ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာပါ။ ကျွန်တော်လည်း စိတ်ဓာတ်ကျကျနဲ့ထမင်းတောင် သိပ်မစားနိုင်ဘူး။

ဒါနဲ့ပဲ နောက်တစ်နေ့ရောက်တော့ ကျွန်တော်လည်း ဆိုင်ရောက်ရောက်ခြင်း မီမီနဲ့ခင်ဦးတို့နှစ်ယောက်ကိုခေါ်ပြီး ထပ်ခိုးပေါ်မှာရှိတဲ့ ဖိနပ်ထုပ်တွေထဲက စင်ဒရဲလားဖိနပ်လေးနဲ့ခပ်ဆင်ဆင်တူနိုင်တဲ့ ဖိနပ်တွေကိုရှာခိုင်းရပါတယ်။

ဒါပေမယ့် ဘယ်လိုပဲရှာရှာ စင်ဒရဲလား ဖိနပ်လေးလောက်လှတဲ့ဖိနပ်မျိုး မတွေ့ရတော့ပါဘူး။

ကျွန်တော့်စိတ်ထဲမှာ အဲဒီ့လောက်တောင် မလှပေမယ့် နည်းနည်းအကြည့်ခံတဲ့ ဖိနပ်သုံးလေးရံလောက်သာရ၍ အဲဒီ့ ဖိနပ်တွေကိုပဲ စင်ဒရဲလားလေးရောက်လာရင် အစားထိုးပြဖို့ စိတ်ကူးမိပါတော့တယ်။

ကျွန်တော်လည်း တစ်မနက်လုံး ဆိုင်မှာပဲကုတ်နေမိပြီး စင်ဒရဲလားလေးရောက်လာလို ရောက်လာငြားနဲ့စောင့်နေပေမယ့် နေ့လယ်ပိုင်းအထိ ရောက်မလာလို့ သူငယ်ချင်းတွေနဲ့ စကားပြောဖို့တယ်လီဖုန်းနဲ့ချိန်းပြီး သူတို့ဆီ ထွက်ခဲ့ပါတယ်။ ပြီးတော့ ဒီကောင်တွေနဲ့ နေ့လယ်စာစားရင်း ဖိနပ်လေးအကြောင်း အကျယ်တဝင့်ပဲ





ပြောပြလိုက်မိပါတယ်။ ကျွန်တော့်စကားလည်း ဆုံးရော . . .

"ပစ္စည်းဆိုတာမျိုးဟာ ကိုယ်နဲ့ထိုက်မှကိုယ်ရတာကွ . . အဲဒီတော့ မင်းအနေနဲ့ မင်းကောင်မလေးကိုရော . . ဖိနပ်လေးကိုရော . . စွဲလမ်းမနေနဲ့တော့ . . မင်းနဲ့မထိုက်ဘူးလို့ပဲ သဘောထားလိုက်"

နီနီက ကျွန်တော့်ကို ဖျောင်းဖျတယ်။ သူရကတော့ . . .

"ငါကတော့ ဒီကောင့်ကို အံ့သြတယ် နီနီ . . မိဘကလည်း ချမ်းသာတယ်။ ကျောင်းပြီးလို့ စီးပွားရေးလုပ်ချင်တယ်ပြောပြီး ဖိနပ်ဆိုင်ဖွင့်တော့လည်း မိဘကလုပ်ပေးလိုက်တာပဲ . . ဘာမဆို ရေကန်အသင့် ကြာအသင့်ကွာ . .

ပြီးတော့ မိန်းမကိုလည်းကြည့် . . ခင်သက်မွန်လိုမိန်းမမျိုး ဒီကောင့်အစွမ်းနဲ့ဆို ရဖို့လွယ်မလား . . ကောင်မလေးက ရုပ်ကလေးကလည်းချော၊ ပိုက်ဆံကလည်းချမ်းသာ၊ ဘာမှပြောစရာမရှိဘူး . ."

"ဒါနဲ့တောင်မှ တက္ကသိုလ်မှာ သူကြိုက်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ဘာတွေလျှောက်ကြောင်နေတာလဲ မသိဘူး . . . အခုဆို ဒီဖိနပ်တစ်ရံအတွက် ဒီကောင် ဒုက္ခရောက်နေပြန်ပြီ . . . အမှန်က ဒီကောင့်အတွက် အဖြေက လွယ်လွယ်လေး . . . အဲဒီ့ဖိနပ်လေးကိုလည်း ခေါက်ထားလိုက် . . ကောင်မလေးကိုလည်း ခေါက်ထားလိုက်ရမှာ . . ."

"ဟေ့ကောင် . . ဒီနေ့ ငါကျွေးမှာနော် . . မင်းစကားတွေ ပြန်ပြင်စမ်း . . ."

"သြော် . . . မင်း ကျွေးမှာလား . . ဟဲ ဟဲ . . ဒီလိုကွ ပစ္စည်းဆိုတာမျိုးဟာ မင်းနဲ့ထိုက်ရင် ပြန်ကိုရမှာ . . ဘာမှစိတ်ပူမနေနဲ့ . . သူငယ်ချင်း . . အင်း . . ငါစဉ်းစားကြည့်မိတယ် စည်သူ . . ပြဿနာက ဘာမှကြီးတဲ့ ပြဿနာမှမဟုတ်ဘဲ . . ."

"အပြောင်းအလဲ မြန်လှချည်လား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ . . . ပြဿနာက ဘာမှကြီးတဲ့ ပြဿနာ မဟုတ်ဘူး . . ခင်သက်မွန်က သူ့ညီမဝမ်းကွဲ . . ဘယ်သူ . . . ကလျာစိမ့် . . အေး . . အဲဒီကောင်မလေးဆီကို ဖုန်းလှမ်းဆက်လိုက်တာနဲ့တင် ပြဿနာက အလိုလိုပြီးသွားလိမ့်မယ် . . မင်း အနေနဲ့က ဘာမှလုပ်စရာမလိုဘူး . . အချိန်ကို စောင့်ရုံပဲ . . ဟဲ ဟဲ . . ငါ ပြောတာ ဟုတ်တယ်မဟုတ်လား နီနို . . ."

"မဟုတ်ဘူး . . ပြဿနာက မင်းပြောသလောက် မလွယ်ဘူး သူရ . . ဖိနပ်ဆိုတာမျိုးဟာ စီးတဲ့သူနဲ့တော်မှ ကြည့်လို့ကောင်းတာ . . ငါ့စိတ်ထင်တော့ ခင်သက်မွန်ရဲ့ညီမလေး အတင်းမရမက စီးလို့ ခုချိန်လောက်ဆို ဖိနပ်လေးလည်း စုတ်ပြတ်သတ်နေလောက်ပြီ . . ကြိုးတွေ ခေါင်တွေလည်း ပြတ် . . ဒေါက်တွေလည်း ကျိုး . . ဆေးတွေလည်း ကွာ . . ."

"ညနေကျရင် မင်းတို့ကို ငါဘီယာတိုက်မယ့်အစီအစဉ်လေးတော့ ဖျက်လိုက်ရမလို ဖြစ်နေပြီ . . ."

ကျွန်တော်ကလည်း နီနိုရဲ့အပြောကြောင့် အောင့်သက်သက် ခံစားလိုက်ရလို့ ကြားဖြတ်ပြောလိုက်တဲ့အခါ သည်ကောင်နှစ်ကောင်ရဲ့မျက်နှာတွေဟာ စပ်ဖြီးဖြီးပြန်ဖြစ်လာတယ်။

"တစ်ခုတော့ရှိတယ်ကွ . . ငါတို့ ဂမ္ဘီရပညာတွေ မင်းတို့ယုံမလားတော့မသိဘူး . . ကိုယ့်ဆီကထွက်သွားတဲ့ လူတို့၊ ပစ္စည်းတို့ကို ပြန်လာအောင် လုပ်လို့ရတယ် . . ခပ်လွယ်လွယ်ပြောရရင်တော့ ဓာတ်ဆင်၊ ဓာတ်ရိုက်နည်းပေါ့ကွာ . . ငါ မင်းကိုနည်းလေးတစ်ခု ပေးမယ် စည်သူ . . ဒီနည်းဟာ ဓာတ်ဆင်၊ ဓာတ်ရိုက်ရာမှာလည်း အသုံးပြုတဲ့ ကက်ကင်းနည်းပဲ . . ."

ကျွန်တော်လည်း ဒီကောင် ဘာတွေဆက်ပြောမလဲဆိုတာ သိရအောင် ငြိမ်ပြီးတော့လည်း နားထောင်နေလိုက်တယ်။





"ဟဲ . . ဟဲ အချင်းချင်းမို့ ပေးတာနော် . . တခြားသူသာဆိုရင် လုံးဝပဲ . . ."

"အင်း . . ဘီယာတန်ခိုးများ အတော်ကြီးတာပဲ . . ."

ကျွန်တော်က မှတ်ချက်ပေးလိုက်တော့ သည်ကောင်နှစ်ကောင် ပြုံးစိစိဖြစ်သွားကြပါတယ်။

"ဒီလိုကွ . . ကက်ကင်းပညာနဲ့ လူသို့မဟုတ်ပစ္စည်းကို ပြန်လာအောင် လုပ်လို့ရတဲ့အခြေခံနည်းလေး မင်းကိုပြောပြမယ် . . ဥပမာဆိုပါတော့ကွာ . . ရွှေကျော်ဆိုတဲ့ ကောင်လေးတစ်ယောက်အိမ်ကို ပြန်လာအောင် သူ့အမေကခေါ်ချင်တယ်ဆိုပါစို့ . . ရွှေကျော်ဆိုတော့ ဗုဒ္ဓဟူးနံနဲ့တနင်္လာနံနှစ်ခု မှည့်ထားတာမဟုတ်လား . . ဒါကြောင့် ရေခွက်ကိုသုံးရမယ် . . ရေခွက်ဆိုတာလည်း ဗုဒ္ဓဟူးနဲ့တနင်္လာပဲ . . ကက်ကင်းပညာဟာ များရာကိုနည်းရာက လာစေဖို့ခေါ်လိုက်တဲ့ပညာပဲ . .

အဲဒီတော့ ရေခွက်လို ပစ္စည်းနောက်တစ်ခု သုံးရဦးမယ် . . . ဒီတော့ ခက်ရင်းကိုသုံးမယ် . . ခက်ရင်းဆိုတာက တနင်္လာနဲ့ဗုဒ္ဓဟူး . . ပြောင်းပြန်ဖြစ်နေတယ် . . ဒါကြောင့်မို့ ခက်ရင်းကို ပြောင်းပြန်လုပ်ပြီး ရေခွက်ကို ရိုက်ရမယ် . . အဲဒီတော့မှ ရေခွက်ရယ် ခက်ရင်းကို ပြောင်းပြန်လုပ်လိုက်တော့ ရင်းခက်ဆိုပြီး ဖြစ်သွားတယ်မဟုတ်လား . . ဗုဒ္ဓဟူးနဲ့တနင်္လာပစ္စည်းက နှစ်ခုဖြစ်သွားရော . . အဲဒီတော့ ရွှေကျော်က များရာကို လာကိုလာရလိမ့်မယ် . . ."

ကျွန်တော် အံ့သြသွားပါတယ်။ နီနိုကတော့ တကယ့်ကို လေးလေးနက်နက်ဖြစ်သွားပြီး ပြောနေလို့ပါ။ ဒါပေမယ့် သူရကတော့ စောဒကတက်ပါတယ်။

"ခက်ရင်းကို ပြောင်းပြန်လုပ်လိုက်ရင် ရင်းခက်ဖြစ်သွားဘယ်ဟုတ်လား . . မဖြစ်နိုင်ဘူးကွ . . ခက်ရင်းကို ပြောင်းပြန်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ခက်ရင်းပြောင်းပြန်ပဲ ဖြစ်မှာပဲ . . . "

"အင်း . . ကက်ကင်းပညာကို မင်းတို့နားမလည်သေးပါဘူးကွာ . . . "

"ထားပါတော့ကွာ . . ခက်ရင်းကို ပြောင်းပြန်လုပ်လိုက်လို့ ရင်းခက်ဆိုတာ ဖြစ်သွားရင် . . စည်သူကို ဇောက်ထိုးလုပ်လိုက်ရင် သူစည်ဖြစ်သွားရောလား . . . "

"ဟာ . . လူကိုတော့ ဇောက်ထိုးလုပ်လို့ရမလားကွ . . "

"အမှန်ကတော့ ပစ္စည်းတွေကို အဲဒီလိုဇောက်ထိုးလုပ်လို့ရရင် လူကိုလည်း ပြောင်းပြန်လုပ်လို့ရရမှာပေါ့ . . ဒီတော့ စည်သူ . . မင်းရဲ့ စင်ဒရဲလားဖိနပ်လေး ပြန်ရဖို့ မင်းရဲ့ဖိနပ်ကို ဇောက်ထိုးလုပ်ပြီး ကိုက်စမ်းကွာ . . . "

"ခွေးကောင် . . . "

ကျွန်တော် ဆဲလိုက်တော့ နီနီက ဟက်ဟက်ပက်ပက်ရယ်ပါတယ်။ ပြီးတော့မှ . . . .

"ကဲ . . ဟေ့ကောင်တွေ . . ပေါက်ကရတွေ လျှောက်ပြောမနေကြနဲ့ . . ဒီကောင့် ဖိနပ်လေး ပြန်ရောက်လာဖို့က ကက်ကင်းအစီအမံလုပ်ရအောင် . . ဖိနပ်ဆိုတော့ ကြာသပတေးနဲ့စနေနံအတွဲမဟုတ်လား . . ဒီတော့ စနေ၊ ကြာသပတေးအတွဲတွေကို မင်းတို့အရင်စဉ်းစားစမ်း . . . "

"စနေ၊ ကြာသပတေးအတွဲ ဟုတ်လား . . စနေဆိုတော့ တ၊ ထ၊ ဒ၊ ဓ၊ န၊ ကြာသပတေးက ပ၊ ဖ၊ ဗ၊ ဘ၊ မ . . အင်း စနေဆိုတာနဲ့ ကြာသပတေး ဘာအတွဲရှိမလဲ . . ဓားမ . . ဟာ . . ဟုတ်တယ် . . ဓားမဆိုရင် ရပြီ . . . "

"ဟာ . . ဓားမနဲ့ဖိနပ်ကို သွားခုတ်လို့ကတော့ မင်းဖိနပ်စုတ်ပြတ်သွားမှာပေါ့ . . . "





နီနီက အထိတ်တလန့် လှမ်းပြောလို့ ကျွန်တော်တို့ ဝိုင်းရယ်လိုက်ကြပါတယ်။ သူရကတော့ စဉ်းစားခန်း ရပ်မသွားသေးပါဘူး။

"ဓားမဆိုတာ မရရင် . . နေဦးကွ . . စနေဆိုတော့ တ၊ ထ၊ ဒ၊ ဓ၊ န . . နငယ်၊ ကြာသပတေးက ပ၊ ဖ၊ . . . အင်း . . ဟာ . . ရပြီကွ . . . "

"လုပ်ပါဦးကွာ . . ဘာပါလိမ့် . . . "

"စနေက နင့်ကွာ . . ကြာသပတေးက ဖင်ကွာ . . အဲဒီတော့ နင့်ဖင်ပေါ့ . . . "

"ဟာ . . . . "

ကျွန်တော်နဲ့နီနီရဲ့နှုတ်က အာမေဋိတ်သံတွေ ထွက်သွားပါတယ်။

"အင်း . . မင်းတို့လုပ်တာနဲ့ ငါ့ကက်ကင်းတော့ သိက္ခာကျစရာဖြစ်တော့မှာပဲ . . လူကြားလို့မှ မကောင်းကွာ . . ဖိနပ်နဲ့နင့်ဖင်ကို ရိုက်ရမယ်လို့ . . ဟီး ဟီး . . မဖြစ်ပါဘူးကွာ . . ငါပဲပြောတော့မယ် . . ဒီတော့ စည်သူလုပ်ရမှာက . . နှမ်းမဲနဲ့ဖိနပ်ကို ပက်ရမယ် . . ဟာ . . ဒါလည်း မကောင်းသေးဘူး . . ဒီတော့ ရှုပ်ပါတယ်ကွာ . . ဘုရားသွားပြီး စနေထောင့်မှာ ထီးဖြူခုနစ်လက်လှူလိုက် . . ဟုတ်တယ် . . အဲဒါ အကောင်းဆုံးပဲ . . . "

ကျွန်တော် စိတ်ဝင်စားသွားပါတယ်။ ဘုရားမှာ ထီးဖြူလှူရမယ်ဆိုတာ ကုသိုလ်ရတဲ့ကိစ္စပဲ။ တစ်ခုပဲ စဉ်းစားရမှာက အဲဒီထီးဖြူကြီးတွေကို ဘယ်လိုဝယ်ပြီး ကားပေါ်ဘယ်လိုတင်သွားမလဲဆိုတာပါပဲ။

"ထီးဖြူခုနစ်လက်ဆိုတော့ ငါ့ကားတော့ ဆန့်မှာမဟုတ်ဘူးကွာ . . . "

"ဟာ . . ဘာတွေလျှောက်ပြောနေတာလဲ . . အဲဒီ ထီးဖြူ



www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီးတွေကို ပြောတာမဟုတ်ဘူး . . ဘုရားစောင်းတန်းမှာ ရောင်းတဲ့ စက္ကူဖြူထီးကလေးတွေကို ပြောတာ . . မင်း ဗဟုသုတ အတော်နည်းတဲ့ကောင်ပဲ စည်သူ . . . "

"ဟ . . ငါမှ ဒါမျိုးတွေ မလုပ်ဖူးဘဲနဲ့ ဘယ်သိပါ့မလဲ . . "

"အေး ကောင်းပြီ . . ဒါဆို ငါပဲလိုက်ကူညီမှဖြစ်မယ် . . စနေနေ့ဆို ပိုကောင်းမယ်ကွ . . မင်း အားတယ်မဟုတ်လား . . ငါ မင်းဆိုင်ကို ဝင်ခေါ်မယ် . . သူရလည်းလိုက်ခဲ့ . . မင်းကတော့ ဘုရားလည်းဖူး . . လိပ်ဥလည်း တူးပေါ့ကွာ . . "

ကျွန်တော်တို့စားသောက်ဆိုင်ထဲမှာ စကားကောင်းနေတုန်း မှာပဲ ကျွန်တော့်ရဲ့လက်ကိုင်ဖုန်းလေးက အသံမြည်လာပါတယ်။ ဒါ နဲ့ ကျွန်တော် ဖုန်းကိုဖွင့်လိုက်တဲ့အခါ မီမီဖြစ်နေပါတယ်။

"ဆရာလား . . အခုပဲ ဟိုအစ်မရောက်လာတယ် ဆရာ . . ဖိနပ်လာဝယ်တာ . . . "

ကျွန်တော့် ရင်ထဲဒိတ်ခနဲဖြစ်သွားမိပါတယ်။

"ဘယ်သူတွေပါသေးလဲ . . . "

"အဲဒီ အစ်မတစ်ယောက်တည်းဆရာ . . . "

ဒါ အခွင့်အရေးပဲ။ ဒါပေမယ့် ကျွန်တော့်လက်ထဲမှာ သူမ ဝယ်ချင်တဲ့ဖိနပ်က မရှိတော့တာနာတာပဲ . . ကျွန်တော်လည်း ဘယ် လိုလုပ်ရမလဲ စဉ်းစားလိုက်ပြီး . . .

"ခဏလေး စောင့်နေပေးပါလို့ . . ဆရာ . . ခုချက်ချင်းပဲ ဆိုင်ကို ပြန်လာခဲ့မယ် . . . "

"ခဏလေးနော် ဆရာ . . မီမီ . . အဲဒီအစ်မကို မီမီသွား ပြောလိုက်ဦးမယ် . . . "

မီမီ့အသံ ခဏပျောက်သွားတယ်။ ပြီးတော့ ပြန်ပေါ်လာ တယ်။





"ဆရာရေ . . အဲဒီအစ်မက အချိန်သိပ်မရလို့တဲ့ . . သူ့ အလုပ်ကနေ လှည့်ဝင်လာလို့ပါတဲ့ . . ဆယ့်ငါးမိနစ်လောက်ပဲ စောင့်နိုင်မယ်တဲ့ . . . "

"ဟုတ်ပြီ . . ဆရာ . . ဆယ့်ငါးမိနစ်အတွင်း အရောက်လာ ခဲ့မယ် . . "

ကျွန်တော် ဖုန်းကိုပိတ်လိုက်ပြီး စားသောက်ပြီးသားတွေ အတွက် ပိုက်ဆံရှင်းလိုက်တယ်။

"ဟေ့ကောင် စည်သူ . . ဆယ့်ငါးမိနစ်နဲ့တော့ မင်းဆိုင်ကို ပြန်မရောက်နိုင်ဘူးနော် . . ကြည့်လည်းလုပ်ဦး . . ဒီအချိန်ဆို ယာဉ် ကြောတွေကလည်း ပိတ်ကပိတ်နဲ့ . . . "

"မတတ်နိုင်ဘူးကွာ . . အမြန်ဆုံးတော့ မောင်းရမှာပဲ . . မင်းတို့နဲ့ နောက်မှတွေ့မယ် . . ငါတော့ လစ်ပြီ . . . "

"အင်း . . ဒီကောင့် ဒုက္ခကလည်း မသေးဘူး . . . "

ကျွန်တော်လည်း ဒီကောင်တွေကို နှုတ်ဆက်ပြီး ဆိုင်ကို အမြန်ဆုံး ကားကိုမောင်းခဲ့တယ်။ ဒါပေမယ့် ဖြစ်ချင်တော့ ယာဉ် ကြောတွေ ပိတ်နေတယ်။ ဟွန်းတီးမရတဲ့နယ်မြေဖြစ်တော့ ဘာမှ လည်း လုပ်မရဘူး။ နောက်ကြောင်းပြန်လှည့်လို့ကလည်း မရ။ ဘေး က မောင်းထွက်လို့လည်းမရနဲ့ ကျွန်တော် စိတ်တွေလှုပ်ရှားနေမိ တယ်။ မီးပွိုင့်တွေကပဲ မြန်လွန်းလို့လား . . ကားတွေကပဲ များလွန်း လို့လား မသိဘူး . . ကျွန်တော့်ကား မီးပွိုင့်တွေကို ဖြတ်ကျော်ဖို့ အ တော်ကလေးကို စောင့်ရတယ် . . .။

အရေးထဲ ရှေ့ကတက္ကစီတစ်စီးကလည်း ခပ်ကြောင်ကြောင် နဲ့။ ဟိုဘက်ယာဉ်ကြော ကူးမလိုလို၊ ဒီဘက် ယာဉ်ကြော ကူးတော့ မလိုလိုနဲ့ ဘာအချက်ပြမီးမှလည်း မပြဘူး။ နောက်တော့ ဟိုဘက် ယာဉ်ကြောပြောင်းသွားလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့လူ . . ကားမမောင်းတတ်ဘူးလား . . ."

"အောင်မာ . . မင်းသာ ကားမမောင်းတတ်တာ. . လိုင်စင်ရော ရှိရဲ့လား ဟေ့ကောင် . . ."

အောင်မာ . .။ သူ့ခိုးက လူဟစ်လို့။ သူကပဲ ကျွန်တော့်ကို ပြန်ဟောက်သွားသေးတယ်။ ဒါနဲ့ပဲ ကျွန်တော့်ဆိုင်ကို နာရီဝက်လောက်ကြာမှ ရောက်သွားတော့တယ်။ ဆိုင်ထဲကို ကမန်းကတမ်း ဝင်သွားတဲ့အခါ စင်ဒရဲလားလေးက မရှိတော့ပါဘူး။ ကျွန်တော်လည်း စိတ်ပျက်လက်ပျက် ဖြစ်သွားမိပါတယ်။

"အဲဒီ အစ်မ . . အခုလေးတင် ပြန်သွားတာ ဆရာ . . အလုပ်က ကားကြုံနဲ့လာတာမို့တဲ့ . . ဆက်မစောင့်နိုင်တော့လို့ပါတဲ့ . . ပြီးတော့ ပြောသွားသေးတယ် . . ဟို ဖိနပ်လေးကို ဘယ်သူ့ကိုမှ မရောင်းပါနဲ့တဲ့ . . သူ ဆက်ဆက်ဝယ်ပါ့မယ်တဲ့ . . တကယ်လို့ မနက်ဖြန်မအားဘူးဆိုရင် . . သန်ဘက်ခါတော့ ဆက်ဆက်ပြန်လာခဲ့ပါ့မယ်တဲ့ . . ."

ဘာပဲဖြစ်ဖြစ် အဲဒီလိုပြောသွားတယ်ဆိုတော့ သူမနဲ့ထပ်တွေ့ဖို့က ဖြစ်နိုင်သေးတာမို့ ကျွန်တော် နည်းနည်းတော့ အသက်ရှူချောင်သွားပါတယ်။

"ဆရာတို့ ရွေးထားတဲ့ ဖိနပ်လေးတွေ ထုတ်ပြလိုက်သေးလား . . ."

"ပြလိုက်တယ်ဆရာ . . ဒါပေမယ့် အဲ့ဒီအစ်မက ကြိုက်ပုံမရဘူး . . ဖိနပ်တွေကို သေသေချာချာတောင် မကြည့်ဘူး . . သူကြည့်ရတာ ဟိုဖိနပ်လေးကိုပဲ အရမ်းလိုချင်နေတဲ့ ပုံပဲ . . ."

မီမီ မရိပ်မိအောင် သက်ပြင်းတစ်ချက်ကို ကျွန်တော် ခိုးချလိုက်မိပါသည်။

ထပ်ခိုးပေါ်က ကျွန်တော့်စားပွဲကို ရောက်တဲ့အထိ



BURMESE CLASSIC .com



ကျွန်တော်ငိုင်နေမိတယ်။

မနက်ဖြန် သို့မဟုတ် သန်ဘက်ခါ စင်ဒရဲလားလေး ပြန်ရောက်လာရင် ကျွန်တော်ကိုယ်တိုင် ဖိနပ်လေးမရှိတော့ပါဘူးလို့ ပြောရပါတော့မယ်။ အဲဒီအခါမှာ သူမ စိတ်ပျက်လက်ပျက် ဖြစ်သွားပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၅)

ကျွန်တော့်ရဲ့ မွေးနေ့ပါတီကို ခမ်းခမ်းနားနားကျင်းပဖို့ အစီအစဉ်ကို ဘွားဘွားက စိတ်ကူးမိပါတယ်တဲ့။ ဒါကြောင့်မို့ ဘွားဘွားက သူ့အိမ်ကနေ ကျွန်တော့်ဆီကို မနက်အစောကြီး ရောက်လာပြီး ကျွန်တော်နဲ့ စကားတွေ ပြောကြပါတော့တယ်။

"ဟာ . . ဘွားဘွားကလည်း . . မွေးနေ့ပွဲကို အဲဒီလို ခမ်းခမ်းနားနားကြီးတော့ မလုပ်ချင်ပါဘူးဗျာ . . ."

"မဟုတ်ဘူးလေ သားရဲ့ . . ခမ်းခမ်းနားနားဆိုပေမယ့် ဟိုတယ်ကြီးတွေမှာ တီးဝိုင်းကြီးတွေငှား . . အဆိုတော်တွေ ငှားပြီး လုပ်မှာမှ မဟုတ်ဘဲ . . ဘွားဘွားရဲ့ခြံထဲမှာ စားပွဲတွေချ . . မီးလုံးတွေအလှဆင်ပြီး ဘူဖေးကျွေး . . ရေခဲမုန့်ကျွေးရုံလောက်ပဲ . . . သီချင်းဖွင့်ချင်ဖွင့် . . . မဖွင့်ချင်လည်း သားသူငယ်ချင်း သူရရဲ့ တီးဝိုင်းကိုခေါ် တီးခိုင်းလိုက်ပေါ့ . . စက်ပစ္စည်းတွေလည်း သူ့မှာရှိနေတာပဲ ဥစ္စာ . . ."

ကျွန်တော် ဘွားဘွားကို ပြုံးပြီးကြည့်လိုက်ပါတယ်။ ကျွန်





တော့်ဘွားဘွားဟာ မေမေ့ရဲ့အမေဖြစ်ပြီးတော့ ဘိုးဘိုးကတော့ ကွယ်လွန်သွားတာ ငါးနှစ်လောက်ရှိပါပြီ။ ဖေဖေ့ဘက်က ဘိုးဘိုးနဲ့ဘွားဘွားကလည်း ကွယ်လွန်သွားတာ ကြာပြီဆိုတော့ ကျွန်တော့်မှာ လက်ကျန်ရှိတဲ့ဘွားဘွားတစ်ယောက်သာ ကျန်ပါတယ်။ ပြီးတော့ ဘွားဘွားက ခေတ်မီတယ်။ တေးဂီတ၊ ရုပ်ရှင်စတဲ့ အနုပညာတွေကို ဝါသနာပါတယ်။ အားရင်သီချင်းလေး တအေးအေးနဲ့နေတတ်ပါတယ်။

"မွေးနေ့ပါတီကို ညဘက်လုပ်တာကောင်းတယ် သားရဲ့ . . ညဘက်ဆိုရင် လာတဲ့ဧည့်သည်တွေလည်း ပင်ပန်းတယ် . . . ဧည့်ခံရတဲ့သူတွေလည်း ပင်ပန်းတယ် . . ညဘက်ဆိုတော့ ညစာလည်း စား . . အပန်းလည်းဖြေတဲ့ သဘောပေါ့ . . ဟင်း ဟင်း . . ဘွားဘွားလည်း ငါ့မြေးနဲ့အတူ ဝင်ပျော်ရတာပေါ့ကွာ . . ."

ကျွန်တော် ဘွားဘွားကို အားမလို အားမရနဲ့ ဖက်လိုက်တဲ့အခါ ဘွားဘွားကလည်း ကျွန်တော့်ကို ပြန်ဖက်ပါတယ်။

"တစ်ခုတော့ရှိတယ် ဘွားဘွားရဲ့ . . ဧည့်သည်တွေကတော့ သိပ်များများမှာ မဟုတ်ဘူး . . ကျွန်တော်ကလည်း သူငယ်ချင်းလေး နှိုဘာမှ ဆယ်ယောက်တောင် မပြည့်ဘူး . . ."

"အဲဒါတော့ သားမပူပါနဲ့ . . သားအစ်မရဲ့ Audit Firm က လူတွေလည်း သားအစ်မက ဖိတ်မှာပဲ . . နောက်ပြီး ခင်သက်မွန့်နဲ့ သူ့သူငယ်ချင်းတွေလည်း ဖိတ်ပေါ့ . . . အင်း . . နောက်ပြီး မင်းဖေဖေရဲ့အလုပ်ထဲက လူတွေလည်း ဖိတ်လိုက်ရင် . . . မရှိဘူး ဆိုရင်တောင် လူငါးဆယ်လောက်ရှိမယ် . . တော်ပြီပေါ့ . . နိုင်နိုင်နင်းနင်းနဲ့ . . ."

"ကဲ . . ကဲ . . ဘွားဘွား သဘောအတိုင်းပဲ ဖြစ်ပေစေတော့ ဘွားဘွားရယ် . . ."

အဲဒီတုန်းမှာပဲ ခင်သက်မွန်ဆီက တယ်လီဖုန်း လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစည်သူလား . . . တို့ ခင်သက်မွန်ပါ . . ."

"ဪ . . အင်း . . ."

"ဖိနပ်ကိစ္စ တို့တောင်းပန်ချင်လို့ . . ."

"ရပါတယ် ကိစ္စမရှိပါဘူး . . ကျွန်တော်ကတောင် ပြန်တောင်းပန်ရဦးမှာ . . ."

"အို . . ဘယ်ဟုတ်မလဲ . . တို့ကြောင့် ဖြစ်သွားရတဲ့ ကိစ္စပဲ . . တို့တောင်းပန်ရမှာပေါ့ . . တကယ်ဆို အဲဒီဖိနပ်လေး . . တို့နဲ့ မတော်ဘူးဆိုကတည်းက ကိုစည်သူ့ဆီ ပြန်ပေးလိုက်ရမှာ . . အင်းလေ . . ဖြစ်ချင်တော့ အဲဒီအချိန်မှာ ကလျာစိမ့်က မန္တလေးသွားဖို့ တို့ကိုဝင်နှုတ်ဆက်တာဆိုတော့ . . တို့လည်း လွယ်လွယ်ကူကူပဲ သူ့ကိုပေးလိုက်မိတယ် . . ဆောရီးနော် . . ."

"အင်း . . . ရပါတယ် . . ."

"ဒါပေမယ့် . . ပြန်ရမှာပါ . . တို့လေ . . ကလျာစိမ့်တည်းမယ့် သူ့အမျိုးသားဆီကိုလည်း ဖုန်းလှမ်းဆက်ထားတယ် . . ကိုစည်သူ ဘာမှစိတ်မပူနဲ့နော် . . ."

"အင်း . . ."

အဲဒီတုန်းမှာ ဘွားဘွားက ကျွန်တော့်နားနားကပ်ပြီး ကျွန်တော့်မွေးနေ့ပွဲအတွက် ခင်သက်မွန်ကို ကြိုဖိတ်ထားဖို့ တိုက်တွန်းပါတယ်။

"အဲဒီဖိနပ်ကိစ္စအတွက် ကျွန်တော်ကလည်း တောင်းပန်ပါတယ် . . ဒါနဲ့ ပြောရဦးမယ် . . လာမယ့် အင်္ဂါနေ့ညမှာ ကျွန်တော့်မွေးနေ့ပါတီလုပ်မလို့ . . အဲဒါ အခုကတည်းက ကြိုဖိတ်ထားချင်လို့ပါ . . နီးမှပဲ ဖိတ်စာလာပို့မယ်နော် . . ."

"ဟုတ်လား . . စိတ်ချ . . စိတ်ချ . . တို့သူငယ်ချင်းတွေပါ ခေါ်လာခဲ့မယ် . . အဲဒီညကျရင်လေ . . ကိုစည်သူ လက်ဆောင်ပေး





သားတဲ့ ဟိုဒေါက်ဖိနပ်လေးတွေထဲက အလှဆုံး ဒေါက်ဖိနပ်လေးကို ဘိုစီးလာခဲ့မယ် . . အဲဒီညကျ တို့နဲ့လိုက်မလိုက် ကြည့်ပေးဦးနော်"

"ဟာ ကြည့်ပေးရမှာပေါ့ . . ဒါပေမယ့် ကျွန်တော့်ဆိုင်က ဖိနပ်ပဲဗျာ . . ကြည့်ပေးစရာတောင် လိုမယ်မထင်ဘူး . . လှပြီးသားချည်းပါပဲ . . ."

"အို . . မရဘူး . . မရဘူး . . ကြည့်ပေးရမှာပဲ . . ."

ဘွားဘွားက ကျွန်တော့်နားဝကိုကပ်ပြီး ကြည့်ပေးမယ်။ ကြည့်ပေးမယ်လို့ ပြောလိုက်လို့ ပြောပါတယ်။ ဒါနဲ့ပဲ ကျွန်တော်လည်း ဘွားဘွားနဲ့ခင်သက်မွန် ကျေနပ်အောင် ကြည့်ပေးမယ်လို့ ပြောလိုက်ခဲ့တော့တယ်။ ဒါပေမယ့် ခင်သက်မွန်က ဒါနဲ့ကျေနပ်ပုံမရသေးဘဲ ဆက်ပြောပါသေးတယ်။

"ကိုစည်သူ ဒီနေ့ အားလားဟင် . . ."

"မအားဘူး . . ."

"မဟုတ်ဘူးလေ . . ဆိုင်မှာ မန်နေဂျာရှိတယ်မဟုတ်လား . . နည်းနည်းပါးပါးတော့ အပြင်ထွက်လို့ ရမှာပေါ့ . . . ."

ဘွားဘွားက ကျွန်တော့်နား ကပ်ပြီး ရတယ်လို့ပြောလိုက်လို့ ပြောပြန်ပါတယ်။ ကျွန်တော်ကလည်း ပြန်ဖြေလိုက်မိပါတယ်။

"မရဘူး . . ."

"ဟင် . . . ဘာဖြစ်လို့လဲ . . . ."

"ဆိုင်မှာ အရေးကြီးတဲ့ အလုပ်တွေလုပ်စရာရှိတယ်"

"တို့ပါ လာကူပြီးလုပ်ပေးမယ်လေ . . ."

"မဖြစ်ပါဘူး . . အလုပ်တွေကို နားလည်မှာမဟုတ်ဘူး . ."

"ကဲ . . ထားပါတော့ . . ဒီလိုဆို ဆိုင်ပိတ်တဲ့အချိန်တော့ အားတယ်မဟုတ်လား . . ."

"မအားဘူး . . ."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြန်ပြီ . . . ဘာဖြစ်လို့ မအားတာလဲ . . ."

"တစ်နေကုန် ပင်ပန်းထားတော့ အိမ်ပြန်ပြီးအိပ်ချင်လို့"

တစ်ဖက်က ရယ်သံကြားရပါတယ်။

"ကိုယ်နဲ့လက်ထပ်ရမယ့် မိန်းကလေးတစ်ယောက်အတွက် ဒီလောက်လေးတောင် အချိန်မပေးနိုင်ဘူးလား ဟင် . . ."

"ဟင် . . . ကျွန်တော် မခင်သက်မွန်နဲ့လက်ထပ်မယ်လို့ ဘယ်တုန်းက ပြောဖူးလို့လဲ . . ."

"ဒုက္ခပါပဲ . . ."

ခင်သက်မွန်က တယ်လီဖုန်းကို ချသွားတယ်။ ဘွားဘွားကတော့ ကျွန်တော့်ကိုခပ်ဖွဖွပဲ ဆူပါတယ်။

"ခင်သက်မွန်ကို အဲဒီ့လိုချည်းတော့ သားပြောလိုက်ဖို့ မကောင်းဘူး . . အားနာစရာကွယ် . . ကလေးမလေးက ရည်ရည်မွန်မွန်လေးပါ . . ရုပ်ကလေးကလည်း လှ . . ကိုယ်လုံးဆိုလည်း ဘာမှပြောစရာမရှိဘူး . . သား ဖေဖေနဲ့မေမေကလည်း သူ့မိဘတွေနဲ့ သူငယ်ချင်းတွေ . . ."

BURMESE CLASSIC .com

"ဘွားဘွား . . ."

"ဟင် . . ဘာလဲ သား . . ကောင်မလေးကို စောစောက ပြောလိုက်တာအတွက် နောင်တရမိလို့လား . . ."

"မဟုတ်ဘူး ဘွားဘွား . . ကျွန်တော် ခင်သက်မွန်ကို လုံးဝ မကြိုက်ဘူး . . ကျွန်တော် ကြိုက်နေတာက တစ်ယောက်ရှိတယ်"

"ဟေ . . ."

အဲဒီ့နောက်မှာတော့ ကျွန်တော်လည်း တက္ကသိုလ်မှာတုန်းက ကြုံခဲ့ရတဲ့အဖြစ်အပျက်ကလေးတစ်ခုကနေ မိန်းကလေးတစ်ယောက်ကို စွဲလမ်းပြီး မိန်းကလေးစီးဖိနပ်ဆိုင် ဖွင့်ခဲ့မိတာတွေ။ သိပ်မကြာခင်က အဲဒီ့မိန်းကလေး ကျွန်တော့်ဆိုင်ကို ရောက်လာပြီး သိပ်





. . . တဲ့ဖိနပ်ကလေး လာဝယ်တာက အစ၊ ဖိနပ်ကလေး အခုလော . . . ဆယ် မန္တလေးရောက်နေတဲ့အထိ အားလုံးကို ပြည့်ပြည့်စုံစုံပဲ . . . ပြလိုက်မိပါတယ်။ ဘွားဘွားက ကျွန်တော့်စကားကို ငြိမ်ငြိမ် . . . သက်ပဲ နားထောင်နေပါတယ်။

"အဲဒီ့ ကလေးမလေးနာမည်က ဘယ်သူ . . ."

"စင်ဒရဲလား . . အဲ . . ဂျူလိုင်ပါ ဘွားဘွား . . သူ့နာမည် . . . ည့်အစုံတော့ ကျွန်တော် မသိရသေးပါဘူး . . ပြီးတော့ တက္က . . . လ်မှာ ကြုံခဲ့ပြီးတဲ့နောက်ပိုင်း ကျွန်တော်နဲ့တစ်ခါတည်းပဲ ပြန်ဆုံရ . . . သေးတယ် . . ."

"အင်း . . မင်းတို့နီးစပ်ဖို့ကလည်း အတော်ကလေးကို အား . . . ရာပါပဲလား . . ဒါနဲ့ကောင်မလေးကရော . . သား ကြိုက်နေတာ . . . သိသလား . . . ."

"မသိပါဘူး ဘွားဘွား . . ပြီးတော့ အခုပြန်တွေ့ရင်တောင် . . . ကျွန်တော့်ကို မှတ်မိမှာ မဟုတ်ပါဘူး . . ."

"ပိုပြီးတောင် အားရစရာကောင်းနေပါလား . . ဒါနဲ့ မြေး . . . ဘွားချင်းမို့ သားကိုမေးရဦးမယ် . . အဲဒီ့ကောင်မလေးနဲ့ ခင်သက် . . . ဘယ်သူကပိုလှသလဲ . . ."

အမှန်အတိုင်းပြောရရင် တစ်ယောက်တစ်မျိုးစီ လှကြမယ် . . . ပါတယ် . . ဒါပေမယ့် ကျွန်တော်က ကိုယ့်ငါးချဉ်ကိုယ်ချဉ်လိုက် . . . ဘာပေါ့ . . . . ။

"ဟာ . . လုံးဝ အပြတ်အသတ်ပဲ အဘွား . . ကျွန်တော့် . . . ကောင်မလေးက ပိုလှတာပေါ့ . . အင်း . . ဘယ်သူနဲ့နှိုင်းပြောရမလဲ . . . တော့ ပပဝတီကို ဘွားဘွား မြင်ဖူးသလား . . ."

"ဟင့်အင်း . . ပပဝတီအပျိုဖြစ်တဲ့အချိန်မှာ ဘွားဘွား . . . မွေးသေးဘူး . . မွေးရင်လည်း ခွေးတွေ၊ ကြောင်တွေများ ဖြစ်နေ

www.burmeseclassic.com



မလား မသိဘူး . . ."

"ဒါဆိုလည်း အမရာ . . ကိန္နရီ . . မဒီ . . . သမ္မုလ . . အဲဒီအမျိုးသမီးတွေ ဘွားဘွား မြင်ဖူးသလား . . ."

"အဲဒီတုန်းက ဘွားဘွား မမွေးသေးဘူး . . ဒါနဲ့ မင်းရော သူတို့ကို မြင်ဖူးလို့လား . . ."

"ဘွားဘွားတောင် မမြင်ဖူးတာဗျာ . . ကျွန်တော်ဆို ပေး သေးတာပေါ့ . . ဒါပေမယ့် သူတို့အကြောင်း စာဖွဲ့ထားတာတွေ တောင် ဖတ်ရတယ်လေ . . ."

"ဒီလိုလုပ်ကွယ် . . ဒီခေတ်မင်းသမီးတွေနဲ့ပဲ နှိုင်းတော့ . . အဘွားတို့ မမြင်ဖူးတာတွေနဲ့ လျှောက်နှိုင်းမနေနဲ့တော့ . ."

"ပြဿနာပဲ . . ဒီခေတ်မင်းသမီးတွေထဲမှာ သူနဲ့တူတာ သိပ်မရှိဘူး . . နေဦး . . . ကျွန်တော် စဉ်းစားလိုက်ဦးမယ် . . ဟာ . . သတိရပြီ ဘွားဘွားရေ . . ဘွားဘွား အပျိုဘဝတုန်းကနဲ့ အရမ်း တူတာပဲ . . ဟီး ဟီး . . ."

"ဟုတ်လား . . ဒါဆို သူလည်း အရမ်းလှမှာပဲနော် . . အင်း . . . ဘွားဘွားလည်း အဲဒီကလေးမလေးကို မြင်ချင်လိုက်တာကွယ်"

ကျွန်တော်တို့ မြေးအဘွားနှစ်ယောက်ကတော့ တကယ့် ဟာသပါပဲ . . . ကျွန်တော်တို့ မြေးအဘွားနှစ်ယောက် ရယ်လိုက် ဟားလိုက် လုပ်နေတုန်းမှာပဲ မမက အခန်းထဲဝင်လာပါတယ်။

"ဒီမြေးအဘွားနှစ်ယောက် စောစောစီးစီး ဘာပြောပြောပြီး ရယ်နေကြတာလဲ . . တကတည်း . . ဘွားအေကလည်း သူ့မြေးမှ မြေး . . မွေးနေ့ပါတီလုပ်တာတောင် သူ့မြေးအတွက်ပဲ လုပ်ပေးတယ် . . . သမီးမွေးနေ့လုပ်ပေးဖို့ကျတော့ မစဉ်းစားဘူး . . ."

"ဟဲ့ . . . သမီးကျတော့ သမီးအဖေနဲ့အမေက မွေးတာ လေ . . ဒီ မြေးလေးကျတော့ ဘွားဘွားက မွေးတာ . . ဟင်း ဟင်း"





"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ . . ကဲ . . မောင်လေး . . ဒီနေ့ လည်း မမကို လိုက်ပို့ပေးဦး . . ."

"ဟင် . . မမ ကားကို ဝပ်ရှော့ပို့ရပြန်ပြီလား . . ."

"မဟုတ်ဘူး . . ဖေဖေက သူ့ကား သိပ်မကောင်းလို့ဆိုပြီး မမကားယူသွားတယ် . . ကဲ . . မင်းလည်း မျက်နှာသစ်တော့ . . ဘွားဘွားလည်း သမီးတို့နဲ့ တစ်ခါတည်းမနက်စာ ဝင်စားနော် . . မမွေ့နန်းကြီးသုပ်က အရမ်းကောင်းတာ . . ."

မနက်ရှစ်နာရီလောက်ကျတော့ ကျွန်တော်တို့တွေ ရယ်ရယ် မောမော ပျော်ပျော်ရွှင်ရွှင်နဲ့ မနက်စာ စားကြပါတယ်။ ဘွားဘွားက လည်း အသက်ခုနစ်ဆယ်ကျော်ပြီ ဖြစ်ပေမယ့် ကောင်းကောင်းစား နိုင်တုန်းပါပဲ . .။

နောက်တော့ မမေ့ကိုဘွားဘွားနဲ့ ထားပေးခဲ့ပြီး ကျွန် တော်နဲ့မမကတော့ အလုပ်သွားကြဖို့ ထွက်ခဲ့ပါတော့တယ်။

မမရဲ့ စာရင်းအင်းအဖွဲ့ရှိရာ တိုက်ခန်းရှေ့ရောက်တော့ မမက ထုံးစံအတိုင်း အပေါ်ခဏတက်ဖို့ ဖိတ်ပါတယ်။

"ခဏလေးပါကွ . . ကိုယ့်အစ်မရဲ့လုပ်ငန်းအကြောင်း လည်း သိရတာပေါ့ . . နောက်ပြီး မင်းမွေးနေ့အတွက် ဖိတ်စာရိုက် ဖို့လည်း ရှိတယ်မဟုတ်လား . . မမ ချာတိတ်မတွေကို ရိုက်ခိုင်းလိုက် မယ် . . . ပြီးရင် ပရင့်ပါ တစ်ခါတည်းထုတ်သွားလိုက်ပေါ့ . . ဒီမှာ ဘာလာပရင်တာလည်း ရှိတယ်လေ . . ."

ကျွန်တော်လည်း တွေသွားမိပါတယ်။ အမှန်ကတော့ မမရဲ့ စာရင်းအဖွဲ့နဲ့ ကျွန်တော့်ဖိနပ်ဆိုင်က ဘယ်လိုမှပတ်သက်မှုမရှိတဲ့ လုပ်ငန်းနှစ်ခုဖြစ်နေလို့ မမဆီ ကျွန်တော်တစ်ခါမှ မဝင်ဖြစ်ခဲ့ပါဘူး . . နောက်ပြီး မမရဲ့လုပ်ငန်းမှာက မိန်းကလေးတွေသာများတာမို့ ကျွန်တော် ရှက်နေမိတာလည်း ပါပါတယ်။ (ကျွန်တော့်ဖိနပ်ဆိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မိန်းကလေးဝန်ထမ်းတွေသာ ရှိပေမယ့် မရှက်ပါဘူး . . ဒါက လည်း သိပ်တော့မဆန်းပါဘူး . . ကိုယ့်လုပ်ငန်းနဲ့ကိုယ့်ဝန်ထမ်းဆို တော့ ဘယ်ရှက်မလဲဗျာနော် . . . )

အခုတော့ မမပြောသလိုပဲ။ ကျွန်တော့်မွေးနေ့ပါတီအတွက် ဖိတ်စာရိုက်ဖို့ကလည်း ရှိနေတယ်။ မမကလည်း သူ့ချာတိတ်မတွေ ကို ရိုက်ခိုင်းမယ်ဆိုတာနဲ့ ကျွန်တော်လည်း မငြင်းတော့ဘဲ . . မမဆီ ဝင်လည်ဖို့ သဘောတူလိုက်မိပါတယ်။ ဒါနဲ့မမရဲ့စာရင်းအင်းအဖွဲ့ ထဲကို ကျွန်တော် ရောက်သွားတယ်။ မမရဲ့အလုပ်ခန်းထဲမှာ ကွန်ပျူ တာတွေ အတော်များများတွေ့ရပြီး ကောင်မလေးတွေက ကွန်ပျူတာ ရှေ့မှာထိုင်ပြီး အလုပ်လုပ်နေတာ တွေ့ရပါတယ်။

"လာ . . မောင်လေး . . မမအခန်းထဲ လိုက်ခဲ့ . . ."

မမက မှန်အလုံကာထားတဲ့ အအေးခန်းတစ်ခုကို ခေါ်သွား တယ်။ နံရံအပြည့် မှန်အကြည်ကာထားလို့ အပြင်ကိုလှမ်းမြင်နေရ သလို အပြင်ကလည်း မမအခန်းကို လှမ်းမြင်နေရမှာပါ။

"ထိုင် . . . မောင်လေး . . ."

မမရဲ့အလုပ်ခန်းဟာ ကျွန်တော့် ထပ်ခိုးပေါ်က အလုပ်ခန်း ထက် ကြီးကျယ်ခမ်းနားပါတယ်။ သတ္တုဗီရိုကြီးသုံးလုံးဟာ နံရံတွေမှာ ကပ်ထားပြီးတော့ မမရဲ့စားပွဲပေါ်မှာလည်း ဖိုင်တွေက မနည်းလှပါ ဘူး . . . ပြီးတော့ မမရဲ့စားပွဲပေါ်မှာ LapTop ကွန်ပျူတာလေးက လည်း ရှိနေပါတယ်။

"မမရုံးခန်းက ကျွန်တော့်ထက် အပြတ်သာတယ်ဗျ"

ကျွန်တော် ချီးမွမ်းလိုက်တော့ မမက ပြုံးပြတယ်။

"မင်းမမဆီမှာ လုပ်မလား . . လခကောင်းကောင်းပေးမယ် လေ . . ."

"ဟာ ... တော်ပါဗျာ . . မမကလည်း ကျွန်တော်တောင်း





သလောက် ပေးနိုင်မှာမဟုတ်သလို ကျွန်တော်ကလည်း မမရဲ့လုပ် ငန်းသေးသေးလေးမှာ မလုပ်နိုင်ပါဘူး . . ဘာနဲ့တူနေသလဲဆိုတော့ အဲယားဘတ်စ်လေယာဉ်မောင်းတဲ့ ကပ္ပတိန်ကို ဒုတိယကမ္ဘာစစ်က သက်ကျန်တစ်ယောက်စီး လေယာဉ်လေးမောင်းခိုင်းသလို ဖြစ်နေ တယ် . . ."

တစ်ခါက မမနဲ့ကျွန်တော် စကားကောင်းခဲ့တုန်းက မမ ပြောခဲ့ဖူးတဲ့စကားကို ကျွန်တော် ပြန်ပြောလိုက်တော့ မမကရယ်ပါ တယ်။ ပြီးတော့ ကျွန်တော့်ကို ပြန်နောက်တယ်။

"မမလုပ်ငန်းက မင်းပြောပုံအရဆိုရင် အတော်ဂုဏ်ယူ ကြွားဝါစရာလုပ်ငန်းပဲကွ . . ."

ကျွန်တော်တို့မောင်နှမနှစ်ယောက် ပြိုင်တူရယ်လိုက်ကြပါ တယ်။

"ခဏနော် မမ မင်းဖိတ်စာရိုက်ဖို့ ချာတိတ်မတစ်ယောက် ခေါ်လိုက်ဦးမယ် . . . ."

မမက သူ့အခန်းတံခါးဝက ကိုယ်တစ်ပိုင်းထွက်ရပ်ရင်းနဲ့ ချာတိတ်မတစ်ယောက်ကို လှမ်းခေါ်ပါတယ်။

"မဥ္ဇူ အားလား . . ဪ . . နှစ်ချုပ်စာရင်းရိုက်နေတာ ကိုး . . ဒါဆို ဟန်သာရေ . . မမဆီ ခဏလောက်ကွယ် . . ."

မမက သူ့နေရာသူ ပြန်ထိုင်လိုက်တဲ့အချိန်မှာပဲ အခန်းထဲ ကို ကောင်မလေးတစ်ယောက်ရောက်လာပြီး ကျွန်တော့်ဘေးမှာ လာ ရပ်ပါတယ်။ ကျွန်တော်လည်း မမအခန်းရဲ့ကြမ်းပြင်က ကြွေပြားတွေ ကို ငုံ့ကြည့်နေမိတာမို့ အဲဒီကောင်မလေးရဲ့ ခြေထောက်လေးကိုပဲ မြင်လိုက်ရတယ်။

ဟင် . . . ခြေထောက်လေးက လှလိုက်တာ။ ကြိုးသိုင်း ဒေါက်ဖိနပ်လှလှလေးကို စီးထားတဲ့ ခြေထောက်လှလှလေး ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်လေးက ဖွေးနုနေပြီး ပကတိသန့်စင်ဖြူဖွေးနေပါတယ်။

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားမိပါတယ်။ ဒါကြောင့် ကောင်မလေးကို အသာကလေး မော့ကြည့်မိတဲ့အခါ ကျွန်တော့်နှလုံးသားလှုပ်ရှားမှု ရပ်သွားသလို ခံစားလိုက်ရပါတယ်။

ဟုတ်ပါတယ်။

ကျွန်တော့်ဘေးမှာရပ်နေတဲ့ ကောင်မလေးဟာ စင်ဒရဲလားလေးပါပဲ။ တက္ကသိုလ်မှာ ဖိနပ်ကိစ္စနဲ့ကျွန်တော် စွဲလမ်းခဲ့ရတဲ့ ကောင်မလေးပါပဲ။ ကျွန်တော့်မျက်စိ အမြင်မမှားပါဘူး။

"မမ . . ဘာလုပ်စရာရှိလို့လဲ ဟင် . . ."

"ဒီလို ဟန်သာရဲ့ . . . ဟောဒါ မမရဲ့မောင်လေးလေ . . ကိုစည်သူကျော်တဲ့ . . . အဲဒါ သူ့မွေးနေ့ပါတီအတွက် ဖိတ်စာရိုက်ချင်လို့ . . ရော့ . . ဒီမှာ မမအကြမ်းရေးထားတယ် . . ဟန်သာ ရိုက်တတ်တယ် မဟုတ်လား . . ပေ့ချ်မိတ်ကာနဲ့ပဲ ရိုက်ပေါ့ . . . စာလုံးလေး ဘာလေးလှအောင်လည်း ကြည့်လုပ်လိုက်နော် . . ."

ကောင်မလေးက မမဆီက ဖိတ်စာအကြမ်းကိုလှမ်းယူပြီး ကျွန်တော့်ကို ပြုံးပြတယ်။ ဒါပေမယ့် သူ ကျွန်တော့်ကို မှတ်မိပုံမရပါဘူး . . ကျွန်တော် ဇဝေဇဝါဖြစ်သွားပါတယ်။ ကျွန်တော့်ဆိုင်ကို ဖိနပ်လာဝယ်တဲ့ စင်ဒရဲလားလေးကို သူ့သူငယ်ချင်းတွေက ဂျူလိုင်လို့ခေါ်တာ ကျွန်တော်ကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာပါ။ အခု မမရဲ့တပည့်ဖြစ်နေတဲ့ ဒီကောင်မလေးကျတော့ ဟန်သာဆိုပါကလား။

စင်ဒရဲလားလေးနှစ်ယောက်များ ဖြစ်နေသလား။ ဂျူလိုင်နဲ့ ဟန်သာဟာ အမြွှာညီအစ်မလား။ ကောင်မလေး မမအခန်းထဲက ထွက်သွားတဲ့အခါကျမှ ကျွန်တော်လည်း သိချင်စိတ်ကို မထိန်းနိုင်တော့ဘဲ မမကိုဖွင့်မေးရပါတော့တယ်။





"မမ . . စောစောက ကောင်မလေး . . မမဆီမှာ လုပ်နေတာ ကြာပြီလား . ."

မမရဲ့ မျက်နှာမှာ အပြုံးလေးတစ်စ ပေါ်သွားပါတယ်။

"အင်း . . နှစ်နှစ်လောက်တော့ ရှိပြီထင်တယ် . . ."

"သူ့နာမည်က ဘယ်သူလဲဟင် . . ."

မမ ပိုလို့ပြုံးပါတယ်။

"ဘာဖြစ်လို့မေးတာလဲကွ . . ."

"မဟုတ်ဘူး မမ . . ကျွန်တော် အရမ်းသိချင်နေလို့မေးတာ . . ပြီးရင် မမကို ပြောပြစရာလေးတွေလည်း ရှိတယ် . ."

"သူ့နာမည်အပြည့်အစုံက ဂျူလိုင်ဟန်သာတဲ့ . . . မိုးမိုးချောနဲ့ကျောင်းပြီးပေမယ့် အယ်လ်စီစီအိုင်လည်း အောင်ထားတယ် . . . ဒီအေလည်း အောင်ထားတယ် . . ဒါကြောင့် မမဆီမှာ စာရင်းအမားလာဖြစ်နေတာ . . ကောင်မလေးက ရိုးလည်းရိုးတယ် . . . အေးလည်းအေးတယ်ကွ . . ."

ကျွန်တော့်ရင်ထဲ နွေးသွားမိပါတယ်။ စင်ဒရဲလားလေးဟာ တစ်ယောက်တည်းပါပဲလား။ အဲဒီနောက်မှာတော့ ကျွန်တော်လည်း အိတ်သွန်ဖာမှောက် ဖြစ်ကြောင်းရယ်ကုန်စင်၊ အားလုံးကို ပြောပြလိုက်မိပါတော့တယ်။ မမဟာ ကျွန်တော့်စကားတွေကို တစ်လုံးမှ ပြန်မမေးဘဲ စိတ်ဝင်တစားနဲ့နားထောင်နေပါတယ်။

"သြော် . . ဒါကြောင့် မင်းက မိန်းကလေးစီးဖိနပ်ဆိုင် ဖွင့်လိုက်တာကိုး . . ."

"ဟုတ်တယ် မမ . . သူ့ကို ကျွန်တော် ရှာပေမယ့် ဘယ်လိုမှ မတွေ့တော့ ဖိနပ်ဆိုင်ဖွင့်လိုက်ရင် သူများရောက်လာမလားဆိုပြီး ညည်းရွှယ်ချက်နဲ့ ဖွင့်လိုက်တာ . . ဆိုင်နာမည်ကိုလည်း စင်ဒရဲလားလို့ ပေးခဲ့မိတယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဒီအကြောင်းတွေကို ဖေဖေ၊ မေမေတို့သာ သိရင်တော့ မင်း မလွယ်ဘူးနော် . . ."

"ဟာ . . မမသာ ပြန်မပြောရင် မသိနိုင်ပါဘူးဗျာ . ."

"မမကို နှုတ်ပိတ်ခိုင်းနေတယ်ပေါ့ . . ."

"မောင်နှမချင်းပဲဗျာ . . ဒါနဲ့ ကျွန်တော်သိချင်တာလေး တစ်ခုရှိလို့မေးပါရစေဦး . . သူ့မှာ ရည်းစားတို့၊ အိမ်ထောင်တို့တော့ ရှိမနေပါဘူးနော် . . ."

မမ ဟက်ဟက်ပက်ပက်ရယ်ပါတယ်။

"တကယ့်ကောင်ပဲ . . ဒါကို အရင်ဆုံးသိအောင် လုပ်ရမှာ . . အင်း မမကလည်း ဝန်ထမ်းတွေရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို စိတ်မဝင်စားလို့ သူ့မှာ ရည်းစားရှိမရှိတော့ မသိပေမယ့် အိမ်ထောင်မရှိသေးတာကတော့ သေချာပါတယ် . . ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွ . . သူ့ကို လာကြိုတဲ့သူတွေ . . . လာပို့တဲ့သူတွေတော့ မမ မတွေ့မိဘူး . . ."

ကျွန်တော် ကျေနပ်စွာနဲ့ပြုံးလိုက်မိပါတယ်။ စင်ဒရဲလား လေးသာ မမဆီမှာ လုပ်နေမှန်းသိရင် အရင်ကတည်းက မမဆီ ဝင်လည်ပါတယ်။ အခုတော့ ကျွန်တော့်စင်ဒရဲလားလေးဟာ ကျွန်တော်နဲ့ နီးလျက်ဝေးနေရပါကလား။

"ဒါနဲ့ မင်းတို့ရဲ့ဖိနပ်ဇာတ်လမ်းလေးက စိတ်ဝင်စားစရာတော့ကောင်းတယ် . . . အခုတော့ ဖိနပ်က မန္တလေးရောက်နေပြီမဟုတ်လား . . ရယ်စရာလည်းကောင်းတယ် . . ဘာမဟုတ်တဲ့ ဖိနပ်လေးတစ်ဖက်နဲ့ . . ."

"ဟာ . . မမကလည်း ဘယ်ကလာ ဘာမဟုတ်တဲ့ဖိနပ်ရမှာလဲ . . ဘယ့်နှယ်ဗျာ . . ကျွန်တော် အရမ်းတန်ဖိုးထားနေတဲ့ ကိစ္စကို . . ."





"အေးကွယ် . . . ဆောရီး . . ဆောရီး . . ."

ကျွန်တော် ဖုသွားလို့ မမက တောင်းပန်ပါတယ်။

"ဒါနဲ့ မမ . . အရင်က မမဝန်ထမ်းတွေကို ကျွန်တော့်ဖိနပ်ဆိုင်အကြောင်း ပြောဖူးခဲ့သလား . . ."

"မမက အလုပ်ထဲမှာ ကိုယ်ရေးကိုယ်တာတွေ လုံးဝမပြောဘူးကွ . . အလုပ်ကလည်းများတော့ မမ မပြောဖြစ်ပါဘူး . . တချို့တွေဆို မမ ဘယ်မှာနေသလဲလောက်ပဲ သိကြတာ . . ."

"ကောင်းတယ် မမ . . အခုလည်း ဂျူလိုင် ပြန်ဝင်လာရင် ကျွန်တော့် ဖိနပ်ဆိုင်အကြောင်း လုံးဝမဟပါနဲ့ . . ဒီအချိန်မှာ ဖိနပ်လေးအကြောင်း . . အထူးသဖြင့် ဖိနပ်လေး မန္တလေးမှာရောက်နေတဲ့အကြောင်း သူ့ကို မသိစေချင်သေးဘူး . . ."

"ကောင်းပါပြီ . . ဒါပေမယ့် . . မင်းမွေးနေ့ပါတီအတွက်တော့ မမ သူ့ကိုဖိတ်လိုက်မယ်နော် . . ."

"ဟာ . . ဒါတော့ ဖိတ်ရမှာပေါ့ဗျ . . ."

မမက ကျွန်တော့်ကိုကြည့်ပြီး ရယ်ပါတယ်။ အဲဒီ့တုန်းမှာပဲ ကျွန်တော့်စင်ဒရဲလားလေးက စာရွက်လေးတစ်ရွက်နဲ့ အခန်းထဲ ပြန်ဝင်လာပါတယ်။

"မမ . . . ဒီမှာ ကြည့်ပါဦး . . ကောင်းရဲ့လားမသိဘူး . ."

ကျွန်တော်ကလည်း စင်ဒရဲလားလေး ကွန်ပျူတာစီထားတဲ့ စာရွက်လေးကို လှမ်းကြည့်လိုက်မိပါတယ်။ သူမ စီထားတာက ကွန်ပျူတာဂရပ်ဖစ်သမားတွေရဲ့ လက်ရာကိုမမီပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ အတော်ကလေးကို သေသေသပ်သပ်လေး ရှိနေပါတယ်။ သူမရဲ့လက်ရာဟာ ကျွန်တော့်နှလုံးသားပေါ်မှာ ရိုက်နှိပ်လိုက်သလိုပဲ။

"ဟာ . . . ကောင်းလိုက်တာ . . အရမ်းလှတာပဲ . . ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး . . စာလုံးလေးတွေကို ညီနေတာပဲ . . . .”

ကျွန်တော်က မနေနိုင်မထိုင်နိုင် နှုတ်က ဖွင့်ဟချီးမွမ်းလိုက်တဲ့အခါ မမက မျက်စောင်းထိုးပါတယ်။

“စာလုံးပေါင်းသတ်ပုံတွေတော့ မှားနေတယ် ဟန်သာ . . စည်သူကျော်ဆိုတဲ့နာမည်က ကျော်မှာရှေ့ထိုးကျန်ခဲ့တယ် . . . ပြီးတော့ မွေးနေ့ပါတီဆိုတဲ့စာလုံးက မွေးမှာ ဟထိုးမထည့်ရဘူး . . အခုတော့ မွေ့နေ့ပါတီဆိုပြီး ဖြစ်နေပြီ . . . နောက်ပြီးတော့ ဘူဖေးညစာဆိုတဲ့နေရာမှာ ဘူဖင်ဆိုပြီး ဖြစ်နေတယ် . . .”

စင်ဒရဲလားလေးက မမထောက်ပြတဲ့ နေရာတွေကို ငုံ့ကြည့်ပြီး ရှက်ကိုးရှက်ကန်းနဲ့လျှာကလေးတစ်လစ်ထုတ်ပြီး ပြုံးပါတယ်။ ပြုံးပုံလေးက လှလွန်းလို့ ကျွန်တော် ငေးကြည့်မိပါတယ်။

“ဟာ . . ဒီလောက်လေးမှားတာ ကိစ္စမရှိပါဘူး မမရဲ့ . . ဟဲ ဟဲ . . ဧည့်သည်တွေက ဖိတ်စာတောင် သေသေချာချာဖတ်ကြမှာ မဟုတ်ဘူး . . ရတယ် . . ဒီအတိုင်းသာ ပရင့်ထုတ်လိုက် . .”

“စည်သူ . . မင်း မရှည်စမ်းနဲ့ . . ရော့ . . ဟန်သာ ဒီနေရာတွေ ပြန်ပြင်ပြီးရိုက်လိုက် . . ပြီးရင် တစ်ခါတည်း ပရင့်ထုတ်ခဲ့နော် . . လူငါးဆယ်လောက် ဖိတ်မှာဆိုတော့ မှန်းပြီးထုတ်လာခဲ့ . . .”

“ဟုတ်ကဲ့ . . မမ . .”

စင်ဒရဲလားလေးက ခေါင်းလေးငုံ့ပြီး ရှက်ကိုးရှက်ကန်းနဲ့ ပြန်ထွက်သွားတယ်။ ဒီတော့မှ မမက ကျွန်တော့်ကို ငေါက်ပါတယ်။

“မင်း ဘယ်လိုဖြစ်နေတာလဲ . . ကောင်မလေးကို မရှက်ဘူးလား . . ကွန်ဖြူလေးလည်း နည်းနည်းထိန်းဦးမှပေါ့ . . တကတည်းတော် . . သူ့ကောင်မလေး သူ့အတွက် ဖိတ်စာရိုက်လာပေးတာနဲ့ပဲ အူမြူးနေလိုက်တာ . . စာလုံးပေါင်းမှားတာတွေလည်း မပြင်နဲ့တဲ့ . . ဖိတ်စာဖတ်ကြည့်တဲ့ ဧည့်သည်တွေက ဘူဖင်ညစာဆိုတာနဲ့ ဘယ်



လောက် စိတ်ညစ်သွားမလဲ . . .”

ကျွန်တော်ရယ်လိုက်တော့ မမလည်းလိုက်ရယ်ပြီး ကျွန်တော့်ကို မျက်စောင်းထိုးပါတယ် . . မမက ဆက်ပြီးမှာတယ် . . .။

“ကောင်မလေး ပြန်ဝင်လာရင်လည်း အူမြူးပြမနေနဲ့ဦး . . . မွေးနေ့ပါတီကို လာဖို့လည်း မင်းဖာသာ ဖိတ်မနေနဲ့ . . မမကြည့်ဖိတ်လိုက်မယ် . . ပြီးတော့ မန္တလေးရောက်နေတဲ့ ဟိုဖိနပ်လေးကိုလည်း ပြန်ရလိုရငြား ဆက်သွယ်ကြည့်ဦး . . .”

“ဟာ . . ဒါမှ ကျွန်တော့်မမဗျ . . ဒါနဲ့မမကို မောင်နှမချင်းမေးရဦးမယ် . . ကျွန်တော်နဲ့စင်ဒရဲလားလေး . . အဲ . . ကျွန်တော့်ဂျူလိုင်ဟန်သာနဲ့ကို မမ သဘောတူသလား . .”

“အလိုတော် . . လုပ်ပြန်ပြီ . . အခွင့်အရေးလေး နည်းနည်းလေးပေးမိတာနဲ့ ရောင့်တက်နေလိုက်တာ . . မုန့်ဆီကြော်ကဖြင့် ဘယ်ဆီနေမှန်းမသိ . . .”

“လုပ်ပါဗျာ . . မမကလည်း . . ဒေါက်တာသောင်းထိုက်အောင်နဲ့ ကိစ္စကိုလည်း . . ဟီးဟီး . . ကျွန်တော်မျက်နှာပူပူနဲ့ သဘောတူပါတယ်ဗျာ . . .”

“တို့ကိစ္စက မင်းသဘောတူတူ မတူတူ အရေးကြီးဘူးကွ . . ဖေဖေ မေမေတို့ သဘောတူတာနဲ့တင် ကိစ္စကပြီးနေပြီ . . ဘာအခက်အခဲမှမရှိဘူး . . အင်းလေ . . မင်းကိုလည်း မောင်နှမချင်းမို့ ဖြေရမှာပေါ့ . . ဂျူလိုင်ဟန်သာနဲ့ဆိုရင်တော့ သိပ်တော့ပြောစရာမရှိပါဘူး . . မင်း လန့်ရမှာက ဖေဖေနဲ့မေမေပဲ . . .”

ခဏနေတော့ စင်ဒရဲလားလေးက ဖိတ်စာတွေကို ပရင့်ထုတ်လာပြီး မမကိုလာပေးပါတယ်။ ပြီးတော့ ကျွန်တော့်ကို မရဲတရဲ မျက်ခွံနဲ့တစ်ချက်ကြည့်တယ်။ ကျွန်တော် ရင်တွေခုန်လိုက်တာ။ ကောင်မလေး ကြည့်ရတာ တက္ကသိုလ်တုန်းက အဖြစ်အပျက်ကို လုံးဝ


တော်ဝင်မြို့မ စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



မှတ်မိပုံမရဘူး။ ကျွန်တော်နဲ့စင်ဒရဲလားလေး မျက်လုံးချင်းအစုံမှာ ကျွန်တော့်နှုတ်က ကျေးဇူးပဲလို့ လွှတ်ခနဲပြောထွက်သွားတော့ ကောင်မလေးက ရှက်စနိုးနဲ့ ခေါင်းညိတ်ပြတယ်။ ပြီးတော့ မမကိုခွင့်ပန်ပြီး အခန်းထဲက ပြန်ထွက်သွားပါတယ်။

"ရော့ . . . မောင်လေး . . စောင်ရေကို စစ်ကြည့်ဦး . . လိုရင်လည်း မမဆီ ဖုန်းလှမ်းဆက် . . . ဟုတ်ပြီလား . . ကဲ . . မင်းလည်း ဆိုင်ကိုသွားတော့ . . ."

ဒါနဲ့ ကျွန်တော်လည်း ဖိတ်စာတွေကို လှမ်းယူပြီး ထိုင်ရာက ထလိုက်ပါတယ်။ မမက ပြုံးတုံ့တုံ့နဲ့ မျက်စောင်းလှမ်းထိုးတဲ့အချိန်မှာ ကျွန်တော့်မျက်နှာက စပ်ဖြဲဖြဲဖြစ်နေပါလိမ့်မယ်။

"မမ . . ."

"ဟင် . . ."

"ဒီအတိုင်းဆိုရင်တော့ မမရဲ့အလုပ်ထဲကို ကျွန်တော်ဝင်လုပ်ရမလို ဖြစ်နေပြီ . . ."

"အောင်မယ် . . ."

"ဘာနဲ့အလားသဏ္ဌာန်တူသလဲဆိုတော့ အဲယားဘတ်စ်မောင်းတဲ့ ကပ္ပတိန်က တစ်ယောက်စီးလေယာဉ်လေးကို ဝင်မောင်းတော့မယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ . . ."

မမက အသံမထွက်အောင် ကျွန်တော့်ကို လှမ်းဆဲလိုက်မှုပဲ ကျွန်တော် မမအခန်းထဲက ထွက်လာခဲ့လိုက်တယ်။ ကျွန်တော့်ကို မမရဲ့ဝန်ထမ်းတွေက မသိမသာအကဲခတ်ကြသလို၊ စင်ဒရဲလားလေးကလည်း ကွန်ပျူတာရှေ့က ကျွန်တော့်ကိုလှမ်းကြည့်တယ်။ ကျွန်တော် ပြုံးပြလိုက်တဲ့အခါ သူမက ရှက်ကိုးရှက်ကန်းနဲ့ပြုံးယောင်ယောင်ပြုပြီး ခေါင်းကလေးငုံ့သွားတယ်။ မမဆီက ကျွန်တော်ထွက်လာတဲ့အခါ တစ်လမ်းလုံး ကျွန်တော် လေကလေးချွန်လို့။





စိတ်ထဲမှာ ကြည်နူးရွှင်ပြလာမိတယ်။ ဆိုင်ကိုရောက်တာနဲ့ ဝန်ထမ်းတွေကို မှာသင့်တာမှာပြီး ထပ်ခိုးပေါ် တက်ခဲ့ပါတယ်။ ပြီးတော့ သူရဆီကို ဖုန်းအရင်ဆက်တယ်။ ကျွန်တော့် မွေးနေ့ပါတီပွဲအတွက် သူ့တီးဝိုင်းက တာဝန်ယူပေးဖို့ ပြောလိုက်တဲ့အခါ ဒီကောင်က . . .

"အင်း . . . ငါတို့ကလည်း တီးချင်နေတာနဲ့ အတော်ပဲ . . ကိုယ်ချင်းအရင်းကြီးတွေပဲကွာ . . ကူညီရမှာပေါ့ . . တီးဝိုင်းခကတော့ တစ်ပြားမှမလျှော့နိုင်ဘူးကွနော် . . ဟဲ ဟဲ . . အလကားနောက်တာပါကွာ . . ဒါနဲ့ မင်းနိုနို့ဆီရော ဆက်ပြီးပြီလား . . ဒီကောင်ကလည်း မင်းမွေးနေ့ပါတီကို ဗီဒီယိုရိုက်ပေးလိမ့်မယ် . . ဪ . . မင်း သိပြီးပြီလား စည်သူ . . ဒီကောင် အခု ရုပ်ရှင်တစ်ကားရိုက်မလို့ လက်ခံထားလိုက်တယ် . . . သရဲဇာတ်ကွ . . အဲဒီ့ကားမှာ သူကိုယ်တိုင် ဝင်သရုပ်ဆောင်လိမ့်မယ် . . . ."

"ဟာ . . တယ်ဟုတ်ပါလား . . မင်းသားနေရာကလား"

"မဟုတ်ဘူး . . သရဲနေရာက . . ."

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူရယ်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၆)

ချစ်သူအတွက်ဆိုရင် ယောကျ်ားတွေဟာ ကောင်းကင်က ခုံကြယ်ကိုတောင် လှမ်းဆွတ်ပေးမယ်တဲ့ . . .။ ပြီးတော့ မြင်းမိုရ်တောင်ကိုတောင် တက်ပြဦးမယ်တဲ့။ ချစ်ခြင်းမေတ္တာကို ဖွဲ့နွဲ့ကြတဲ့ စကားတွေ သီချင်းတွေကို ကျွန်တော် သတိရနေမိတာပါ။

ကျွန်တော်ကတော့ ကျွန်တော့် စင်ဒရဲလားလေးအတွက်ဆို ခုံကြယ်ကိုလည်း မယူပေးနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ခုံကြယ်ဆီ ကျွန်တော်တို့ လူသားတွေ ရောက်ဖို့နေနေသာသာ အင်္ဂါဂြိုဟ်တို့ ဗုဒ္ဓဟူးဂြိုဟ်တို့ဆီပဲ ရောက်ပါစေဦး။

ပြီးတော့ မြင်းမိုရ်တောင်ကိုလည်း တက်မပြနိုင်ပါဘူး။ အမှန်အတိုင်းပြောရရင် မြင်းမိုရ်တောင် ဘယ်နေရာမှာရှိမှန်းတောင် မသိဘူး။ ကမ္ဘာမှာ အမြင့်ဆုံးတောင်ကတော့ ဧဝရက်တောင်ပဲ ထင်ပါတယ်။ အဲဒီ့ ဧဝရက်လည်း ကျွန်တော် တက်မပြနိုင်ပါဘူး။ ဘယ့်နှယ်ဗျာ . . ဒီလောက် ရေခဲတွေဖုံးနေပြီး ဒီလောက် မြင့်တာ။ မတော် တဆ ပြုတ်ကျပြီးသေရင် အခက်ပဲ။





ကျွန်တော့်စင်ဒရဲလားလေးကလည်း ကျွန်တော်နဲ့ချစ်သွားပြီဆိုရင် အဲဒီ့လိုတောင်တွေ တက်ခိုင်းတာတို့၊ ခုံကြယ်ကို ယူခိုင်းတာတို့ စတဲ့ ခပ်ကြောင်ကြောင်အလုပ်တွေကို လုပ်ခိုင်းလိမ့်မယ် မထင်ဘူး . . သူတကယ်လုပ်ခိုင်းမှာက ကျွန်တော့်ဝင်ငွေ ဒီ့ထက်ကောင်းအောင်၊ ပြီးတော့ ဖိနပ်လှလှလေးတွေ တစ်လတစ်ရံဝယ်ခိုင်းတာတို့လောက်ပဲလုပ်မှာ။

အခုတော့ ကျွန်တော့်အတွက်က စင်ဒရဲလားဖိနပ်လေး ပြန်ဆို့က ပိုအရေးကြီးလာပါပြီ။

ကျွန်တော်လည်း ခုတင်ပေါ်မှာ ပက်လက်ကလေးလှန်ပြီး ဒီနေ့ ကြုံဆုံခဲ့ရတဲ့ စင်ဒရဲလားနဲ့အဖြစ်အပျက်တွေကို ပီတိဖြစ်နေမိပါတယ်။ ဒါတောင် သူနဲ့ကျွန်တော်က ချစ်သူတွေဖြစ်ဖို့ဝေးစွ၊ ခင်မင်ရင်းနှီးသူတွေအဖြစ်ကိုတောင် မရောက်ကြသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီနေ့ ကြုံခဲ့ရတာတွေအတွက် ကျွန်တော် ကျေနပ်ပါတယ်။ မမအိုလည်း ကျေးဇူးတင်ပါတယ်။

တောင်တောင်အီအီ ဟိုလျှောက်စဉ်းစား ဒီလျှောက်စဉ်းစား လုပ်နေရင်းက ကျွန်တော့်စိတ်ထဲကို အင်တာနက်ဆိုတာကြီးက ရောက်လာတယ်။ ကြည့်စမ်း။ ဒီနေ့ခေတ်ဟာ အင်တာနက်ခေတ်ပဲ။ အင်တာနက်ရဲ့အစွမ်းအစနဲ့ဒီကမ္ဘာကြီးတစ်ခုလုံးကို လွယ်လွယ်ကူကူ ဆိတွေ့နေနိုင်ပြီပဲ။ ဒီအချက်ကို ကျွန်တော် ဘာလို့များ မတွေးမိခဲ့ဘာပါလိမ့်။

ကျွန်တော်လည်း အိပ်ရာကနေလူးလဲထပြီး နီနီ့ဆီကို ဖုန်းလှမ်းဆက်လိုက်ပါတယ်။ နီနို့ဆီမှာ အင်တာနက်တပ်ထားတယ်။ နောက်ပြီး ဒီကောင်က အင်တာနက်နဲ့နီးစပ်တယ်။ ရုပ်ရှင်သမားဆိုတော့ ရုပ်ရှင်နဲ့ပတ်သက်တာတွေမှန်သမျှ ဒီကောင်က အင်တာနက်မှာရှာတယ်။ ကျွန်တော်ကတော့ အင်တာနက်နဲ့ ကျွန်တော့်လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်မဆိုင်တာကတစ်ကြောင်း၊ စိတ်လည်း သိပ်မဝင်စားတာက တစ်ကြောင်းဆိုတော့ အင်တာနက်လည်း မတပ်ဘူး။ အင်တာနက် ကဖေးတွေမှာလည်း သွားမကြည့်မိဘူး . . .။

"ဟေ့ကောင် နိုနို . . . ငါပါကွ . . ဘာလဲ မင်းအိပ်နေပြီလား . . ."

"ဟာ . . ဒီအချိန်ကြီး ငါ မအိပ်သေးပါဘူး . . သရဲကားရိုက်ဖို့ . . ဇာတ်ညွှန်းဖတ်နေတာကွ . . အောင်မလေး . . ဖတ်ရင်းနဲ့ ငါကြောက်ကြောက်လာလို့ကွာ. . ဒုက္ခပဲ . . ဆက်ဖတ်ရင် ကောင်းမလား . . ရပ်လိုက်ရကောင်းမလား စဉ်းစားနေတာ . . မင်း အားနေတယ်ဆိုရင် ငါ့ကို ဇာတ်ညွှန်းထဖတ်ပေးစမ်းကွာ . . ."

"အားအားယားယားကွာ . . . မင်း ဒါရိုက်တာပဲ . . မင်းဘာသာဇာတ်ညွှန်းဖတ်ပေါ့ . . ဒါနဲ့ မင်းသရဲဇာတ်ကားမှာ သချိုင်းတို့၊ အလောင်းတို့ပါသလား . . ."

"အေးပါတယ် . . ."

"ပါရင် ကောင်းတာပေါ့ကွ . . မင်းတောင် ကြောက်ရင် ပရိသတ်လည်း ကြောက်မှာပဲ . . ဒီလိုကွ . . မင်းကို အားလည်းအားနာပါတယ် . . အားလည်းအားမနာပါဘူး . . ကိုယ့်သူငယ်ချင်းအရင်းကြီးတွေပဲကွာနော့ . . ."

"မင်း ဒီလောက်စကားခံနေရင်တော့ ငါ့ကိုနှိပ်စက်တော့မယ် ထင်တယ် . . ကဲ . . ပြောကွာ . . ဘယ်လိုနှိပ်စက်မလို့လဲ"

"ဒီလိုကွ . . နိုင်ငံခြားက ဖိနပ်ကုမ္ပဏီတွေရဲ့ အင်တာနက်ဝက်ဘ်ဆိုက်တွေကို မင်းရှာကြည့်ပေးစမ်း ဟေ့ကောင် . . အထူးသဖြင့် ယိုးဒယားကုမ္ပဏီတွေထဲမှာ . . အဲဒီ့ထဲမှာ စင်ဒရဲလားဖိနပ်လေး ထုတ်တဲ့ ကုမ္ပဏီရှိလိမ့်မယ် . . သူတို့ထုတ်လုပ်ထားတဲ့ ဖိနပ်ကတ်တလောက်တွေကို မင်းတတ်နိုင်သလောက် Down Load လုပ်ပေး





စမ်းကွာ . . ဒီညပဲ လုပ်ထားပေး . . မနက်ကျရင် မင်းဆီ ငါဝင်ယူမယ် . . မင်းမှာ Memory Stick အပိုရှိတယ် မဟုတ်လား"

"ဟေ့ကောင် စည်သူ . . . မင်း ကြောင်နေပြီလား . . အင်တာနက်ဝက်ဘ်ဆိုက်မှာ ဖိနပ်ကုမ္ပဏီတွေက အများကြီးနော် . . ငါက မင်းစင်ဒရဲလားဖိနပ်လေးရဲ့ လိပ်စာလည်း သိတာမဟုတ်ဘူး . . အကုန်သာဖွင့်ကြည့်ပြီး လိုက်ရှာနေရရင် မိုးလင်းသွားလိမ့်မယ် . . . ပြီးတော့ မင်းကွာ . . . ကောင်မလေးကို လက်လျှော့လိုက်ဖို့ကောင်းပြီ . . ကောင်မလေး မင်းဆိုင်ကို ပြန်လာရင်လည်း ဖိနပ်ရောင်းလိုက်ပြီလို့ ပေါ်တင်သာ ပြောလိုက်ပေတော့ . . ."

"ငါ အရင်ကတော့ မင်းပြောသလိုပဲ လုပ်မလို့ . . စိတ်ကူးပါတယ်ကွ . . . ဒါပေမယ့် အခု ငါ့စင်ဒရဲလားလေးကို ပြန်တွေ့ပြီ . . တွေ့တာမှ အတော့်ကို နီးနီးကပ်ကပ်နေရာမှာ ပြန်တွေ့တာ . . အဲဒီ့တော့ ဖိနပ်ကလေးပြန်ရဖို့က ငါ့အတွက် အရမ်းအရေးကြီးတယ်"

ကျွန်တော်လည်း မမ၏ စာရင်းအင်းအဖွဲ့မှာ ကျွန်တော့်စင်ဒရဲလားလေးဝင်အလုပ်လုပ်နေပုံကို ဒီကောင့်ကိုပြောပြလိုက်တဲ့အခါ သည်ကောင်အံ့ဩသွားပုံရပါတယ်။

"ဟ . . ဟုတ်လား . . ဒါဆို မင်းအတွက် အခြေအနေကောင်းတာပေါ့ . . ဒါနဲ့နေပါဦး . . အဲဒီ့ ဖိနပ်ကတ်တလောက်တွေကို မင်း ရှာကြည့်ပြီး ဖိနပ်အမျိုးအစားကိုတွေ့ပြီဆိုရင် မင်းက အဲဒီ့ဖိနပ်ကို လှမ်းမှာမလို့လား . . ."

"အေးပေါ့ကွ . . ."

"ရှုပ်ပါ့ကွာ . . ကဲ . . ဟုတ်ပါပြီ . . ငါ အင်တာနက်ဖွင့်ပြီး ကူးထားလိုက်မယ် . . မနက်ကျ ငါအိပ်နေရင် မနှိုးနဲ့ . . အိမ်ကို ငါပြောထားလိုက်မယ် . . ဝင်သာယူလိုက် . . ဩော် . . ဟေ့ကောင် . . စနေနေ့ဘုရားမှာ ထီးဖြူခုနစ်လက် မင်းလှူရမယ်နော် . . ငါ



www.burmeseclassic.com

www.burmeseclassic.com





လာခေါ်မယ် . . မေ့မနေနဲ့ဦး . . . "

နီနီ ဖုန်းချသွားပါတယ်။ နီနီ့ဆီက ဖုန်းချအပြီးမှာ ကျွန်တော်လည်း အင်တာနက်ဝက်ဘ်ဆိုက်ပေါ်က ဖိနပ်ကုမ္ပဏီတွေရဲ့အကြောင်း ဆက်စဉ်းစားမိပါတယ်။ လွယ်တော့မလွယ်ပါဘူး။ ကုမ္ပဏီတွေကလည်း အများကြီး။ ကျွန်တော်ကလည်း စင်ဒရဲလားဖိနပ်လေး ထုတ်လုပ်တဲ့ ကုမ္ပဏီကို မမှတ်လိုက်မိတဲ့အပြင် ယိုးဒယားလုပ် ဖိနပ်လို့ ထင်မိပေမယ့် ဟောင်ကောင်လည်း ဖြစ်နိုင်ပါတယ်။

အနောက်နိုင်ငံတွေက ထုတ်လုပ်တဲ့ ဖိနပ်လေးသာဆိုရင် ပိုလို့တောင်ရှာရခက်ဦးမယ်။ ဒါပေမယ့် ရှာတော့ရှာကြည့်ရမှာပဲ၊ တွေ့လိုတွေ့ငြားပေါ့။ အဲဒီလို စဉ်းစားနေတုန်းမှာပဲ ကျွန်တော့်ဖုန်းကလေးဟာ မြည်လာပြန်ပါတယ်။ ဖွင့်ကြည့်လိုက်တော့ ခင်သက်မွန်ရဲ့ ဖုန်းဖြစ်နေကြောင်းသိရပါတယ်။

"အင်း . . ခင်သက်မွန်လား . . မအိပ်သေးဘူးလား . . ဆယ်နာရီတောင် ခွဲနေပြီ . . . "

"ဟင့်အင်း မအိပ်သေးဘူး . . အခုလေးတင်ပဲ . . မန္တလေးက ကလျာစိမ့်ဆီက ဖုန်းရလို့ စည်သူ့ဆီဆက်လိုက်တာ . . . "

"ဟင် . . . . "

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပါတယ်။ ဖိနပ်ကလေး ပြန်ရတော့မှာပါလား။ ဒါကြောင့် ကျွန်တော်လည်း ကမန်းကတမ်း ပြန်မေးလိုက်မိပါတယ်။

"ဘာတဲ့လဲ ဟင် . . . "

"ဟင်း ဟင်း . . . "

အောင်မာ။ ခင်သက်မွန်က ချက်ချင်းပြန်မပြောသေးဘဲ ခပ်ညှင်းညှင်းလေး ရယ်နေပါတယ်။ ဧကန္တတော့ ကျွန်တော့်ဆီက လက်ဆောင်တစ်ခုခုနဲ့ ဖိနပ်ကို လဲချင်နေပြီထင်တယ်။ ကျွန်တော် တဲ့ကောင်ကလည်း ဖိနပ်လေးသာ ပြန်ရမယ်ဆို ဘာပဲလုပ်ရ လုပ် လုပ်မယ့်ကောင်။ ကိစ္စမရှိပါဘူး။ လူကလွဲရင် ဘာမဆိုလုပ်ပေးနိုင် ယ် . . . ဟဲ ဟဲ။

"ဟင်း ဟင်း . . ပြောရမှာလည်း အားနာတယ် . . သိလား"

"ဟာ . . ဖိနပ်ကလေးပြန်ရမယ်ဆိုရင် ဘာမှအားနာစရာ ပါဘူး . . . ခင်သက်မွန် ဘာလက်ဆောင်လိုချင်သလဲပြော . . ။ တော့ ကလျာစိမ့်ပြန်လာရင်လည်း သူ့ကိုလက်ဆောင်တွေ ပေးဦး . . . "

"ကိုစည်သူ . . . "

"ဗျာ . . . "

"ဟို ဖိနပ်လေးပျောက်သွားပြီ . . . "

"ဗျာ . . . "

သူမ ပြောလိုက်တဲ့စကားက ကျွန်တော့်ရင်ဘတ်ကို အရှိန် ပြင်းပြင်းနဲ့ဆောင့်ကန်လိုက်သလိုပါပဲ။ အဲဒီတုန်းမှာ ခင်သက်မွန်က က်ရှင်းပြတယ်။

"ကလျာစိမ့် မန္တလေးကိုရောက်တော့ တက္ကစီငှားစီးမိတယ် . . အဲဒီမှာပဲ . . ဖိနပ်လေးက တက္ကစီပေါ်မှာ မေ့ပြီးကျန်သွား . . သူလည်း ကိုစည်သူ့ကို အားနာပြီး လက်လှမ်းမီရာ တက္ကစီ မားတွေကနေတစ်ဆင့် ဖိနပ်ကို ပြန်စုံစမ်းကြည့်သေးတယ် . . ပေမယ့် ဘယ်လိုမှရှာမရဘူး . . ကားနံပါတ်လည်း မမှတ်မိလိုက် တဲ့ . . . "

ကျွန်တော် ဘာများတတ်နိုင်တော့မှာလဲ။ ဖိနပ်လေးရဲ့ တ်လမ်းလေးက ပြီးသွားပြီပေါ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ကွန်ပျူတာနဲ့ နီနီကူးပေးထားတဲ့ အင်တာနက် ထဲက ဖိနပ်ကုမ္ပဏီတွေရဲ့ ကတ်တလောက်တွေကို နာရီဝက်လောက် ထိုင်ကြည့်နေပေမယ့် စင်ဒရဲလားဖိနပ်လေးနဲ့တူတဲ့ ဖိနပ်မျိုးလေး ခပ်ဆင်ဆင်တူတာတောင်မှ မတွေ့ပါဘူး။

ကျွန်တော်လည်း စိတ်ပျက်လက်ပျက်နဲ့ ကွန်ပျူတာကို ပိတ် တော့မလို့လုပ်ပြီးတော့မှ ကုမ္ပဏီတစ်ခုရဲ့ကတ်တလောက်ကို ဖွင့် ကြည့်မိပါတယ်။ အဲဒီတော့မှ စင်ဒရဲလားဖိနပ်လေးကို သွားတွေ့ တော့တယ်။

လုံးဝ မမှားပါဘူး။ စင်ဒရဲလား ဖိနပ်လေးနဲ့ချွတ်စွပ်ကိုတူ ပါတယ်။ အခုဆိုရင် ဘာမှစိတ်ပူစရာမလိုတော့ဘူး။ အဲဒီကုမ္ပဏီဆီ ကို အွန်လိုင်းပေါ်ကပဲ ဆက်သွယ်ပြီး ဖိနပ်လေးရဲ့ဈေးနှုန်းမေးတာ ဆိုဒ်ရွေးတာတွေလုပ်ပြီး ဒီကနေလှမ်းဝယ်လိုက်ဖို့ပါပဲ။

အဲဒီတုန်းမှာပဲ ကျွန်တော့်ရဲ့စင်ဒရဲလားလေးဟာ ဖိနပ်ဝယ် ဖို့ ဆိုင်ထဲကိုဝင်လာပါတယ်။ သူမတစ်ယောက်တည်းပါ။ အလုပ်သွား ရင်း လှည့်ဝင်လာတဲ့ပုံပါပဲ။ သူ မီမီ့ဆီကို လျှောက်သွားပြီး မီမီ့တို့





တစ်စုံတစ်ခုပြောတဲ့အခါ မီမီကလည်း တစ်စုံတစ်ခုပြန်ပြောပါတယ်။ ပြီးတော့ စင်ဒရဲလားလေးကို ကျွန်တော်ရှိတဲ့ ထပ်ခိုးပေါ် လက်ညှိုး ထိုးပြပါတယ်။

ကျွန်တော်လည်း ရင်တွေချက်ချင်းခုန်လာပါတယ်။ စင်ဒရဲ လားလေးကို မီမီက ဦးဆောင်ခေါ်လာလို့ သူမ ထပ်ခိုးပေါ်ရောက် လာတယ်။ ကျွန်တော့်ကို မြင်သွားတော့ သူမ အံ့အားသင့်သွားတယ်။

"ဩော် . . . ဟိုဒင်း . . မမရဲ့မောင် . . ကိုစည်သူ မဟုတ် လားဟင် . . ."

"ဟုတ်ပါတယ် . . . ကျွန်တော်တို့ တစ်နေ့ကတောင် တွေ့ ကြသေးတာပဲ . . ဖိတ်စာရိုက်ပေးတာ ကျေးဇူးပဲနော် . . ဩော် . . ထိုင်ပါ . . ."

သူမ ကျွန်တော့်ရှေ့က ကုလားထိုင်မှာ ထိုင်ပါတယ် . . သူမ ကျွန်တော့်ကို ကြည့်ပြန်တယ် . .။

ဒါပေမယ့် ကျောင်းမှာ ကြုံခဲ့တဲ့ အဖြစ်အပျက်ကိုတော့ မှတ်မိပုံမရဘူး . . .။

"မမကလည်း အရင်က မပြောဖူးဘူး . . လုပ်ဖော်ကိုင်ဖက် တွေကလည်း မမရဲ့မောင် . . ဖိနပ်ဆိုင်ဖွင့်ထားတာ မပြောကြဘူး"

"သူတို့ကို မမက အသိမပေးထားလို့ပါ . . အင်း . . မမက ကျွန်တော် ဖိနပ်ဆိုင်ဖွင့်တာကိုပဲ ရှက်နေတာ . . ."

"အို . . မမကလည်း . . စီးပွားရေးလုပ်တာပဲ . . ဘာရှက် စရာလိုလို့လဲ . . မဟုတ်ဘူးလား . . ."

"ဒီလို . . . မမက ယောကျ်ားတစ်ယောက်အနေနဲ့ ဖိနပ် ဆိုင်မဖွင့်ဘဲ တခြားစီးပွားရေးပဲ လုပ်စေချင်တယ် . . ပြီးတော့ ကျွန် တော်ဖွင့်တဲ့ဖိနပ်ဆိုင်ကလည်း မိန်းမစီးဖိနပ်ဆိုင်ကိုး . . ."

သူမ မသိမသာပြုံးပါတယ်။ နှုတ်ခမ်းထောင့်လေးကွေး



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရုံပြုံးတာ။ ဆံပင်လေးတွေက နူးညံ့သိမ်မွေ့နေပြီး နဖူးပြင် ဝင်းဝင်းလေးပေါ်ကို ကပိုကရိုကျနေပုံဟာ ကဗျာဆန်နေပါတယ်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့ဟာ တင့်တယ်စွာ လှပနေပါတယ်။ နှုတ်ခမ်းနှစ်လွှာဟာ ဆိုးဆေးမဆိုးထားဘဲ ပန်းနု သွေး ပြေးနေပါတယ်။

"ဟိုနေ့က ကျွန်မ မဝယ်ဖြစ်တဲ့ဖိနပ်လေးတစ်ရံ . . ကျွန်မ လာဝယ်တာပါ . . . နောက်တစ်ခေါက် ကျွန်မ ထပ်လာဝယ်သေး တယ် . . ဖိနပ်က ကောင်တာဗီရိုမှာမရှိတော့ဘူး . . ကိုစည်သူ သိမ်း ထားပေးတယ်ပြောလို့ . . ."

စိတ်တွေလှုပ်ရှားလွန်းလို့ ကျွန်တော့်အသံတွေတောင် တုန် သွားတယ်။

"မဂျူလိုင်ဟန်သာ . . ."

"ကျွန်မကို ဂျူလိုင်လို့ခေါ်နိုင်ပါတယ် . . မမကတော့ ထူး ထူးဆန်းဆန်းပဲ . . သူများခေါ်သလိုမခေါ်ဘဲ ဟန်သာတဲ့ . . ."

"ဪ . . ဟုတ်ကဲ့ . . ဒါဆိုလည်း ကျွန်တော်ဂျူလိုင်လို့ပဲ ခေါ်မယ်နော် . . . ဂျူလိုင် . . ဂျူလိုင် . . ."

"ရှင် . . . ရှင် . . ."

"ဗျာ . . ."

ကျွန်တော် ခေါ်ကောင်းကောင်းနဲ့ နှစ်ခွန်းလောက်ဆက် ခေါ်မိတော့ စင်ဒရဲလားလေးက တရှင်ရှင်နဲ့ထူးလို့ ကျွန်တော်လန့် သွားတယ်။

"ဟာ . . မဟုတ်ဘူး . . မိန်းကလေးတစ်ယောက်ရဲ့နာမည် က ဂျူလိုင်ဆိုပြီး တစ်ခါမှမခေါ်ခဲ့ဖူးလို့ လျှာအကျင့်ဖြစ်အောင် ခေါ် ကြည့်လိုက်တာ . . ."

သူမက ဒီတော့မှ ပြုံးတယ်။





"ဟိုလေ . . ကျွန်မ အချိန်သိပ်မရလို့ . . ဖိနပ်ဝယ်ပြီး သွား ပါရစေတော့နော် . . မမက အချိန်တိကျမှုကြိုက်တာ . . ."

ကျွန်တော် နာရီကြည့်လိုက်တယ်။

ဟုတ်တာပေါ့လေ။ စီးပွားရေးလုပ်ကိုင်နေတဲ့သူတွေက သူ တို့နဲ့ဝန်ထမ်းတွေကို တတ်နိုင်သမျှ အလုပ်တာဝန်တွေနဲ့ပဲ ထိတွေ့ နေစေချင်တတ်တာပဲ။

"ကားနဲ့လာတာလား ဟင် . . ."

"မဟုတ်ဘူး . . ဘတ်စ်နဲ့ပဲ . . ."

"ဒီလို ဂျူလိုင် . . ဖိနပ်လေးက လောလောဆယ်ဆိုင်မှာ မရှိဘူး . . အဲဒီတော့ ဂျူလိုင် ခဏလေးစောင့်ပေးပါ . . . ရကိုရပါ စေမယ် . . ."

စင်ဒရဲလားလေး မျက်မှောင်ကုတ်သွားပါတယ်။

"ရောင်းလိုက်လို့လားဟင် . ."

"မဟုတ်ပါဘူး . . ဒီ ဖိနပ်ရဖို့ တစ်ပတ်လောက်ပဲ စောင့် ပေးပါနော် . . ရတာနဲ့ ကျွန်တော်ကိုယ်တိုင် ဂျူလိုင့်ဆီ လာပို့ပါ့မယ်"

"အားနာစရာ . . ဂျူလိုင်ပဲ လာယူပါ့မယ် . ."

"မဟုတ်တာ . . ကျွန်တော်ပဲ လာပို့မယ် . . ဘာဖြစ်လို့လဲ ဆိုတော့ ဒါဟာ ဈေးကွက်စီးပွားရေးစနစ်ပဲလေ . . ရောင်းသူနဲ့ ဝယ် သူကြားမှာ Door to Door စနစ်ပဲပေါ့ ဟဲ ဟဲ . ."

အဲဒီတော့မှ ခေါင်းညိတ်ပြီး မတ်တတ်ထရပ်သည်။

"ဂျူလိုင့်လိပ်စာလေး သိရမလား . ."

"ဟို . . အိမ်ကိုတော့ လာမပို့စေချင်ဘူး . ."

"ကောင်းပြီလေ . . စာရင်းအဖွဲ့ကိုပဲ ကျွန်တော် လာပို့မယ်"

"ဒါဆို ကျွန်မ ပြန်တော့မယ်နော် . . ."

"ဟုတ်ကဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



သူမ အောက်ကိုပြန်ဆင်းသွားမှ ကျွန်တော်လည်း သူ့နောက်က လိုက်သွားမိတယ်။ ဆိုင်ပြင်ရောက်သွားတဲ့သူမကို ကျွန်တော် လှမ်းခေါ်လိုက်မိတယ်။

"ဂျူလိုင် . . ."

"သြော် . . ."

"ကျွန်တော်လည်း အဲဒီဘက် သွားစရာရှိလို့ လမ်းကြုံတယ် . . ကျွန်တော့်ကားနဲ့လိုက်ခဲ့ . . . လာ . . ."

သူမ အားနာဟန်နဲ့ပြုံးတယ်။ ဒါပေမယ့် ဘာမှတော့မပြော ဘူး . . ဒါနဲ့ပဲ သူမကို ကျွန်တော်လိုက်ပို့မိပါတယ်။

ကျွန်တော်က ကားမောင်းနေရင်းနဲ့ သူမဆီကို မသိမသာ ခိုးကြည့်မိတော့ သူမက ပြတင်းအပြင်ကို ငေးနေတယ်။ သူမနဲ့ကျွန် တော် နီးကပ်လွန်းလို့ သူမရဲ့လည်တိုင်က အကြောစိမ်းလေးတွေထိ တောင် မြင်နေရပါတယ်။

"တစ်ခါတုန်းကပေါ့ဗျာ . . . တက္ကသိုလ်မှာ ကောင်မလေး တစ်ယောက် ဒေါက်ဖိနပ်လေး ဒေါက်တစ်ဖက်ကျိုးသွားလို့ ဒုက္ခ ရောက်နေရှာသတဲ့ . . အဲဒီတုန်းမှာ ကျောင်းသားတစ်ယောက်က ကောင်မလေးကို အကူအညီပေးဖို့အနားကို ရောက်သွားတယ်။ ပြီး တော့ ကောင်မလေးရဲ့ဒေါက်ဖိနပ်အကောင်းတစ်ဖက်က ဒေါက်က လေးကို ရိုက်ချိုးပြီး ဖိနပ်နှစ်ဖက်ကို ညီသွားအောင် လုပ်ပေးလိုက် တယ်။ ကောင်မလေးကတော့ သူ့ဖိနပ်လေး ပျက်စီးသွားလို့ အဲဒီ ကျောင်းသားကို သိပ်မကြည့်ဘူး . . ."

စင်ဒရဲလားလေးဟာ ကျွန်တော်စကားစပြောကတည်းက ကျွန်တော့်စကားကို အာရုံစိုက်နားထောင်နေရင်းနဲ့ သူမ မျက်နှာမှာ အံ့အားသင့်တဲ့ပုံ ပေါက်လာပါတယ်။

"အဲဒီကျောင်းသားဟာ ကောင်မလေးရဲ့ပျက်စီးသွားတဲ့



ဖိနပ်လေးအတွက် စိတ်မကောင်းလို့ နောက်ပိုင်းရက်တွေမှာ ကောင် မလေးကို လိုက်ရှာသေးတယ် . . ဒါပေမယ့် လုံးဝ မတွေ့တော့ဘူး"

စင်ဒရဲလားလေးက ကျွန်တော့်မျက်နှာကို ဖျတ်ခနဲကြည့် တယ်။

"ကိုစည်သူက အဲဒီတုန်းက ကျွန်မကို ကူညီခဲ့တဲ့ ကျောင်း သားလား ဟင် . . ."

ကျွန်တော် ပြုံးမိသွားပါတယ်။ ပြုံးရတာ အရသာသိပ်ရှိ တာပဲဗျာ. . . အခုဆိုရင် စင်ဒရဲလားလေး ကျွန်တော့်ကို မှတ်မိ သွားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



(၇)

"ဂျူလိုင် . . ."

"တစ်ဖက်က တိတ်ဆိတ်နေပါတယ်။ ကျွန်တော်လည်း နောက်တစ်ခွန်း ထပ်ခေါ်လိုက်မိပါတယ်။

"ဂျူလိုင် . . ."

"ရှင် . . ."

သူမရဲ့အသံကလေးဟာ တယ်လီဖုန်းထဲမှာတောင် လွင်နေပါတယ်။

"ကျွန်တော်ဖုန်းဆက်လိုက်လို့ အနှောင့်အယှက်များ ဖြစ်သွားသလား ဟင် . . ."

"အို . . မဖြစ်ပါဘူး . . ရပါတယ် . ."

"ထမင်းစားပြီးပြီလား . ."

"အင်းပေါ့ . . ဆယ်နာရီပဲ ထိုးနေပြီဥစ္စာ . . ကိုစည်သူရော စားပြီးပြီလား . . ."

"အင်း . . ဒါနဲ့ဂျူလိုင် . . ကျောင်းပြီးတာနဲ့ စာရင်းအင်း





ဒီပလိုမာတွေ ဆက်တက်တာပဲလား ဟင် . . ."

"ဟုတ်ကဲ့ . . ."

"ကျွန်တော့်မွေးနေ့ပါတီကို လာမှာလားဟင် . . ."

"ဟုတ်လေ . . ဂျူလိုင် အားရင်တော့လာခဲ့ပါ့မယ် . . မမကလည်း အားလုံးကို ဖိတ်ထားပါတယ် . . ."

"ဂျူလိုင် . . ."

"ရှင် . . ."

"ကျွန်တော်ကတော့ ကျောင်းပြီးတာနဲ့ ဖိနပ်ဆိုင်ဖွင့်ဖို့ပဲ စိုင်းပြင်းတော့တာ . . ဖေဖေ၊ မေမေတို့က ကျွန်တော့်ကို တခြားစီးပွားရေးလုပ်စေချင်တယ် . . မမကလည်း အဲဒီလိုပဲ . . ဒါပေမယ့် ကျွန်တော်ကတော့ သူတို့ ကန့်ကွက်နေတဲ့ကြားကပဲ . . ဖိနပ်ဆိုင်ကို ဖွင့်ခဲ့တယ် . . ဆိုင်နာမည်ကိုလည်း စင်ဒရဲလားဖိနပ်ဆိုင်လို့ နာမည်ပေးခဲ့တယ် . . ကျွန်တော်လေ . . အဲဒီဖိနပ်ဆိုင်ဖွင့်မိကတည်းက တစ်စုံတစ်ယောက်ကို မျှော်နေခဲ့ပါတယ် . . ."

တစ်ဖက်က လုံးဝငြိမ်သက်နေပါတယ်။

"ကျွန်တော် ဘာလို့ဒီလို ဖိနပ်ဆိုင်ကို ဖွင့်ခဲ့တာလဲ . . ဂျူလိုင် သိလား . ."

"အို . . ဂျူလိုင် ဘယ်သိပါ့မလဲ . . . ကိုစည်သူစိတ်နဲ့ ကိုစည်သူပဲဟာ . . ."

"မိန်းမစီး ဖိနပ်ဆိုင်ကို ယောကျ်ားတွေ မလာဘဲ . . မိန်းကလေးတွေသာ လာဝယ်ကြပါတယ် . . ဒါကြောင့်ပဲ မိန်းမစီးဖိနပ်ဆိုင်သီးသန့် ကျွန်တော် ဖွင့်ခဲ့တာ . . ကျွန်တော်ပြောတဲ့ တစ်စုံတစ်ယောက် ကျွန်တော့်ဆိုင်ကို ရောက်လာစေချင်လို့ပါ . . အဲဒီ တစ်စုံတစ်ယောက်ဟာ ဘယ်သူလဲ ဂျူလိုင်သိလား ဟင် . . ."

"အို . . ဂျူလိုင် ဘယ်သိပါ့မလဲ . . ကိုစည်သူရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ့တစ်စုံတစ်ယောက်ဟာ တခြားသူမဟုတ်ပါဘူး . . . ဂျူလိုင်ကိုယ်တိုင်ပါပဲ . . ဘာပဲဖြစ်ဖြစ် . . ဂျူလိုင်နဲ့ကျွန်တော် အခုလို ပြန်တွေ့ရတာ ကျွန်တော် အရမ်းဝမ်းသာတယ် . . ဒီတစ်ခါတော့ ဂျူလိုင့်ဘဝတစ်သက်တာအတွက် ဖိနပ်ပြတ်မှာ . . ဒေါက်ကလေး ကျိုးသွားမှာကို လုံးဝမပူစေရတော့ပါဘူး . ."

"ဩော် . . စကားတွေ ကောင်းနေလိုက်တာဗျာ . . မနက်ကို ဂျူလိုင်အလုပ်စောစောသွားရမှာမဟုတ်လား . . အိပ်တော့နော် . . ကျွန်တော် ဖုန်းချလိုက်တော့မယ် . . ."

ကျွန်တော်လည်း ခုတင်ပေါ် မှောက်ပြီး ဂျူလိုင့်ကို စကားတွေ ပြောနေမိခြင်းဖြစ်ပြီးတော့ ကျွန်တော့်အနားမှာ မမရောက်နေတာကို လုံးဝမသိလိုက်ဘူး . . .။

"အံ့ရော . . သူ့ကောင်မလေးကိုကျတော့ ဖိနပ်ပြတ်မှာ မစိုးရိမ်နဲ့တဲ့ . . ဒေါက်ကျိုးမှာလည်း မစိုးရိမ်နဲ့တဲ့ . . . ဖိနပ်ဆိုင်ကြီး တစ်ဆိုင်လုံး ကောင်မလေးလက်ထဲ ထည့်တော့မယ်ပေါ့လေ . ."

ကျွန်တော် အရှက်ပြေ ရယ်လိုက်မိပါတယ်။

"ဒါနဲ့ မင်းဖုန်းပြောနေတာ မမ အကုန်ကြားတယ် . . မင်းပြောတာတွေက သူ့ကို ရည်းစားစကားမပြောရုံတမယ်ပဲ . . ကောင်မလေး မင်းကို ပြန်ကြိုက်လိမ့်မယ်လို့ မင်း ထင်သလား . ."

"မသိဘူး မမ . . . မိန်းမတွေရဲ့စိတ်ဟာ မှန်းရခက်တယ်ဗျ . . သူ့မှာ မမတို့ ကျွန်တော်တို့ မသိနိုင်တဲ့ ရည်းစားလည်းရှိနေနိုင်တယ် . ."

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ . . သူ ကျွန်တော့်ကို ပြန်ကြိုက်သည်ဖြစ်စေ၊ ပြန်မကြိုက်သည်ဖြစ်စေ၊ ကျွန်တော်ကတော့ သူ့ကို ချစ်နေမှာပဲ . . . အခုလည်း ဖိနပ်လေးပြန်ရဖို့ ကျွန်တော် အစွမ်းကုန်ကြိုးစားမယ် . . ဒါဟာ ကျွန်တော့်အချစ်အတွက် သက်သေပဲ . . ."

တော်ဝင်မြို့မ စာအုပ်တိုက်



"ဆန်းတော့ ဆန်းတယ်ကွနော် . . ဒီလိုအချစ်မျိုးကို မမ အရင်က မတွေ့ခဲ့ဖူးဘူး . . တစ်ခုတော့ ရှိတယ် . . မင်းစိတ်ကူးမှား အယဉ်လွန်နေသလား . . တကယ်တော့ အချစ်ဆိုတာ လက်တွေ့ပဲ ဆန်တယ် မဟုတ်ဘူးလား . . ."

"အချစ်ဆိုတာ စိတ်ကူးယဉ်လား . . လက်တွေ့လားတော့ ကျွန်တော် မသိဘူး . . ဒါပေမယ့် သူ့ကို စိတ်ချမ်းသာစေချင်တယ် . . သူပြုံးနေရင် ကျွန်တော် ကျေနပ်တယ် . . သူ့လိုအင်ဆန္ဒတွေကို ကျွန်တော်ရအောင် ဖြည့်ဆည်းပေးချင်တယ် . . ."

"အင်း . . ဟန်သာ ကံကောင်းပါတယ် . . မင်းကတော့ ကံကောင်းမလား . . . ကံဆိုးမလားတော့ မသိပေမယ့် . . မမ ဆုတောင်းပေးပါတယ် . . ငါ့မောင်လေး အချစ်ရေးမှာ ကံကောင်းပါစေ . . ပြီးတော့ အိမ်ထောင်ရေးမှာပါ ကံကောင်းပါစေ . . ."

မမက ကျွန်တော့်ခေါင်းက ဆံပင်တွေကို ပွတ်ပေးပြီး အခန်းထဲက ပြန်ထွက်သွားပါတယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားမှာ ပန်းလှူတာတို့၊ ဆီမီးပူဇော်တာတို့ကို အရင်က ကျွန်တော်လုပ်ခဲ့ဖူးပေမယ့် အခုလို ထီးဖြူခုနစ်လက်လှူတာကျတော့ တစ်ခါမှ မလုပ်ဖူးပါဘူး။

ဒါပေမယ့် ဒီကိစ္စမျိုးနဲ့ပတ်သက်ရင်တော့ နီနီကတော့ ရေရေလည်လည်ကို ကျွမ်းပါတယ်။ ကားပေါ်မှာကတည်းက သူက ဘာကြောင့်ထီးဖြူခုနစ်လက် ပူဇော်ရတဲ့အကြောင်း၊ စနေနေ့ကို ဘာကြောင့်ရွေးရတဲ့အကြောင်း ပြီးတော့ ဘာကြောင့်စနေထောင့်မှာ ကပ်လှူရတဲ့အကြောင်းတွေကိုပါ ရှင်းပြပါတယ်။

"ဖိနပ်ဆိုတာ တကယ်တော့ စနေနံကွ . . ဒါကြောင့် စနေနေ့နဲ့စနေထောင့်ကိုရွေးလိုက်တာ . . ထီးဖြူကျတော့ စနေနံနဲ့ ကြာသပတေးတွဲထားတာ မဟုတ်လား . . ဖိနပ်နဲ့ဆို ကက်ကင်းကျတယ် . . . ခုနစ်လက်ဆိုတာကလည်း ခုနစ်ဆိုတဲ့ဂဏန်းဟာ စနေကိုကိုယ်စားပြုတယ်ကွ . . . အားလုံးဟာ အဓိပ္ပါယ်ရှိတယ် . . နောက်ပြီး ကက်ကင်းအစွမ်းကိုလည်း မင်းတို့ ယုံကြည်ကြ . . မင်းတို့ကို ဗဟုသုတအနေနဲ့ ငါပြောပြမယ် . . မိုးကြိုးဆိုတာ ကြာသပတေးနဲ့





တနင်္လာနံအတွဲမဟုတ်လား . . ဒီလိုပဲ . . မြေကြီးဆိုတာလည်း ကြာသပတေးနဲ့တနင်္လာနံအတွဲပဲ . . . ငှက်ပျောဆိုတာကျတော့ . . . တနင်္လာ၊ ကြာသပတေးအတွဲ . . အဲဒီတော့ မြေကြီးမှာ ငှက်ပျောပင်ကို ဇောက်ထိုးစိုက်လိုက်တာနဲ့ မိုးကြိုးက ပစ်ချတော့တာပဲ . . ."

"ဟာ . . ထူးဆန်းလှချည်လား . . မြေကြီးမှာ ငှက်ပျောပင်ကို ဇောက်ထိုးစိုက်လိုက်တာနဲ့ မိုးကြိုးက ပစ်ချလိုက်တာပဲလား . . ဟုတ်ရဲ့လားကွာ . . ငါတို့သိတာကတော့ မိုးကြိုးဆိုတာ ပစ်ချင်တိုင်းပစ်တာမဟုတ်ဘူး . . လျှပ်စစ်အမတွေစုတဲ့နေရာကို လေထဲကလျှပ်စစ်အဖိုတွေက ဖြတ်စီးတာမဟုတ်လား . . မင်းပြောသလိုဆို ငှက်ပျောပင်ရဲ့ဖင်ပိုင်းမှာ လျှပ်စစ်အမတွေရှိရမယ် . . ."

"ဟေ့ကောင် သူရ . . ဒီကမ္ဘာကြီးမှာ မင်းတို့မသိသေးတဲ့ ဂမ္ဘီရပညာတွေ အများကြီးပဲကွ . . နေရာတကာမှာ သိပ္ပံနည်းနဲ့ ကြည့်လို့မရဘူး . ."

ကျွန်တော်ကလည်း စောဒကတက်ကြည့်မိတယ်။

"ထားပါတော့ကွာ . . ငှက်ပျောဆိုတာ တနင်္လာ၊ ကြာသပတေးအတွဲဆိုတော့ အဲဒီငှက်ပျောအစား ကျင်မောင်ဆိုတဲ့ တနင်္လာကြာသပတေးနံမှည့်ထားတဲ့လူ ကင်းမြီးကောက်ထောင်ရင်ရော သူ့ကို မိုးကြိုးပစ်မှာလား . . ."

နီနီပါးစပ်ပြဲသွားပါတယ်။ ခေါင်းကိုလည်း ကုတ်တယ်။

"အဲဒါတော့ ငါ့ဂမ္ဘီရစာအုပ်ထဲမှာ မပါဘူးကွ . . တစ်ခုတော့ ရှိတယ် . . လူနဲ့သစ်ပင် မတူတာကိုလည်း မင်းတို့ထည့်စဉ်းစားရမယ် . . နောက်တစ်ခု ထူးဆန်းတာပြောပြရဦးမယ် . . မင်းတို့ မော်နာဆိုတာ ကြားဖူးလား . . ."

ကျွန်တော်က ဇဝေဇဝါဖြစ်နေတုန်း သူရက ဝင်ဖြေပါတယ်။

"ကြားဖူးတယ်ကွ . . ပါးချိတ်ရောင်တဲ့ရောဂါ မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



. . . အထူးသဖြင့် ကလေးတွေပါးချိတ်ရောင်ပြီး ဖောင်းကားနေတာ လေ . . . ပါးချိတ်ကြီးရောင်နေလို့ မျက်နှာကိုမော့ထားရလို့ မော်နာ လို့ခေါ်တာ ဆင်တယ် . . . "

"တုတ်တယ် . . . မင်း မဆိုးဘူး သူရ . . ဗဟုသုတရှိသား ပဲ . . ဒီမော်နာဖြစ်ရင် ဘယ်လိုကုရသလဲ . . . "

"ဆေးထိုးဆေးသောက်ရမှာပေါ့ကွ . . အင်း . . ငါ့စိတ်ထင် တော့ ရောင်တဲ့နေရာတွေအတွက်ဆို ကီးမို့စ်သောက်ရင် ပျောက်တာ ပဲ . . . "

"မှားတယ် . . မော်နာအတွက် ကီးမို့စ်သောက်စရာ မလို ဘူးကွ . . ကက်ကင်းပညာနဲ့ပျောက်အောင်ကုလို့ရတယ် . . "

ကျွန်တော်တို့လည်း အထူးအဆန်းတွေ ကြားရတော့မှာမို့ နီနီ့စကားကို အာရုံစိုက်နားထောင်နေလိုက်မိပါတယ်။

"မော်နာဆိုတာ ကြာသပတေး၊ စနေနံအတွဲမဟုတ်လား . . မဲနယ်ဆိုတာလည်း ကြာသပတေး၊ စနေနံပဲ . . ဒါကြောင့် မော် နာဖြစ်ရင် မဲနယ်ကို ရေဖျော်ပြီးလိမ်းကြတာ . . ငါ့သဘောဆိုရင် တော့ နောက်တစ်မျိုးထပ်ထည့်ချင်သေးတယ် . . ဖိနပ် . . ဖိနပ် ဆိုတာလည်း ကြာသပတေး၊ စနေအတွဲပဲ . . ဒီတော့ မော်နာဖြစ်ရင် မဲနယ်ဖျော်လိမ်းပြီး ဖိနပ်နဲ့ရိုက်ပေတော့ . . . . "

"ဒုက္ခပဲ . . နဂိုကမှရောင်နေတဲ့ပါး . . ပိုရောင်တော့မပေါ့"

"ဒီကောင် မော်နာဖြစ်မှ . . တို့တွေ ဒီကောင့်ကို မဲနယ် ဖျော်လိမ်းပေးပြီး ဒီကောင့်ပါးကို ဖိနပ်နဲ့ဝိုင်းတွယ်ကြရအောင်"

"ဟား ဟား . . . "

ကျွန်တော်တို့ ဝိုင်းရယ်လိုက်တော့ နီနီလည်းလိုက်ရယ်ပါ တယ်။ ပြီးတော့မှ သည်ကောင်က စပ်ဖြီးဖြီးနဲ့ဆက်ပြောတယ်။

"လောကကြီးမှာ မော်နာဖြစ်နေတဲ့သူတွေအများကြီးပဲကွ





. . ဘဝင်မြင့်ပြီး မော့တော့မော့တော့ဖြစ်နေတဲ့လူတွေ . . အဲဒီလူ တွေ သိပ်မော့တော့ မော့တော့ဖြစ်လာရင် . . . မဲနယ်ဖျော်လိမ်းပြီး ဖိနပ်နဲ့ရိုက်ပေးရမယ်ကွ . . ဟား ဟား . . . "

ကျွန်တော်တို့တွေ တဟီးဟီး တဟားဟားနဲ့ပဲ ဘုရားကို ရောက်သွားကြပါတယ်။ ဘုရားစောင်းတန်းမှာ နီနီကပဲ ထီးဖြူခုနစ် လက်ဝယ်တယ်။ ပြီးတော့ ဘုရားရဲ့စနေထောင့်ကို ကျွန်တော်တို့ကို ခေါ်သွားပြီး ဘုရားအရင်ရှိခိုးခိုင်းတယ်။ ဘုရားရှိခိုးပြီးမှ ကျွန်တော့် လက်ထဲကို ထီးဖြူခုနစ်လက်ကို ထည့်ပေးပါတယ်။

"ဟေ့ကောင် စည်သူ . . ငါတိုင်ပေးမယ် . . . မင်းလိုက်ဆို"

"အေးပါကွ . . . "

"ကဲ . . စတော့မယ် . . ကျွန်ုပ် မောင်စည်သူသည် ထီးဖြူ ခုနစ်လက်နှင့်စနေဂြိုဟ်စောင့်နတ်မင်းကြီးအား ပူဇော်ပါသည်။ ဤ ပူဇော်ရသော ကုသိုလ်ကြောင့် ကျွန်ုပ်မောင်စည်သူ၏ ဖိနပ်ဆိုင်သို့ ဖိနပ်ပြန်ရောက်ပါစေသတည်း။ ကဲ . . ဦးသုံးကြိမ်ချပြီး . . ဟောဟို သောင်ရေအိုးကြားမှာ ထီးဖြူတွေသွားလှူလိုက်တော့ . . ဟေ့ကောင် အလှူငွေလည်း ထည့်ခဲ့ဦးနော် . . . "

ကျွန်တော်တို့ပြောနေဆိုနေတာကို စနေထောင့်မှာ ဝတ်ပြု နေကြသော ဘုရားဖူးတွေက ကျွန်တော်တို့ကို သေသေချာချာကြည့် ကြပါတယ်။

ကောင်မလေးတွေက ပြုံးကြတယ်။ ကျွန်တော်လည်း နီနီ ခိုင်းတဲ့အတိုင်း လုပ်ပြီးတဲ့နောက် အချိန်နည်းနည်းလည်း ပိုနေသေး တာနဲ့ ဘုရားရင်ပြင်တော်ပေါ် လက်ယာရစ်ပူဇော်ကြတယ်။

ပြီးတော့ တန်ဆောင်းတစ်ခုမှာသွားထိုင်ပြီး သုံးယောက် သား စကားကောင်းကြပြန်ပါတယ်။

"ငါ မနေ့က မင်းဆီက ဖုန်းရတာနဲ့ . . အဲဒီဖိနပ်ကူမှာ



www.burmeseclassic.com

www.burmeseclassic.com



ကို အီးမေးလ်ပို့လိုက်တယ် . . ဖိနပ်နံပါတ်နဲ့ကတ်တလောက်ထဲက ပုံပါထည့်ပို့လိုက်တယ် . . ဒီနေ့လောက်တော့ သူတို့အကြောင်းပြန် လိမ့်မယ်ထင်တယ် . . ဒါနဲ့ မန္တလေးက ဖိနပ်လေးသတင်း ဘာကြား သေးလဲ . . ."

"တက္ကစီပေါ်မှာပါသွားတာဆိုတော့ ဇာတ်သိမ်းသွားပြီပေါ့ ကွာ . . ငါ့ရဲ့ တစ်ခုတည်းသောမျှော်လင့်ချက်တော့ အွန်လိုင်းကနေ ဖိနပ်လှမ်းဝယ်ဖို့ပဲ . . ဒါနဲ့ မင်းတို့ အမြန်ချောပို့စနစ်လုပ်ငန်းမှာ အသိရှိလား . . ."

"မရှိဘူးကွ . . ဒါပေမယ့် စိတ်မပူပါနဲ့ . . သူများတွေလည်း ဒီလိုပဲ ပို့နေ . . . မှာနေကြတာပဲ . . . အဆင်ပြေမှာပါ . . ."

"နီနီ . . . မင်း သရဲကားကိစ္စကရော ဘယ်လိုလဲ . . ."

"ရိုက်တော့မယ်ကွ . . ဟဲ ဟဲ . . မင်းသမီးပေါက်စလေး တစ်ယောက်ပါတယ် . . ငါ အဲဒီကောင်မလေးကို ရအောင်ကြံမယ်"

"ဟာ . . မင်းဟာက ရုပ်ရှင်ကတခြား . . အချစ်က တခြား ဖြစ်နေပါလား . . ."

ကျွန်တော်တို့ရယ်လိုက်ကြပြန်ပါတယ်။ ခဏနေတော့ ကျွန် တော်တို့ဘုရားက ပြန်လာခဲ့ကြတယ်။ ကျွန်တော့်ဆီရောက်တော့ ကျွန်တော်က ဆင်းနေခဲ့ပြီး ဒီကောင်နှစ်ကောင်ကတော့ ဆက်ထွက် သွားတယ်။

"ဟေ့ကောင် စည်သူ . . ကက်ကင်းက အရမ်းစွမ်းတယ်ကွ နော် . . ဒီနေ့ ချက်ချင်းကို ထူးခြားလိမ့်မယ် . . မင်း မယုံရင် စောင့် ကြည့်နေ . . ထူးခြားရင်ငါ့ဆီဖုန်းဆက်လိုက် . . ငါတို့သွားပြီ . ."

ကျွန်တော်လည်း ဆိုင်ထဲပြန်ဝင်ပြီး ထပ်ခိုးပေါ်တက်ပြီး အလုပ်လုပ်တယ်။ နေ့တစ်ဝက်ကျိုးတဲ့အထိ စင်ဒရဲလားဖိနပ်လေးရဲ့ သတင်းလည်း မကြား၊ ဖိနပ်လေးလည်း ရောက်မလာပါဘူး။ ဒါနဲ့





ကျွန်တော်လည်း ဗိုက်ဆာလာတာနဲ့ ဟိုကောင်နီနီတို့နဲ့ တစ်ခုခုထွက် စားဖို့ ဒီကောင့်ဆီကို ဖုန်းဆက်လိုက်ပါတယ်။

"ဟေ့ကောင် စည်သူ . . . ဘာထူးခြားသေးလဲ . . ဖိနပ် လေး ရောက်လာပြီမဟုတ်လား . . ."

"ဟာ . . သတင်းတောင် မကြားရပါဘူးကွာ . . "

"အားမလျှော့နဲ့ သူငယ်ချင်း . . ဒါဟာ ကက်ကင်းပဲ"

"အင်း . . ဟုတ်မယ်ထင်တယ်ကွ . . အခုပဲ ဆိုင်တံခါးပွင့် လာပြီ . . . မှန်းစမ်း . . ငါ့စင်ဒရဲလားဖိနပ်လေးများ ရောက်လာပြီ လား . . ."

"ကြည့်စမ်း . . ကြည့်စမ်း . . ဘာတွေ့ရသလဲ ဆက်ကြည့် စမ်း . . ."

"ဟုတ်တယ်ကွ . . မိန်းမကြီးတစ်ယောက် အထုပ်ကြီးတစ် ထုပ်နဲ့ ဝင်လာတယ် . . မှန်းစမ်း . . ငါကြည့်စမ်းမယ် . . . ဟာ . . ဖိနပ်လာသွင်းတဲ့ မိန်းမကြီးကွ . . ."

"ဟီးဟီး . . . တွေ့လား . . ကက်ကင်းက ဘယ်လောက် စွမ်းသလဲဆိုတာ ဖိနပ်ရှိရာ ဖိနပ်တွေလာနေပြီ . . ."

"ဟုတ်တယ်ကွ . . . အောင်မာ . . နောက်ထပ် ဖောက် သည်နှစ်ယောက်တောင် နောက်မှာကပ်ပါလာသေး . . အင်း . . သူတို့အထုပ်တွေက ပိုကြီးတယ်ကွ . . မင်းကက်ကင်းက အများရှိ ရာ အနည်းလာတာမဟုတ်တော့ဘူး . . အများရှိရာ အများလာဖြစ် နေပြီ . . ."

"ဟား . . ဟား . . ."

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်လွတ်လွတ်လပ်လပ် ရယ်မောလိုက်ကြပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲတော့ စင်ဒရဲ လားဖိနပ်လေးကို လွမ်းနေမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မွေးနေ့ပါတီပွဲအတွက် အဓိကစီစဉ်သူကတော့ ဘွားဘွားပါပဲ။ ဘွားဘွားဟာ တယ်လီဖုန်းတစ်လုံးနဲ့ စားသောက်ဆိုင်တွေကို ဆက်သွယ်ပြီး ဘူဖေးအတွက် စီစဉ်လိုက်သလို ရေခဲမုန့်၊ အချိုရည်နဲ့ မုန့်မျိုးစုံကိုလည်း ဆက်သွယ်မှာယူလိုက်ပါတယ်။

ခြံထဲမှာပြင်ဆင်ဖို့ကိုတော့ အပြင်အလုပ်သမားသုံးယောက်လောက်ခေါ်ယူပြီး မြက်တွေ၊ အမှိုက်တွေ သန့်ရှင်းတာကအစ၊ မီးလုံးတွေ မီးဆိုင်းတွေတပ်ဖို့ကိုလည်း စီမံပါတယ်။

ဒီဇင်ဘာလဟာ အေးမြလွန်းတဲ့ ဆောင်းလမို့ ခြံထဲ ကိုယ်တိုင်ဆင်းပြီး စီမံနေတဲ့ ဘွားဘွားဟာ သိုးမွေးဆွယ်တာကိုဝတ်ထားပါတယ်။

"လာ . . သား . . ဘွားဘွား မနေ့ကတည်းက သားကိုမျှော်နေတာ . . . ."

ကျွန်တော်တို့ မြေးအဘွားနှစ်ယောက် ခြံထဲကပြင်ဆင်ထားပုံတွေကို လျှောက်ကြည့်ကြပါတယ်။

ခြံထဲက မြေပြင်ကတော့ ခြောက်သွေ့ပြောင်လက်နေပြီး





တော့ သရက်ပင်တွေမှာ ရောင်စုံမီးလုံးတွေ ထွန်းညှိထားတယ်။

ခြံရဲ့ထောင့်စွန်းတစ်နေရာမှာတော့ ဆယ်ပေ၊ ဆယ့်ငါးပေလောက်ရှိမယ့် ခပ်နိမ့်နိမ့်စင်မြင့်လေးတစ်ခုဆောက်ထားတဲ့ အဲဒီနေရာမှာ တီးဝိုင်းနေရာယူပါလိမ့်မယ်။

ဘွားဘွားရဲ့ခြံတစ်ခြံလုံးကို ကျွန်တော်ငေးကြည့်နေတုန်းမှာပဲ ဘွားဘွားက ကျွန်တော်လုံးဝ မထင်မှတ်ထားတဲ့စကားတစ်ခွန်းကို ပြောပါတယ်။

"ဒါနဲ့စကားမစပ် . . သားကိုပြောရဦးမယ် . . . မနေ့က ညနေက သားဖေဖေနဲ့မေမေက ဘယ်ကရှာလာတဲ့ဖိနပ်လေးလည်း မသိဘူး . . ဘွားဘွားစိတ်ထင်တော့ အရမ်းလည်းဈေးကြီးတဲ့ . . အရမ်းလည်းလှတဲ့ဖိနပ်လေးတစ်ရံကို ခင်သက်မွန်ကို သွားပြီး လက်ဆောင်ပေးကြတယ် . . ."

ဘွားဘွားက ကျွန်တော့်မျက်နှာကို ကရုဏာသက်စွာကြည့်နေပါတယ်။

"ဘွားဘွားထင်တာကတော့ . . ဟိုတစ်လောက သားရဲ့ ဝင်ဒရဲလားဖိနပ်လေးကို သားမသိဘဲ ခင်သက်မွန်ဆီကို သားအမေက သွားပေးလိုက်တယ်မဟုတ်လား။ နောက်တော့ သားက ပြန်တောင်းခိုင်းတော့ ကောင်မလေးစိတ်ထဲမှာ ကသိကအောက်တော့ ဖြစ်သွားမှာပဲ . . .

အဲဒီတော့ သားဖေဖေနဲ့မေမေက မင်းဖိနပ်လေးထက်သာတဲ့ ဖိနပ်လေးတစ်ရံကိုရှာပြီး ကောင်မလေးကို သွားပေးတာ ဖြစ်မယ် . . မင်းမွေးနေ့ပါတီကိုလာတဲ့ မိန်းကလေးတွေထဲမှာ ခင်သက်မွန်ရဲ့ ဖိနပ်လေးဟာ အလှဆုံးဖြစ်နေလိမ့်မယ်လို့ ဘွားဘွားထင်တယ် . ."

ကျွန်တော့်စိတ်ထဲမှာ နာနာကျင်ကျင်ပဲ ခံစားလိုက်ရတယ်။ မဖြစ်ပါ။ ကျွန်တော့် ဝင်ဒရဲလားလေးထက်သာလို့ မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မွေးနေ့ပါတီပွဲကိုလာတဲ့ ဧည့်သည်တွေထဲမှာ စင်ဒရဲလား လေးသာ အလှဆုံးဖြစ်နေရမှာဖြစ်သလို ဖိနပ်ကလေးဟာလည်း အလှဆုံးဖြစ်နေရပါမယ်။

ဒါမှသာ ဖေဖေ၊ မေမေတို့သာမက ဘွားဘွားရော၊ မမရော ပါမကျန် ကျွန်တော့်သူငယ်ချင်းတွေရဲ့စိတ်ထဲမှာပါ ကျွန်တော့် ရွေးချယ်မှုမှန်ကန်ကြောင်း သက်သေပြနိုင်ပါလိမ့်မယ်။

မိန်းကလေးတစ်ယောက်ကို စွဲလမ်းခဲ့တဲ့အစွဲဟာ ဘယ်လောက်ကြီးခဲ့သလဲဆိုတာကို စင်ဒရဲလားလေးရဲ့ အလှက သက်သေပြရပါလိမ့်မယ်။

"ဖေဖေ၊ မေမေတို့ယူလာတဲ့ ဖိနပ်ကို ဘွားဘွားတွေ့လိုက်သလား . . ."

"အင်း . . ဘွားဘွားကလည်း မနေ့ကညနေက သားတို့အိမ်ကိုရောက်နေတော့ အဲဒီဖိနပ်လေးကို ဘွားဘွားကိုယ်တိုင်တွေ့လိုက်ပါတယ် . . ."

"ဘယ်လိုနေလဲ ဘွားဘွား . . ."

"အရမ်းလှတယ် သား . . . ဘွားဘွားမြင်ဖူးသမျှ ဖိနပ်တွေထဲမှာ အဲဒီ ဖိနပ်လေးက အလှဆုံးပဲ . . ."

ကျွန်တော် မှိုင်ကျသွားမိပါတယ်။ နိုင်ငံခြားက ဖိနပ်ကုမ္ပဏီကို ဆက်သွယ်ထားတာလည်း အခုထိအကြောင်းမပြန်သေးပါဘူး . . ကျွန်တော်မွေးနေ့က သန်ဘက်ခါ။ ဒီနေ့က တနင်္ဂနွေနေ့။ အခုဆို ညနေတောင်စောင်းနေပြီ။

နိုင်ငံခြားက ဖိနပ်တစ်ရံမှာယူတင်သွင်းဖို့ဆိုတာ ချက်ချင်းကြီးဖြစ်ဖို့တော့ မလွယ်ပါဘူး။ ဟိုကလှမ်းပို့ ပြီပဲထားဦး။ ကျွန်တော့်ဆီရောက်ဖို့က ရက်နည်းနည်းကြာပါဦးမယ်။

သည်လိုဆိုရင် ကျွန်တော့်စင်ဒရဲလားလေးအတွက် စင်ဒရဲ





လားဖိနပ်လေး ဘယ်လိုမှမရနိုင်တော့ပါဘူး။ မွေးနေ့ပါတီကျရင် ခင်သက်မွန်ကို ကျွန်တော့်စင်ဒရဲလားလေးက ဘယ်လိုမှယှဉ်နိုင်တော့မှာ မဟုတ်ပါဘူး။

နောက်ပြီး ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော့် စင်ဒရဲလားလေးဟာ ခင်သက်မွန်လောက် မချမ်းသာမကြွယ်ဝပါဘူး။

ကျွန်တော်လည်း ဘွားဘွားမသိအောင် သက်ပြင်းကို အသာကြိတ်ပြီးချနေမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

"အဲဒီနေ့ကိုတော့ ဟန်သာတစ်ယောက်တည်းကို တကူးတကန့် ခွင့်ပေးလို့မရဘူး မောင်လေး . . . သူ့ကိုအိမ်ပြန်ပြီး အလှူပြင်ခွင့်ပေးလိုက်ရင် တခြားဝန်ထမ်းတွေကလည်း အိမ်ပြန်ပြီး အလှူပြင်ချင်လာလိမ့်မယ် . . ."

"အဲဒါဆိုလည်း မမရာ . . မမအပါအဝင် အားလုံးစောစောပြန်ပြီး အလှူပြင်ကြပေါ့ . ."

"ဘာကွ . . အလုပ်တာဝန်နဲ့ ကိုယ်ရေးကိုယ်တာနဲ့ မရောနဲ့လေ . . မင်းလည်း စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးစီးပြီးလုပ်နေတာ မဟုတ်လား . . . မင်းမွေးနေ့က မွေးနေ့ပဲ . . . အလုပ်တာဝန်က အလုပ်တာဝန်ပဲ . . ."

"တာဝန်တော့ တာဝန်ပေါ့ဗျာ . . ဒါပေမယ့် ဒီမွေးနေ့က မမရဲ့တစ်ဦးတည်းသော မောင်လေးရဲ့မွေးနေ့ပဲ . . ကျွန်တော့်မျက်နှာကိုထောက်ပြီး မမလိုက်လျှောဖို့ ကောင်းပါတယ် . ."

"ဆောရီးပဲ မောင်လေး . . အဲဒါကိုတော့ မမလုံးဝ မလိုက်





လျှောနိုင်ဘူး . . မမပြောသလိုပဲ . . ကိုယ်ရေးကိုယ်တာနဲ့ တာဝန်ရောလို့တော့ လုံးဝမရဘူး . . ."

"ဒါ မမ သက်သက်ကပ်တာ . . အင်းပေါ့လေ . . ဘွားဘွားက ကျွန်တော့်ကျတော့ မွေးနေ့ပါတီလုပ်ပေးပြီးတော့ မမကျတော့ မလုပ်ပေးလို့ မမက ကျွန်တော့်ကို မနာလိုဖြစ်နေတာ မဟုတ်လား"

"ဘာ . . ."

မမက ကျွန်တော့်ကို မျက်စောင်းစူးစူးတစ်ချက်ထိုးပါတယ်။

"မမက မင်းကိုမနာလိုနေတာ ဟုတ်လား . . မှတ်ထားစည်သူ . . ငါဟာ နင့်အစ်မ . . နင်ငယ်ငယ်ကတည်းက နင့်အပေါ်မှာ ငါဘယ်လိုချစ်ခဲ့ . . ဘယ်လောက်အနွံအတာခံခဲ့တယ်ဆိုတာ နင်အသိဆုံး . . နင် ငါ့ကို ဘယ်တော့မှ ဒီလိုစော်ကားတဲ့စကားတွေမပြောနဲ့ . . ငါ့အသက်အရွယ်နဲ့ မွေးနေ့ပါတီတွေလုပ်ပေးရင်တောင် ငါက ငြင်းရမှာ . ."

မမ စိတ်ဆိုးသွားပြီဖြစ်လို့ ကျွန်တော်က လေပြေလေးနဲ့ တောင်းပန်ရပါတယ်။

"ဆောရီးပဲ မမ . . ကျွန်တော် မှားသွားတယ် . ."

မမရဲ့မျက်လုံးမှာ မျက်ရည်တွေဝေ့နေပါတယ်။

"ဒီလို မမ . . ဂျူလိုင့်ကို ကျွန်တော်ဘာဖြစ်လို့ ဒီလောက်ဂရုစိုက်နေရသလဲဆိုတော့ ခင်သက်မွန်ကို ဖေဖေနဲ့မေမေက အရမ်းဂရုစိုက်နေလို့ပဲ . .

အခုမမသိပြီးပြီလား . . ခင်သက်မွန်ကို ကျွန်တော့် မွေးနေ့မှာ အရမ်းလှနေအောင် . . နာမည်ကြီးမိတ်ကပ်ဆရာနဲ့လည်း ခေါ်ပြီးပြင်ပေးမယ်တဲ့ . . . နောက်ပြီး မွေးနေ့ပါတီတက်မယ့် ဝတ်စုံကိုလည်း အော်ဒါမှာပြီး ချုပ်ပေးထားတယ်တဲ့ . .

အဲဒီတော့ဗျာ . . မမပဲစဉ်းစားကြည့် . . ဟိုဘက်က မေမေ



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ သဘောတူထားတဲ့ ခင်သက်မွန်က ဒီလောက်လုပနေပြီး ဂျူလိုင်ကျတော့ မမရဲ့ရုံးက တာဝန်တွေပြီးမှအလုပြင်ချိန်တောင် မရဘဲ ကျွန်တော့်မွေးနေ့ ပါတီပွဲကိုလာရမှာဆိုတော့ ကျွန်တော် သိပ်ချစ်တဲ့မိန်းကလေးဟာ မိဘသဘောတူထားတဲ့ မိန်းကလေးလောက် မလှဘူးဆိုရင် ဖေဖေ၊ မေမေတို့ကိုရော ကျွန်တော်ဘယ်လို မျက်နှာပြမလဲ . . .

နောက်ပြီး ခင်သက်မွန်ကို ဖေဖေ၊ မေမေတို့လက်ဆောင်ပေးထားတဲ့ ဖိနပ်လေးဟာလည်း အရမ်းလှတယ်တဲ့ . . .

ဂျူလိုင့်ကျတော့ ကျွန်တော်ပေးမယ့် ဖိနပ်လေးဟာ ပျောက်သွားပြီ . . ဒီအချိန်မှ ဖိနပ်တွေလျှောက်ရှာနေဖို့ကလည်း မဖြစ်နိုင်တော့ဘူး . . . ”

မမက ကျွန်တော့်ခေါင်းက ဆံပင်တွေကို သပ်ပေးပါတယ်။ မမရဲ့စကားသံဟာ စောစောကလိုမဟုတ်တော့ဘဲ နူးညံ့သိမ်မွေ့နေပါတယ်။

“မောင်လေး . . . ”

မမ ပြုံးပါတယ်။

ကျွန်တော် မထူးဘဲနေလို့လားမသိဘူး။

“မောင်လေး . . လောကကြီးမှာ အပေါ်ယံအလှတွေ သိပ်များပါတယ်။ လူတွေကလည်း အဲဒီအပေါ်ယံအလှတွေကိုပဲ နှစ်သက်ကြတာများတယ်။

ဖန်တီးထားတဲ့အလှနဲ့ သဘာဝအလှ ဘယ်ဟာက ပိုလှမယ်ထင်သလဲ။ မင်း ဂျူလိုင်က အရမ်းလှတာပဲဥစ္စာ . . . ဘာမှ မပြင်မဆင်လည်း လှတဲ့သူဟာ လှနေမှာပဲ . . . ”

“ဒါပေမယ့်ဗျာ . . ဖေဖေ၊ မေမေတို့ စိတ်ထဲမှာ ခင်သက်မွန်သာ မွေးနေ့ပါတီကိုလာတဲ့ ဧည့်သည်တွေထဲမှာ အလှဆုံးလို့ ထင်





ဘူးလိမ့်မယ် . . . ”

“အဲဒါကတော့ အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လို့ဖြစ်ပါလိမ့်မယ် . . ဟန်သာကျတော့ စိတ်ထားလည်း လှတယ် မောင်လေး . . . အလုပ်ထဲမှာဆိုလည်း လူချစ်လူခင်များတယ် . .

ပြီးတော့ အချင်းချင်းဆိုလည်း ရိုင်းပင်းကူညီတယ် . . သူဟာ တစ်နေကုန်လုပ်ရှားရုန်းကန်နေရပေမယ့် ညည်းညူ မှိုင်တွေနေတာ တစ်ခါမှမရှိဘူး . .

နောက်ပြီး သူက မိခင်၊ ဖခင်အိုကြီးတွေကို လုပ်ကျွေးနေတာ . . ခင်သက်မွန်လို မိဘလုပ်စာထိုင်ဖြုန်းနေတာ မဟုတ်ဘူး . . ဒီတစ်ချက်နဲ့တင် ခင်သက်မွန်ထက် သာသွားပြီ . . .

အဲဒီတော့ ငါ့မောင်စိတ်ကို အေးအေးထား . . ကိုယ့်ဘက်က ပေး လုပ်စရာရှိတာ ပြည့်စုံအောင်လုပ်ထား . . . ဟုတ်ပြီလား . . ဒီအလုပ်ကနေပဲ . . မင်းမွေးနေ့ပါတီကို လာခဲ့မယ် . . . ”

ကျွန်တော် ဘာများတတ်နိုင်ဦးမှာလဲ။ ညနေရောက်တော့ ကျွန်တော် နီနီ့အိမ်ကို ရောက်သွားခဲ့ပါတယ်။

သူ့အိမ်က အင်တာနက်နဲ့ပဲ ကုမ္ပဏီကို ဆက်သွယ်ကြပါတယ်၊ ဒီအခါမှာတော့ ဖိနပ်ကုမ္ပဏီက ကျွန်တော်တို့ဆီကို အကြောင်း ပြန်ပါတယ်။

ကျွန်တော်တို့လှမ်းမှာတဲ့ ဖိနပ်အမျိုးအစားက မထုတ်တော့တာ ကြာပြီဖြစ်တဲ့အကြောင်း။ ပြီးတော့ ကုမ္ပဏီမှာလည်း အဲဒီ ဖိနပ်အမျိုးအစားလက်ကျန်မရှိတော့တဲ့အကြောင်း ပြန်ကြားပါတယ်။ ကျွန်တော်လည်း ခေါင်းကြီးငိုက်စိုက်ကျသွားမိပါတယ်။

စင်ဒရဲလားလေးရဲ့ဖိနပ်လေးကို တစ်ပတ်အတွင်းရစေရမယ်လို့ ကျွန်တော် ကတိပေးထားခဲ့တာ အခုတော့ သဲထဲရေသွန်သလိုဖြစ်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . တစ်ခုတော့ရှိတယ်ကွ . . ရန်ကုန်မြို့ထဲက ဖိနပ်ဆိုင်တွေ အများကြီးပဲမဟုတ်လား . . တစ်ဆိုင်မဟုတ်တစ်ဆိုင်တော့ မင်းဖိနပ်အမျိုးအစားရှိလိမ့်မယ် ထင်တာပဲ . . ရှာကြည့်ကြမလား"

"ငါလည်း အဲဒါပဲ တွေးနေတာပဲ . . ဒီတော့ အချိန်ကလည်း မနက်ဖြန်တစ်ရက်ပဲကျန်တော့တယ် . . မနက်ကျရင် မင်းတို့နှစ်ယောက် ငါ့ဆိုင်လာခဲ့ကြကွာ . . တို့ကောင်တွေ ရန်ကုန်မြို့ထဲမှာရှိတဲ့ မိန်းမစီးဖိနပ်ဆိုင်တွေကို ပတ်မွှေကြတာပေါ့ . . ."

"အင်း . . တို့ကိုလူတွေကတော့ အတော်အံ့ဩမယ် . . . အခြောက်တွေလို့ ထင်ချင်ထင် . . မထင်ရင်လည်း ငကြောင်တွေလို့ ထင်ကြတော့မှာပဲ . . ."

နီနိုကတော့ စပ်ဖြီးဖြီးနဲ့ပြုံးနိုင်ပေမယ့် ကျွန်တော်ကတော့ မပြုံးနိုင်ပါဘူး။ ညကျတော့ ထုံးစံအတိုင်းပဲ စင်ဒရဲလားလေးဆီကို ကျွန်တော် ဖုန်းဆက်လိုက်မိပြန်ပါတယ်။

အခုဆိုရင် သူမဆီကို ညတိုင်းပဲ ကျွန်တော် ဖုန်းဆက်နေမိသလို သူမအလုပ်သွားမယ့် အချိန်ကို ကျွန်တော် သူမစီးမယ့် ကားမှတ်တိုင်နားမှာ သွားစောင့်မိပါတယ်။

"ဂျူလိုင် ဘတ်စ်ကားပဲ စီးသွားပါမယ် . . အခုဆို နေ့တိုင်းလိုလိုဖြစ်နေပြီ . . ကိုစည်သူ့ကားနဲ့လိုက်နေရတာ . . ."

"ဟဲ ဟဲ . . လမ်းကြုံလို့ပါ ဂျူလိုင်ရ . . ကျွန်တော့်အတွက်လည်း ဘာမှအပန်းမကြီးဘူးလေ . . ."

"ဂျူလိုင်တို့အလုပ်ခန်းနားမှာတော့ ကားမရပ်နဲ့နော် . . မမကလည်း တစ်မျိုးထင်လိမ့်မယ် . . . နောက်ပြီး လုပ်ဖော်ကိုင်ဖက်တွေလည်း တစ်မျိုးထင်လိမ့်မယ် . . ."

သူမက အလုပ်ခန်းရဲ့ခပ်ယွန်းယွန်းနေရာမှာ ကားရပ်ခိုင်းပြီး သူ့ဘာသာသူတစ်ယောက်တည်း ဆက်လျှောက်သွားပါတယ်။





ပလွန်းတဲ့ မိန်းမတစ်ယောက်ရဲ့နောက်ပိုင်းအလှကို ကျွန်တော် ငေးကြည့်ပြီးမှ ကျွန်တော့်ဆိုင်ကို ပြန်လာခဲ့မိပါတယ်။

ဒီနေ့ညကျတော့ ဂျူလိုင့်ဆီကို ဖုန်းဆက်ရင်း ကျွန်တော့် မွေးနေ့ပါတီပွဲအတွက် စကားတွေပြောမိပါတယ်။

"ဂျူလိုင် မနက်ဖြန်ရုံးတက်မှာ မဟုတ်လား . . ."

"တက်မှာပေါ့ . . ."

"မတက်လို့လည်းဖြစ်ပယ်ဆိုရင် ခွင့်တစ်ရက်လောက်ယူလိုက်ပါလား . . ."

"အို . . ဘာမှအကြောင်းကိစ္စမရှိဘဲနဲ့ အားအားရှိ ခွင့်ယူလို့ရမလား . . ဂျူလိုင် ကုမ္ပဏီတစ်ခုရဲ့နှစ်ချုပ်စာရင်းတွေဆွဲစရာရှိတယ် . . ."

"ကျွန်တော့်မွေးနေ့ပါတီကိုတော့ ဆက်ဆက်လာနော်"

"အင်း . . ဒါပေမယ့် ဘာမွေးနေ့လက်ဆောင်ပေးရမလဲဆိုတာ အခုထိ စဉ်းစားလို့မရသေးဘူး . . ."

"ဂျူလိုင် . . ."

"ရှင် . . ."

"ကျွန်တော့်အတွက် ဂျူလိုင့်မွေးနေ့လက်ဆောင်က အရေးကြီးပါဘူး . . မွေးနေ့ပွဲကို ဂျူလိုင်ရောက်လာရင်ပဲ ကျေနပ်ပါပြီ"

"ဘယ်ဟုတ်မလဲ . . လက်ဆောင်တော့ ပေးရမှာပေါ့ . ."

"ဂျူလိုင် . . ."

"ရှင် . . ."

"ဂျူလိုင်လိုချင်တဲ့ ဟိုဖိနပ်လေး လုံးဝပြန်မရနိုင်တော့ဘူး"

"ဟင် . . ."

ကျွန်တော်လည်း ဖြစ်ကြောင်းရယ်ကုန်စင် သူမကို ဖွင့်ပြောပြလိုက်မိပါတယ်။ အဲဒီအခါမှာ စင်ဒရဲလားလေးရဲ့အသံဟာ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



တိတ်သွားပါတယ်။ ကျွန်တော်ကလည်း အားလုံးပြောပြပြီးသွားတဲ့ မှနောက် . . .

"ဒါပေမယ့် ဂျူလိုင်ဘာမှမပူပါနဲ့ . . ကျွန်တော့်ဆိုင်မှာရှိတဲ့ အလှဆုံးဖိနပ်တွေထဲက တစ်ရံ . . နောက်ပြီး ရန်ကုန်မြို့တစ်မြို့လုံး က ဖိနပ်ဆိုင်တွေက အလှဆုံးဖိနပ်တစ်ရံ . . ကျွန်တော်ရှာပြီး ဂျူလိုင့် ဆီကို ပို့ပေးမယ် . . . အဲဒီဖိနပ်လေးကို စီးပြီး ကျွန်တော့်မွေးနေ့ကို လာနော် . . ."

သူမ ဘာမှပြန်မပြောပါဘူး။

"ဂျူလိုင် . . တစ်ခါ တစ်ခါ ကျွန်တော့်ကိုယ်ကျွန်တော် ပြန် စဉ်းစားကြည့်မိတယ်။ ကျွန်တော် ဘာဖြစ်နေတာလဲမသိဘူးနော် . .

ကျောင်းမှာတုန်းက ဖိနပ်ကိစ္စနဲ့ ဆုံခဲ့ရတဲ့မိန်းကလေး တစ် ယောက်အတွက်နဲ့ စင်ဒရဲလားမိန်းမစီးဖိနပ်ဆိုင်ကို ကျွန်တော် ဖွင့်ခဲ့ တယ် . . ပြီးတော့ ကျွန်တော့်ရဲ့စင်ဒရဲလားလေး နှစ်သက်တဲ့ဖိနပ် လေး ကျွန်တော့်ဆီမှာ မရှိတော့တဲ့အခါ . . ကျွန်တော် ဖိနပ်လေးပြန် ရဖို့ နည်းမျိုးစုံသုံးပြီး ကြိုးစားမိပါတယ် . ."

ကျွန်တော် သက်ပြင်းတစ်ချက်ရှိုက်လိုက်မိပါတယ်။

"ကျွန်တော် ဘာဖြစ်နေတာလဲလို့ ကျွန်တော့်ကိုယ် ကျွန်တော့် မိဘတွေရော၊ မမရော၊ သူငယ်ချင်းတွေကရော သုံးသပ်ကြ လေ့ ရှိပါတယ် . . ကျွန်တော် ဘာဖြစ်နေတယ်ဆိုတာ ဂျူလိုင့်ကိုပြော ပြချင်တယ် . . ."

"မပြောနဲ့ . . ."

"ကျွန်တော် ဂျူလိုင့်ကိုချစ်တယ် . . ."

"အို . . ."

"ကျွန်တော့်ဘဝမှာ ဂျူလိုင်ကသာ အဓိကပါ . . ကျွန်တော် ဘာကိုမှ ဂရုမစိုက်ဘူး . . ကျွန်တော့်အနားမှာ ဂျူလိုင်ရှိနေဖို့ပဲ ဂရု





စိုက်တယ် . . ဂျူလိုင်စိတ်ချမ်းသာဖို့ပဲ ဂရုစိုက်တယ် . . ကဲ . . ညဉ့် နက်ပြီနော် . . ဂျူလိုင်အိပ်တော့ . . မနက်ကျရင် ကျွန်တော်ကား နဲ့ လာစောင့်နေမယ် . . . ."

ကျွန်တော် ဖုန်းကိုချလိုက်ပြီး ဝရန်တာကိုထွက်လာခဲ့တယ်။ အပြင်မှာတော့ လစန္ဒာက ရွှန်းမြစွာသာနေပါတယ်။

ဒီဇင်ဘာရဲ့ဆောင်းဝတ်လွှာရုံဟာ အရာဝတ္ထုတွေကို လွှမ်း ခြုံထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားမှတ်တိုင်မှာ လူတွေတစ်အုပ်ကြီးပါ။ ကျွန်တော်ကတော့ ကားမှတ်တိုင်နဲ့မလှမ်းမကမ်းမှာ ကားကိုရပ်ထားပြီးတော့ စင်ဒရဲလား လေး အလာကိုစောင့်နေမိတယ်။ မနက်ရှစ်နာရီခွဲပြီဖြစ်ပေမယ့် နေ ရောင်ကို မမြင်ရသေးဘူး။ ခဏနေတော့ စင်ဒရဲလားလေး ကား မှတ်တိုင်ကို လျှောက်လာနေတာတွေ့ရလို့ ကျွန်တော် သူမနားကို မောင်းသွားလိုက်တယ်။

"ဟင့်အင်း . . ဂျူလိုင် ဘတ်စ်နဲ့ပဲ သွားမယ် . . ."

"တက်ပါ . . ဘတ်စ်က ကျပ်တယ် . . ."

"ဟင့်အင်း . . ."

သူမ ဆက်ငြင်းနေတော့ ကျွန်တော်လည်း ကားခေါင်းကို ပတ်ဆင်းပြီး သူမ ကားပေါ်အဆင်သင့်တက်လို့ရအောင် တံခါးကို ဖွင့်ပေးလိုက်ပါတယ်။ ဒီတော့မှ သူမက ကားပေါ်ကို မတက်ချင် တက်ချင်နဲ့ တက်တယ်။

"အိမ်က ဘာစားခဲ့သလဲ . . ."

"မုန့်ဟင်းခါးနဲ့ ကော်ဖီ . . ."





"ကျွန်တော်က ဘာမှမစားရသေးဘူး . . တစ်ခုခု သွားစား ကြရအောင်နော် . . ."

"အို . . ဂျူလိုင် နောက်ကျနေလိမ့်မယ် . . ."

"အခုမှ ရှစ်နာရီခွဲပဲရှိသေးတာ . . နာရီဝက်လောက်အချိန် ပေါ်သေးတယ် . . ."

စင်ဒရဲလားလေး သက်ပြင်းချလိုက်ပုံရပါတယ်။ ဒါနဲ့ပဲ ကျွန် တော်လည်း အသင့်အတင့်သန့်ရှင်းသပ်ရပ်တဲ့ စားသောက်ဆိုင်တစ် ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်ပြီး သူမနဲ့အတူ ဆိုင်ထဲဝင်ခဲ့တယ်။

"ဘာစားမလဲ . . ."

"ဟင့်အင်း . . . ."

"နန်းကြီးသုပ် . . ရွှေတောင်ခေါက်ဆွဲ . . မြီးရှည် . ."

"ဟင့်အင်း . . ."

"ကျွန်တော် ရွှေတောင်ခေါက်ဆွဲနှစ်ပွဲမှာလိုက်မယ် . . ဒီ ဆောက်လေးက ဘာမှရှိတာမဟုတ်ဘူး . . ထပ်စားလို့ရတယ် . ."

"ကိုစည်သူ . . ."

"ဗျာ . . ."

"အခုလို . . ကိုစည်သူ ဂျူလိုင့်ကို လာလာကြိုတာ . . အခု ဒီ စားသောက်ဆိုင်ခေါ်လာတာကို မမသိရင် ဂျူလိုင့်ကို ဆူလိမ့်မယ်"

"ဟာ . . ဘာလို့ဆူရမှာလဲ . . မမက ကျွန်တော့်ကို သိပ်ချစ် တာ . . . ကျွန်တော် ဘာလုပ်လုပ် . . ဟဲ ဟဲ . ."

"ဘာပဲဖြစ်ဖြစ် . . ကိုစည်သူတို့က အရမ်းချမ်းသာတာ . . ဂျူလိုင်ကြောက်တယ် . . ."

"ကျွန်တော့်ကို မချစ်ရဲဘူးပေါ့ . . ."

သူမ ခေါင်းငုံ့ပြီး ခပ်တိုးတိုးဖြေပါတယ်။

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဂျူလိုင်နဲ့ကျွန်တော် ပြန်ဆုံခဲ့ရတာ ဘာမှမကြာသေးဘူး . . ဒါပေမယ့် ကျွန်တော် ဂျူလိုင့်ကို ချစ်ခဲ့တာက ကြာပြီ . . ကျွန်တော့် အချစ်ကို သံသယမရှိပါနဲ့ . . ဘာမှမကြောက်ပါနဲ့ . . ."

ကျွန်တော်တို့ ရွှေတောင်ခေါက်ဆွဲစားပြီး လက်ဖက်ရည်သောက်ကြပါတယ်။ ပြီးတော့ စင်ဒရဲလားလေးကို သူမရဲ့အလုပ်တိုက်နားအထိ လိုက်ပို့ပေးပြီး ကျွန်တော်ကတော့ ဆိုင်ကိုထွက်လာလိုက်တယ်။

ပြီးတော့ ဆိုင်ကဝန်ထမ်းတွေအားလုံးကိုခေါ်လိုက်ပြီး အလှဆုံးလို့ထင်တဲ့ဖိနပ်တစ်ရံစီရွေးလာကြဖို့ ပြောလိုက်မိပါတယ်။ ခဏနေတော့ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ရောက်လာလို့ ဒီကောင်တွေနဲ့အတူ ရန်ကုန်မြို့မှာရှိသမျှဖိနပ်ဆိုင်တွေကို လျှောက်မွှေပါတော့တယ်။

အဲဒီ့အခါမှာ စိတ်ညစ်စရာလည်းကောင်း၊ ရယ်စရာလည်းကောင်းတဲ့အဖြစ်တွေ ကြုံရပါတော့တယ်။ ဗျူတီဆိုတဲ့ ဖိနပ်ဆိုင်ကို ကျွန်တော်တို့သုံးယောက် ဝင်လိုက်ကြတော့ အဲဒီ့က ချာတိတ်မတွေက . . .

"အို . . အစ်ကိုတို့ ဆိုင်မှားလာပြီထင်တယ် . . အမျိုးသားဖိနပ်ဆိုင်က လမ်းရဲ့ဟိုတစ်ဖက်မှာ . . ပရင့်စ်လို့ ရေးထားတယ်"

"အစ်ကိုတို့ ဆိုင်မမှားပါဘူး . . ဒီကိုပဲ တမင်လာခဲ့တာပါ"

"ဒီဆိုင်က မိန်းကလေးစီးဖိနပ်တွေထဲမှာ ဒေါက်ဖိနပ်လှလှလေးတစ်ရံလောက် ဝယ်ချင်လို့ပါ . . ."

"ခစ် . . ."

ကောင်မလေးက ရယ်လိုက်တော့ နီနိုက ကျွန်တော့်ပခုံးကို တစ်ချက်ထိုးပါတယ်။ ဒါပေမယ့် ဆိုင်ရှင်ကတော့ ကျွန်တော်တို့ကို နားလည်ပုံရပါတယ်။





"ဩော် . . . လက်ဆောင်ပေးချင်လို့ထင်တယ် . . ပြလိုက်ကြပါကွယ် . . အန်တီတို့ဆိုင်မှာ ဖိနပ်မျိုးစုံရှိပါတယ် . . ."

ကောင်မလေးက ဖိနပ်တွေထုတ်ပြပါတယ်။

"ဟာ . . . ဒါတွေကို မကြည့်ချင်ဘူး . . ဒါတွေက အစ်ကို့ဆိုင်မှာရှိတယ် . . နောက်အမျိုးအစားတွေပြ . . ဟာ . . ဒါမျိုးလည်း ဆိုင်မှာရှိတယ် . . ဟိုဘက်က ဖိနပ်တွေပြစမ်း . . ဒါလည်းရှိတာပဲ"

ကောင်မလေး မျက်စိလည်နေပါတယ်။

"ဟေ့ကောင်တွေ . . မင်းတို့လည်း ဝင်ရွေးပေးလေကွာ"

ကျွန်တော် တိုက်တွန်းလိုက်တော့ နီနိုနဲ့သူရလည်း မနေနိုင်တော့လည်း ဖိနပ်တွေကြားမှာဝင် ရွေးကြပါတော့တယ်။

"မိန်းမစီးဖိနပ်တွေကို ကိုင်လို့ဘုန်းနိမ့်ပြီဆိုရင်တော့ မင်းဘုရားခံပဲ . . စည်သူ . . ဘယ့်နှယ်ကွာ . . ကိုယ့်အမေ ဖိနပ်တောင် ကိုင်ခဲ့တဲ့ကောင်တွေ မဟုတ်ဘူး . . ဟေ့ကောင် သူရ . . မင်းရောမိန်းမ ဖိနပ်ကိုင်ခဲ့ဖူးလား . . . ."

"အခုထိတော့ မကိုင်ဖူးခဲ့ပါဘူးကွာ . . အင်း . . မိန်းမ,ရရင်တော့ တို့ကောင်တွေ ကိုင်ရလိမ့်မယ်ထင်တယ် . . ."

"ဟာ . . ငါကတော့ မိန်းမရလည်း ဖိနပ်တော့ မကိုင်ပါဘူးကွာ . . ."

"ဟင် . . ဒါဆိုရင် မင်းမိန်းမကို မင်းဖိနပ်စီးမပေးတော့ဘူးပေါ့ . . ."

"သူ့ဘာသာသူ စီးပစေပေါ့ကွ . . မင်းကလဲ . . ."

"ဒါဆို . . မိန်းမအတွက် ဖိနပ်လည်းဝယ်မပေးဘူးပေါ့"

"အို . . သူ့ဘာသာသူ ဝယ်ပစေပေါ့ကွာ . . မင်းကလဲ"

"ဒါဆို ညဘက် အိပ်ဖို့ကျတော့ရော . . ."

"သူ့ဘာသာသူ အိပ်ပစေ . . အဲ . . ငါနဲ့အိပ်ရမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား . . ."

ကျွန်တော်တို့အဖြစ်က ငိုအားထက်ရယ်အားသန်ဖြစ်နေပါတယ်။ ဖိနပ်တွေချပေးနေတဲ့ ချာတိတ်မလေးကတော့ ကျွန်တော်တို့ကို အတော်ကလေး အံ့အားသင့်နေပုံရပါတယ်။ အဲဒီတုန်းမှာ နီနိုက

"မင်းတို့ကို ငါဖိနပ်ဇာတ်လမ်းလေးတစ်ခု ပြောပြရဦးမယ် . . ငါ ဘွဲ့ရပြီးစကဖြစ်ခဲ့တာ . . တစ်နေ့ပေါ့ကွာ . . တို့လမ်းထိပ်နားက လက်ဖက်ရည်ဆိုင်မှာ ငါလည်း ပျင်းပျင်းရှိတာနဲ့ တစ်ယောက်တည်း သွားထိုင်မိတယ် . . .

အဲဒီတုန်းမှာ ဆိုင်ထဲကို သူတောင်းစား မြေးအဘိုးနှစ်ယောက် ဝင်လာကြတယ် . . ဒီလောက် ပူပြင်းတဲ့နေရောင်အောက်မှာ သူတို့မြေးအဘိုးဟာ ဖိနပ်မပါဘူး . . ဒါနဲ့ငါလည်း အတော်ကလေးကို သနားသွားတယ် . . . .

သူတို့မြေးအဘိုးနှစ်ယောက်အတွက် ဖိနပ်တစ်ရံစီ ဝယ်ပေးရရင်ကောင်းမယ်ပေါ့ကွာ . . . အဘိုးကြီးကလည်း အသက်ကြီးပြီ ဖိနပ်ကမရှိဘူး . . လူမမယ်ကလေးကလည်း ဖိနပ်မပါဘူး သနားစရာ . . . .

နောက်တော့ ငါလည်း ဘယ်လိုမှမနေနိုင်တော့တာနဲ့ အဲဒီမြေးအဘိုးနှစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး ပိုက်ဆံထုတ်ပေးရတာပေါ့ကွာ . . ရော့ဒီမှာ ဖိနပ်ဝယ်စီးဖို့ပိုက်ဆံ . . ဒါက အဘိုးအတွက် ဖိနပ်ဖိုး . . . ဒါက ဟောဒီက အဘိုးရဲ့မြေးလေးအတွက် ဖိနပ်ဖိုးဆိုပြီး . . . ဖိနပ်တစ်ရံရဲ့အကြမ်းဖျင်းဈေးနှုန်းကိုမှန်းပြီး ပေးလိုက်တယ် . . ."

"အဲဒီတော့ အဘိုးကြီးလည်း ဝမ်းသာသွားမှာပေါ့ . . ကျေးဇူးတင်ပါတယ် . . ဘာညာဆက်မပြောဘူးလား . . ."

"အင်း . . . ပြောတယ်ကွ . . . အဘိုးကြီးက လူကလေးရယ်





ဘဲ့ . . ပေးမယ့်ပေးလည်း နှစ်ရံဖိုးမပေးပါနဲ့ လေးရံဖိုးပေးပါတဲ့ . . အဘိုးရဲ့မိန်းမက အိမ်မှာ . . သူလည်း ဖိနပ်စီးစရာမရှိဘူးတဲ့ . . သားတစ်ယောက်ကလည်း ဖိနပ်မရှိဘူးတဲ့ . . ဟား ဟား . ."

ကျွန်တော်တို့ ဝိုင်းရယ်မိကြတယ်။

"အဲဒါနဲ့ပဲ မင်းလေးရံဖိုးထုတ်ပေးလိုက်တယ် မဟုတ်လား"

"အေးပေါ့ကွာ . . . ဒါနဲ့ငါလည်း ဖိနပ်ဖိုးပေးပြီးတာနဲ့ လက်ဖက်ရည်ဖိုးဆက်ရှင်းပြီး အဲဒီမြေးအဘိုးအကြောင်းသိရအောင် နောက်ကနေ အသာကလေးလိုက်သွားတယ် . . အဲဒီတုန်းမှာ မြေး . .ပ်တဲ့လူက သူ့အဘိုးကို အဘိုးရယ်တဲ့ . . အောက်က အရမ်းပူတာ . .တဲ့ . . သားတို့ ဖိနပ်ဝယ်စီးကြရအောင်တဲ့ . . . ဒီတော့ အဘိုးကြီးက . . ."

"ဖိနပ်သွားဝယ်ပေးလိုက်ရောလား . . ."

"မဟုတ်သေးဘူးကွ . . အဲဒီတော့ အဘိုးကြီးက သူ့မြေးကို ပြန်ပြောတယ် . . . သားရယ်တဲ့ လောကကြီးမှာ ဖိနပ်ထက်အရေးကြီးတာ ဘာလဲ သိလားတဲ့ . . . မှတ်ထားကွဲ့တဲ့ . . ဖိနပ်ထက်အရေးကြီးတာ ဗိုက်တဲ့ . . . ဟား ဟား . . ."

"အင်း . . သင်ခန်းစာတော့ ယူစရာပဲကွ . . . ."

"မပြီးသေးဘူး . . အဘိုးကြီးက ဆက်ပြောသေးတယ် . . . အဘိုးတို့ အခုလိုဖိနပ်မပါမှ . . ဖိနပ်မစီးမှ လူတွေက သနားကြမှာ . . သနားမှ ပိုက်ဆံပေးမှာတဲ့ . . . ."

နီနိုစကားအဆုံးမှာ ကျွန်တော်တို့ငြိမ်ကျသွားပါတယ်။ ကျွန်တော်တို့တွေ မိန်းမစီးဖိနပ်တွေကို တစ်ရံပြီးတစ်ရံရွေးနေတဲ့အချိန်မှာ ဖိနပ်မစီးနိုင်တဲ့သူတွေဟာ ခြေထောက်ဗလာနဲ့ လမ်းပေါ်မှာလျှောက်နေကြပါလိမ့်မယ်။ တချို့လူတွေကျတော့လည်း အဆင်းမလှတဲ့ ဖိနပ်တွေနဲ့ ရာသီဥတုနဲ့ ဆူးငြောင့်ရန်က ကာကွယ်ဖို့စီးနေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၉)

မေမေက ခင်သက်မွန်ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ ဖိနပ်အကြောင်းကို ကျွန်တော့်ကို လာကြွားနေပါတယ်။

"ခင်သက်မွန်ကို အလှပြင်ပေးမယ့်သူက ရုပ်ရှင်မင်းသမီးတွေကို အလှပြင်ပေးနေတဲ့သူ . . အရမ်းတော်တာ သားရဲ့ . . နောက်ပြီး ခင်သက်မွန်ရဲ့ဝတ်စုံကလည်း အရမ်းဈေးကြီးတာ . . အချိန်ကကပ်နေလို့ အမြန်ကြေးတောင်ပေးပြီး ချုပ်ရတာ . . . သားတွေ့လိုက်ရင် အရမ်းသဘောကျသွားလိမ့်မယ် . . . .

ဖိနပ်ကလည်း မင်းအဖေ ရဲ့အသိတစ်ယောက် နိုင်ငံခြားကပို့လိုက်တာ . . ပထမတော့ မင်းမမအတွက်ပေးမလို့ပဲ . . ဒါပေမယ့် မင်းမမ ခြေထောက်ထက် ဖိနပ်က နည်းနည်းကြီးနေလို့ ခင်သက်မွန်ကိုပေးလိုက်တာ . .

အောင်မယ် . . သူနဲ့တော့ အတော်ပဲသိလား . . တိုင်းချုပ်ထားသလားတောင်ထင်ရတယ် . . . သား မွေးနေ့ပါတီပွဲကျရင် ခင်သက်မွန်က အလှဆုံး ဖြစ်နေလိမ့်မယ် . . ."





ကျွန်တော့်စိတ်ထဲ သိပ်မသက်မသာမိဘူး . . မေမေတို့က ဘာ ချင်လို့ ဘာခြုံထွင်နေကြပြီလဲ။ ခင်သက်မွန်အကြောင်းကို ကျွန် တော့်ကိုလာကြွားနေတာ တခြားအကြောင်းရှိနေလို့လား။

ဇကန္တ ကျွန်တော် စင်ဒရဲလားလေးကိုချစ်နေတာ ဖေဖေ မေမေတို့ သိသွားကြပြီလား။ ကျွန်တော့်ချစ်သူကို ဒေါက်ဖြုတ်ချင် တစ်ဖက်က သူတို့သဘောတူတဲ့လူကို အတင်းစွတ်တင်နေတာ လား။

ဖေဖေ၊ မေမေတို့ သိနိုင်စရာလည်း ရှိနေပါတယ်။ ဘွားဘွား က ပြန်ပြောလို့ပဲဖြစ်ဖြစ်၊ မမက ပြန်ပြောလို့ပဲဖြစ်ဖြစ် သိသွားနိုင်ပါ တယ်။

"ဩော် . . မေမေ . . မန္တလေးရောက်နေတဲ့ ကလျာစိမ့်ကို ရော မေမေတို့ ဖိတ်လိုက်သေးလား . . ."

"အင်း . . ဖိတ်တာပေါ့ သားရဲ့ . . ခင်သက်မွန်ကပဲ လှမ်း ဖိတ်လိုက်တယ် . . မေမေ ထင်ပါတယ် . . မင်းမွေးနေ့အမီတော့ ရောက်လာပါလိမ့်မယ် . . ."

ကလျာစိမ့်အကြောင်း မေမေ့ကို မေးမိရင်း တစ်စုံတစ်ခုကို ကျွန်တော် တွေးမိပြန်ပါတယ်။ ဖေဖေ၊ မေမေတို့ဟာ ကျွန်တော် စင်ဒရဲလားလေးကို မြတ်နိုးနေကြောင်း သိနေကြပါလိမ့်မယ်။ ဒါပေ မယ့် ကျွန်တော့်ကို လုံးဝဖွင့်မမေးပါဘူး။

ဒါဟာ ဘာကြောင့်ပါသလဲ။ ကျွန်တော်နဲ့သဘောမတူလို့ စင်ဒရဲလားလေးကို လုံးဝစိတ်မဝင်စားတာလား။ ခင်သက်မွန်နဲ့မလွဲ သွေ လက်ထပ်မှာပဲလို့ ကျွန်တော့်အပေါ် လျှော့တွက်နေကြလို့ လား။

ဒါမှမဟုတ်။ မွေးနေ့ပွဲကိုလာမယ့်ဧည့်သည်တွေကြားမှာ ကျွန်တော်ချစ်တဲ့မိန်းကလေးနဲ့ မိဘသဘောတူထားတဲ့မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းယှဉ်ချင်လို့လား။ စောစောက ကျွန်တော်စဉ်းစားခဲ့သလိုပဲ ဒေါက်ဖြုတ်ချင်လို့လား။ ဒီကိစ္စဟာ မရိုးသားတာတော့ သေချာပါတယ်။

ဒီကိစ္စမှာ မမကရော ဖေဖေ၊ မေမေတို့ဘက်ကလား။ ကျွန်တော့်စိတ်ထင်တော့ မမလည်း ဖေဖေ၊ မေမေတို့နဲ့ တစ်ကျိတ်တည်း တစ်ကြံတည်းဖြစ်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မမကိုယ်တိုင်က ဂျူလိုင့်ကိုခင်သက်မွန်ထက် ပိုလှသွားမှာမလိုလားဘူး။ ဒါကြောင့်မို့ အလုပ်ကိုအကြောင်းပြပြီး ဂျူလိုင့်ကို အလှပြင်ဆင်ချိန် မရအောင်လုပ်ထားတယ်။

နောက်တစ်ချက်က ကျွန်တော်က ဂျူလိုင့်ဘက်မှာရှိနေတာမို့ အလှချင်းပြိုင်ရင် ဂျူလိုင်နိုင်အောင်၊ သဘာဝအလှတို့၊ ဖန်တီးထားတဲ့အလှတို့စတာတွေနဲ့ ကျွန်တော့်ကိုချွေးသိပ်ထားတယ်။ ဂျူလိုင့်ရဲ့ အလှပြင်ဆင်ဖို့ကိစ္စကို အရေးမကြီးသယောင် ဖန်တီးထားတယ်။

ဒီလိုဆိုရင် ဘွားဘွားကျတော့ရော ဘယ်သူ့ဘက်မှာလဲ။ ကျွန်တော့်စိတ်ထင်တော့ ဘွားဘွားလည်း စိတ်မချရပါဘူး။ မေမေဟာ ဘွားဘွားရဲ့သမီးအရင်းပါ။ မေမေ့စကားကို ဘွားဘွားက နားထောင်နေကျပဲ။

"ဩော် . . . မွေးနေ့ပွဲကျရင် သားလည်း သပ်သပ်ရပ်ရပ်ဝတ်နော် သား . . ဖြစ်နိုင်ရင်တော့ အနောက်တိုင်းဝတ်စုံပဲဝတ် . . သားမွေးနေ့ပွဲကို သားဖေဖေရဲ့မိတ်ဆွေတချို့လည်း လာလိမ့်မယ် . . နောက်ပြီး ခင်သက်မွန်ရဲ့မိဘတွေလည်း လာလိမ့်မယ် . . ."

ကျွန်တော် ခေါင်းနပန်းကြီးသွားမိပါတယ်။ မေမေတို့ ဘာကိုရည်ရွယ်နေကြပြီလဲ။ ခင်သက်မွန်နဲ့ကိစ္စကို လူကြီးချင်းသဘောတူတဲ့အဆင့်ကနေ ပတ်ဝန်းကျင်ကို အသိပေးတော့မယ့်အခြေအနေတစ်ခုကို ဖန်တီးနေကြပြီ။ ထိုအခါ ကျွန်တော် နောင်တရမိပါတယ်။ ကျွန်တော့်အတွက် မွေးနေ့ပါတီလုပ်ပေးမယ်လို့ ဘွားဘွားပြောခဲ့တုန်းက





ကျွန်တော် ငြင်းလိုက်ရင် အကောင်းသား။

အခုတော့ ကျွန်တော်ဘယ်လိုလုပ်ရမလဲ။ ခင်သက်မွန်က သိန်းကျော်အဝတ်အစားတွေ၊ သိန်းကျော်လက်ဝတ်ရတနာတွေဝတ်၊ အရမ်းလှတဲ့ ဖိနပ်လေးကိုစီးပြီး ကျွန်တော့်မွေးနေ့ကို အဆင့်မြင့်ကားကြီးစီးပြီး ရောက်လာတဲ့အခါ ကျွန်တော့်စင်ဒရဲလားလေးကတော့ အလုပ်ထဲကတန်းလာရတာမို့ ချွေးတွေသံတွေနဲ့ရှိနေပါလိမ့်မယ်။

ပြီးတော့ အဝတ်အစားကျတော့လည်း မမတို့စာရင်းအင်းအဖွဲ့ရဲ့ ယူနီဖောင်းစိမ်းပြာရောင် ဝတ်စုံနဲ့သာဖြစ်ပါလိမ့်မယ်။ ပြီးတော့ ရန်ကုန်မြို့ထဲက ဖိနပ်ဆိုင်တစ်ဆိုင်က ဝယ်ခဲ့တဲ့ဖိနပ်လေးဟာလည်း သစ်မရလို့ဝါးကွပ်လိုက်ရတဲ့ ဖိနပ်လေးပါ။

စင်ဒရဲလားဖိနပ်လေးကို မီဖို့ဝေးပါတယ်။ ပြီးတော့ စင်ဒရဲလားလေးအနေနဲ့အချိန်ရခိုက် အလှပြင်နိုင်ရင်တောင် အလွန်ဆုံး မိတ်ကပ်ပါးပါးလေးဖို့၊ နှုတ်ခမ်းနီလေးဆိုးရုံလောက်ပါပဲ။ လက်ဝတ်ရတနာတွေမှာလည်း ခင်သက်မွန်ကို ဘယ်လိုမှယှဉ်နိုင်မှာမဟုတ်ပါဘူး။

ကျွန်တော် စိတ်ပျက်အားလျော့စွာနဲ့ပဲ သက်ပြင်းတွေအခါခါချမိပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

တစ်နေ့လုံး ကျွန်တော် နေမထိထိုင်မသာဖြစ်နေပါတယ်။ ကျွန်တော့်ဆိုင်ထပ်ခိုးလေးပေါ်မှာ တစ်ယောက်တည်း ထိုင်လိုက်၊ ထလိုက်နဲ့ စိတ်တွေလှုပ်ရှားနေမိပါတယ်။

ဒီနေ့ ကျွန်တော့်မွေးနေ့ပါ။ ဖေဖေနဲ့မေမေက သံဃာငါးပါးကို ပင့်ဖိတ်ပြီး နံနက်အရုဏ်ဆွမ်းကပ်တယ်။ ဒါကြောင့်မို့ ကျွန်တော် မနက်အစောကြီးကတည်းက နိုးနေခဲ့ပါတယ်။ ဆောင်းဥတုရဲ့နံနက်ခင်းဖြစ်လို့ နံနက်စောစောမှာ ဆီးနှင်းတွေ ကျနေတယ်။

သံဃာတော်တွေ ကြွမလာခင် ကျွန်တော်လည်း အားလုံးပြင်ဆင်ပြီးတာနဲ့ အိမ်ပေါ်ထပ်ဝရန်တာကို တက်လာခဲ့မိတယ်။

အရှေ့အရပ်မှာ ရောင်နီပျို့စပြုနေတာကို ခပ်ဝါးဝါးမြင်ရပါတယ်။ ခဏနေတော့ သံဃာတော်တွေကြွလာလို့ အရုဏ်ဆွမ်းကပ်လှူပါတယ်။ ဘွားဘွားကတော့ ညကတည်းက ကျွန်တော်တို့အိမ်မှာ ည လာအိပ်ပေမယ့် ဆွမ်းကပ်ဖို့အရေး မေမေနဲ့ဝင်ရောက်ချက်ပြုတ်နေတာမို့ ကျွန်တော်နဲ့စကားပြောချိန် သိပ်မရပါဘူး။





ဒီလိုနဲ့ပဲ ဆွမ်းကပ်တာပြီးသွားခဲ့ပါတယ်။ ကျွန်တော်ဖိနပ်ဆိုင်ကိုရောက်တော့ သူရကတီးဝိုင်းအခြေအနေနဲ့ ပတ်သက်ပြီး ဖုန်းဆက်ပါတယ်။

"ငါ့တီးဝိုင်းက တက်သစ်စအဆိုတော်ကလေးနှစ်ယောက်ပဲ . . တခြားနာမည်ကြီး အဆိုတော်သုံးလေးယောက်ပါမယ် . . ဒါပေမယ့် တို့တွေ သိပ်ညဥ့်နက်လို့တော့ မရဘူးနော် ဟေ့ကောင် . . ဆယ်နာရီဆယ့်တစ်နာရီလောက်ဆို တော်ပြီ . . ."

"အေးပါကွာ . . မင်းတို့ကောင်တွေအတွက်လည်း ဘွားဘွားအိမ်မှာ အိပ်ရာအပိုမရှိပါဘူး . . ."

မနက်ရှစ်နာရီခွဲတော့ ကျွန်တော် စင်ဒရဲလားလေးကို သွားကြိုပါတယ်။ သူမကတော့ အချိန်မှန်ပါပဲ။ ကျွန်တော့်ကားပေါ်ရောက်တဲ့အခါ သူမက ခပ်တိုးတိုးလေး စပြောပါတယ်။

"မနေ့ညနေက ရုံးဆင်းချိန်လည်းရောက်ရော . . မမက ဂျူလိုင့်ကိုခေါ်ပြီး စကားတွေအများကြီးပြောတယ် သိလား . ."

ကျွန်တော် ရင်ထိတ်သွားပါတယ်။ မမ ဘာတွေပြောခဲ့လေသနည်း။

"ဘာတွေပြောတာလဲဟင် . . ."

"နောက်မှပြောပြမယ် . . ."

ကျွန်တော့်အတွက်ကတော့ ပဟေဠိပါပဲ။ ဒါကြောင့် စင်ဒရဲလားလေးရဲ့မျက်နှာကို မသိမသာအကဲခတ်ကြည့်မိတဲ့အခါ တည်တည်ငြိမ်ငြိမ်ပါပဲ။ ဘာမှထူးထူးခြားခြားပြောင်းလဲနေတာမရှိပါဘူး။

"ဂျူလိုင် . . ."

"ရှင် . . ."

"ဒီနေ့ ကျွန်တော့်မွေးနေ့ . . ."

သူမ မသိမသာ ပြုံးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ် . . . ဖိတ်စာလည်း ရပြီးပါပြီ . . ဆက်ဆက် လာမှာပါ . . ပြီးတော့ မွေးနေ့လက်ဆောင်လည်း ဝယ်ပြီးပါပြီ"

"ဂျူလိုင့်ကို ကျွန်တော်သိပ်ချစ်တယ် . . ."

သူမ ကျွန်တော့်ကို ဖျတ်ခနဲတစ်ချက်ကြည့်ပါတယ်။ မျက်တောင်ကော့တွေက တဖျတ်ဖျတ် လှုပ်ခတ်သွားတယ်။

"မွေးနေ့ပွဲကျရင် ဂျူလိုင်နဲ့ကျွန်တော့်မိဘတွေနဲ့မိတ်ဆက်ပေးမယ် . . ပြီးရင် ဘွားဘွားနဲ့လည်း မိတ်ဆက်ပေးမယ် . . ပြီးတော့ သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးမယ် . . ဒါနဲ့ ကျွန်တော့် မွေးနေ့ပါတီမှာ ဘာကျွေးမှာလဲ သိလား . . ."

သူမ မျက်လုံးလေး ဝိုင်းသွားပါတယ်။

"ဟိုလေ . . ဖိတ်စာထဲမှာ ရေးထားသလို မဟုတ်တော့ဘူးလား . . ."

"မဟုတ်တော့ဘူး . . . ပြောင်းသွားပြီ . . ."

"ဒါဆို . . ဘာကျွေးမှာလဲ ဟင် . ."

"ဘူဖင် . . ."

"သွား . . ."

စင်ဒရဲလားလေးက ရှက်သွားပြီး တစ်ချက်ပြုံးပါတယ်။ ပြီးတော့ ကျွန်တော့်လက်မောင်းကို လှမ်းရိုက်တယ်။ ကျွန်တော် ကြည်နူးသွားမိပါတယ်။

"အဲဒီ့တုန်းက ဂျူလိုင်နည်းနည်းလောကြီးနေတာနဲ့ မှားသွားတာ . . နောက်ပြီး ပေ့ချ်မိတ်ကာနဲ့ မြန်မာစာလည်း အရိုက်နည်းတယ်လေ . . ဆောရီးနော် . . ."

"ကိုစည်သူကျော်ဆိုတာရော . . . ဂျူလိုင့်အသိထဲမှာ ရှိသလား"

"မရှိဘူး . . . ကိုစည်သူ ရင်ဘတ်ဆိုတာပဲရှိတယ် . ."





သူမကလည်း ကျွန်တော်နောက်သလို ပြန်နောက်ပါတယ်။

"အဲဒီ့ကိုစည်သူကျော်ရဲ့မွေးနေ့က ဒီနေ့နော် . . ."

"တော်တော် အူမြူးနေတယ် ထင်တယ် . . မမနဲ့တိုင်လိုက်ရမနော် . . ."

"မမက ဂျူလိုင့်ကို ဘာတွေပြောခဲ့သလဲဟင် . . ."

"နောက်မှ ပြောပြမယ် . . . ."

"ကျွန်တော့်ကို ပြန်ချစ်နိုင်မလား ဟင် . . ."

"နောက်မှ ပြောပြမယ် . . ."

"ကျွန်တော့်အတွက် ဘာလက်ဆောင်ဝယ်ထားသလဲ ဟင်"

"နောက်မှပြောပြမယ် . . အဲ . . ဟုတ်ပါဘူး . . မွေးနေ့ပွဲကျမှကြည့် . . ."

ကျွန်တော်တို့နှစ်ယောက် ရယ်မောလိုက်ကြပါတယ်။

"အလုပ်ဆင်းချိန်ကို ကျွန်တော် လာကြိုရမလားဟင်"

သူမ မျက်စောင်းထိုးပါတယ်။

"ရမလား . . အလုပ်တွေကများတော့ ဘယ်အချိန်ပြီးမှန်းလည်း မသိ . . . နောက်ပြီး မမ ဆူလိမ့်မယ် . . ."

တဖြည်းဖြည်းနဲ့ မမတို့အလုပ်ခန်းနားကို ရောက်လာတယ်။ အဲဒီ့တုန်းမှာပဲ ကျွန်တော့်ကားကို မမရဲ့ကားက ကျော်တက်သွားပြီး အလုပ်ခန်းရှေ့ကပလက်ဖောင်းမှာ ရပ်သွားတယ်။

"ဟင် . . . ဟိုမှာ မမရဲ့ကား . . ဂျူလိုင်တို့ကို မြင်သွားပြီလား မသိဘူး . . ဒုက္ခပဲ . . ဆူတော့မှာပဲ . . ."

ကျွန်တော်ကလည်း မမ မြင်သွားပြီဖြစ်သဖြင့် မထူးတော့ဘူး ယူဆပြီး မမကားနောက်မှာ ကားကိုကပ်ရပ်လိုက်ပါတယ်။ ပြီးတော့ ကားစက်သပ်လိုက်ပြီး အပြင်ကိုထွက်လိုက်ပါတယ်။ မမက ကျွန်တော်တို့နှစ်ယောက်ကို စောင့်နေတယ်။ မမ မျက်နှာကတော့



www.burmeseclassic.com

www.burmeseclassic.com



တည်တည်ငြိမ်ငြိမ်ပါပဲ။

"ဟန်သာစောစောရောက်လာတာနဲ့ အတော်ပဲ . . အက်ပဲလ်ကုမ္ပဏီရဲ့နှစ်ချုပ်စာရင်းကိစ္စကို မမတို့နှစ်ယောက် အတူလုပ်လိုက်ရအောင် . . . . ကုမ္ပဏီက ပြီးပြီလားလို့ မေးနေတာ သုံးရက်လောက်ရှိပြီ . . ."

ဂျူလိုင်က လှောကလေး မသိမသာတစ်လစ်လုပ်ပြီး မမနားကို ကပ်သွားပါတယ်။ ကျွန်တော်က မမကိုလှမ်းခေါ်လိုက်တယ်။

"မမ . . ."

မမက ကျွန်တော့်ကို ပြန်လှည့်ကြည့်တယ်။

"ကျွန်တော့်ကို အပေါ်လိုက်ခဲ့ဖို့ မခေါ်တော့ဘူးလား"

"ဟင့်အင်း . . မမမှာ ညီ့သည်နဲ့စကားပြောဖို့ အချိန်မရှိဘူး . . ညနေကို မွေးနေ့ပွဲတစ်ခု သွားစရာရှိလို့ အလုပ်ကိုစောစောလုပ်ရမယ် . . ."

"မွေးနေ့ ဟုတ်လား . . ဘယ်သူ့ မွေးနေ့လဲ မမ . ."

မမက တစ်ချက်ပြုံးပါတယ်။

"စည်သူကျော်ဆိုလား . . . ဘာလား . . ."

စင်ဒရဲလားလေးက မျက်လွှာလေးချပြီး ရှက်ပြုံးပြုံးပါတယ်။ ဒီတော့မှ မမက စင်ဒရဲလားလေးလက်ကို ဆွဲပြီး အပေါ်ကိုတက်သွားပါတယ်။

ဒါနဲ့ပဲ ကျွန်တော်လည်း ကျွန်တော့်ဖိနပ်ဆိုင်ကိုရောက်သွားပြီး ဝန်ထမ်းတွေကို . . . . .

"ဒီနေ့ညနေလေးနာရီ ဆိုင်ပိတ်မယ် . . အိမ်ပြန်ပြီး အဝတ်အစားလဲချင်လည်း လဲကြ . . . ဒါမှမဟုတ်ရင်လည်း အလှပြင်ဆိုင်မှာ လဲချင်လည်းသွားလဲကြ . . တက္ကစီခေါ်သုံးကြ . . ပြီးရင် စရိတ်တင်လိုက် . . . ကြားလား . . ."





"ဆရာ . . . မီမီတို့ ဟိုမှာကူလုပ်ဖို့အတွက် ဘယ်အချိန်လောက် ရောက်ရင်ဖြစ်မလဲ . . ."

"ခြောက်နာရီလောက်ရောက်ရင် ဖြစ်ပါပြီ . . ."

ပြီးတာနဲ့ ကျွန်တော် ထပ်ခိုးပေါ်တက်ခဲ့ပါတယ်။ စိတ်တွေလှုပ်ရှားနေမိပြီး ထိုင်လိုက်ထလိုက်ဖြစ်နေမိတယ်။

နေ့လယ်ကျတော့လည်း ဘယ်မှမသွားဖြစ်ဘဲ ထပ်ခိုးပေါ်မှာပဲ မီမီတို့ကိုဆီချက်တစ်ပွဲနဲ့လက်ဖက်ရည်မှာခိုင်းလိုက်ပြီး တစ်ယောက်တည်း စားလိုက်ပါတယ်။

နီနီနဲ့သူရကတော့ ဒီအချိန်အားမှာမဟုတ်တော့ဘူး . . သူရဆိုရင် ညနေလေးနာရီလောက်ကတည်းက ဘွားဘွားခြံကို ရောက်နေမှာဖြစ်ပြီး တူရိယာပစ္စည်းတွေ၊ လျှပ်စစ်ပစ္စည်းတွေ ဆင်ပါလိမ့်မယ်။

နီနီကလည်း သူ စရိုက်နေပြီဖြစ်တဲ့ သရဲကားပြီးတာနဲ့ ကျွန်တော့်ဆီရောက်ချလာပါလိမ့်မယ်။ ဒီလိုနဲ့ပဲ ညနေလေးနာရီထိုးသွားသို့ ဖိနပ်ဆိုင်ကို ပိတ်လိုက်ပြီး မီမီတို့ဝန်ထမ်းတစ်သိုက်ကို အလှပြင်ဆိုင်တစ်ဆိုင်ကို ပို့ပေးလိုက်ပါတယ်။

ပြီးတော့ ကျွန်တော် အိမ်ကိုပြန်လာခဲ့တယ်။ ငြိမ်းစီစီဖြစ်နေသို့ အိမ်ပြန်ရောက်ရောက်ခြင်း ရေချိုးခန်းဝင်ပြီး ရေချိုးပါတယ်။

အိမ်မှာ မေမေ မရှိဘူး။ ခင်သက်မွန်ဆီ သွားနေတယ်လို့ အဲအဲက ပြောပါတယ်။

ဒါနဲ့ကျွန်တော်လည်း ငါးနာရီလောက်ကျတော့ အနောက်တိုင်းဝတ်စုံတစ်စုံ ကောက်ထည့်ပြီး ဘွားဘွားဆီကို ထွက်လာခဲ့ပါတယ်။

ဘွားဘွားခြံကိုရောက်တော့ သူရကို သူ့တီးဝိုင်းအဖွဲ့သားတွေနဲ့ တူရိယာပစ္စည်းတွေကြားမှာ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ကောင် သူရ . . ဘာလိုသေးလဲ . . ."

"မလိုဘူးကွ . . အားလုံး ရယ်ဒီပဲ . . ."

ဘွားဘွားကတော့ ကျွန်တော့်အတွက် မွေးနေ့ကိတ်မှာထားတဲ့အကြောင်း ပြောပါတယ်။ ဆောင်းဥတုဖြစ်လို့ နေ့တာတိုတော့ ငါးနာရီခွဲလောက်ပဲရှိသေးပေမယ့် မှောင်စပြုလာပြီ။ ကောင်းကင်မှာ နေရောင်မရှိတော့ဘူး။ ခြောက်နာရီလောက်ကျတော့ လမ်းမီးတွေ တောင်လင်းလာပြီ။

ကျွန်တော့်ဝန်ထမ်းတွေကတော့ အချိန်တိကျပါတယ်။ ခြောက်နာရီတိတိမှာ ရောက်လာကြတယ်။ အားလုံး ဖြီးလိမ်း ပြင်ဆင်ထားကြပြီး သူတို့လှသလားလို့မေးလို့ ကျွန်တော်လည်း ခေါင်းညိတ်ပြရတယ်။

ဘူဖေးညစာအတွက် ဟိုတယ်ကမှာယူထားတဲ့အဖွဲ့လည်း ရောက်လာပြီး ခြံထဲမှာ သူတို့အတွက် သတ်မှတ်ပေးထားတဲ့နေရာမှာ သွားပြင်ဆင်နေကြပါပြီ။

ညခုနစ်နာရီထိုးတာနဲ့ သူရနဲ့သူ့အဖွဲ့က တီးဝိုင်းကိုစတင်ပါတော့တယ်။ ဘွားဘွားရဲ့ခြံထဲမှာ ထွန်းညှိထားတဲ့ မီးရောင်စုံတွေနဲ့ တေးဂီတရဲ့အသံကြောင့် မွေးနေ့ပါတီပွဲဟာ စတင်အသက်ဝင်လာပါပြီ။

ခဏနေတော့ ဧည့်သည်တွေ ကြိုကြားကြိုကြားရောက်လာပါတော့တယ်။ မမနဲ့သူ့အဖွဲ့ကတော့ ခုထိမရောက်လာသေးပါဘူး။ ဖေဖေနဲ့သူ့ သူငယ်ချင်းအချို့ကတော့ ခုနစ်နာရီခွဲလောက်မှ ရောက်လာပြီး မရှေးမနှောင်းမှာပဲ ခင်သက်မွန်တို့ရောက်လာပါတယ်။

ခင်သက်မွန်ဟာ မေမေခန့်မှန်းထားတဲ့အတိုင်း စင်ဒရဲလားပုံပြင်ထဲက မင်းသမီးလေးလို ထူးထူးခြားခြားပဲလှနေပါတယ်။ အနက်ရောင်ဝတ်စုံလေးနဲ့ သူ့ဖြူဖွေးတဲ့အသားအရေဟာ ပန်းရနေပါတယ်။





အဲဒီတုန်းမှာပဲ ခြံရှေ့ကို မမတို့ရုံးကားထိုးဆိုက်လာလို့ ကျွန်တော် ရင်ထိတ်သွားမိပါတယ်။ ကားပေါ်က ဆင်းလာသူတွေကို ကျွန်တော်ဂရုပြုပြီး ကြည့်မိပေမယ့် စင်ဒရဲလားလေးကို မတွေ့ပါဘူး

သူမဘာဖြစ်နေပြီလဲ . . . ဘာဖြစ်လို့ မမကားနဲ့ပါမလာဘာလဲ။

"ဩော် . . . ဧည့်သည်တွေတောင် အတော်များနေပြီ . . . လာ . . မောင်လေး . . မမတို့မောင်နှမ . . . ဧည့်သည်တွေကို လိုက်နှုတ်ဆက်ရအောင် . . ."

"မမ . . . ."

"ဟင် . . ."

"ဂျူလိုင် ဘယ်မှာလဲ . . ."

မမက ကျွန်တော့်ကို ဖျတ်ခနဲကြည့်ပါတယ်။

"လာလိမ့်မယ် . . ကိစ္စလေး နည်းနည်းရှိလို့ . ."

မမဟာ စကားကိုခပ်တိုတိုပဲပြောပြီး ကျွန်တော့်ရှေ့က ထွက်သွားတယ်။ ကျွန်တော်လည်း စင်ဒရဲလားလေးအတွက် စိတ်ပူသွားပါတယ်။ သူမမှာ ဘာကိစ္စများရှိပါလိမ့်။ တကယ်လို့ အဲဒီကိစ္စက အရေးကြီးပြီး မရောက်လာနိုင်ခဲ့ရင် ဒုက္ခပဲ။

ဖိတ်ကြားထားတဲ့ဧည့်သည်တွေက စုံစုံညီညီရောက်နေကြပါပြီ။ ခင်သက်မွန်ရဲ့မိဘတွေလည်း ရောက်နေပြီး ဖေဖေ၊ မေမေတို့နဲ့ စကားပြောနေကြပါတယ်။

အဲဒီတုန်းမှာပဲ မမတို့ဝိုင်းက လက်ခုပ်သံတွေ ကြားရပါတယ်။ ကျွန်တော်လည်း မမတို့ဘာကြောင့်လက်ခုပ်တီးတာပါလိမ့်လို့ စူးစမ်းလိုက်တဲ့အခါ အိမ်ပေါ်ကနေ အဖြူရောင်ဝတ်စုံနဲ့ဆင်းလာတဲ့ ဧည့်သည်တစ်ယောက်ကို တွေ့လိုက်ရပါတော့တယ်။

ဆင်းလာတဲ့ဧည့်သည်က ကျွန်တော့်ရဲ့စင်ဒရဲလားလေးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးလေးတစ်ပါးလို လှပလွန်းလို့ ကျွန်တော် အသက်ရှူဖို့မေ့နေမိပါတယ်။ စင်ဒရဲလားလေးရဲ့ဘေးမှာတော့ ဘွားဘွား။ ဘွားဘွားရဲ့မျက်နှာဟာ ပြုံးနေပါတယ်။ ကျွန်တော့်မျက်စိဟာ စင်ဒရဲလားလေးရဲ့ခြေထောက်နေရာကို ရောက်သွားတယ်။

"ဟင် . . . ."

ကျွန်တော့်စင်ဒရဲလားလေးရဲ့ ခြေထောက်လှလှလေးမှာ စင်ဒရဲလားဖိနပ်လေးနဲ့ပါလား။ မန္တလေးမှာ ကလျာစိမ့်ပျောက်ဆုံးသွားခဲ့တဲ့ဖိနပ်လေး။ စင်ဒရဲလားလေးရဲ့အလှကြောင့် ဖိနပ်ကလေးဟာ ပိုလှနေသလို၊ ဖိနပ်လေးကြောင့်လည်း စင်ဒရဲလားလေးဟာ ပိုလှနေပါတယ်။

ကျွန်တော်ကြောင်ပြီး ငေးကြည့်နေတုန်းမှာပဲ စင်ဒရဲလားလေးက ကျွန်တော့်လက်ထဲကို အထုပ်ကလေးတစ်ထုပ် လှမ်းထည့်ပါတယ်။

"ကိုစည်သူရဲ့မွေးနေ့အတွက် . . . ဂျူလိုင့်မွေးနေ့လက်ဆောင်"

ကျွန်တော် အိပ်မက်မက်နေမိပါသလား။

အဲဒီတုန်းမှာ ဘွားဘွားက ကျွန်တော့်ဘေးရောက်လာပြီး ခပ်တိုးတိုးလာပြောပါတယ်။

"ဘာမှ အံ့ဩမနေနဲ့တော့ . . အားလုံးကို ဘွားဘွား မင်းမမနဲ့တိုင်ပင်ပြီး စီစဉ်လိုက်တာ . . ."

ကျွန်တော့်နားကိုကျွန်တော် မယုံပါဘူး။ ဒါတွေကို ဘွားဘွားက မမနဲ့တိုင်ပင်ပြီး စီစဉ်လိုက်တာ ဆိုပါကလား။ စင်ဒရဲလားလေးရဲ့တစ်ကိုယ်လုံးမှာ လက်ဝတ်ရတနာတွေလည်း အပြည့်။

ရင်ညွန့် ဝင်းဝင်းမှာ ပတ္တမြားလည်ဆွဲ။ ပြီးတော့ ပတ္တမြားနားကပ်၊ လက်မှာလည်း ပတ္တမြားလက်ကောက်တွေ။





ဖြူဝင်းသော အသားအရေနဲ့ဖြူဖွေးနေတဲ့အနောက်တိုင်းဝတ်စုံ။ ပတ္တမြားထည်လက်ဝတ်ရတနာတွေ။

အခုဆိုရင် စင်ဒရဲလားလေးဟာ မွေးနေ့ပါတီတစ်ခုလုံးရဲ့မင်းသမီးလေး ဖြစ်သွားပါပြီ။ မျက်နှာလှလှမှာ လိမ်းခြယ်ထားတဲ့မိတ်ကပ်တွေကြောင့် သူမဟာ ကြွေရုပ်ကလေးတစ်ရုပ်လို ဖြစ်နေပါတယ်။ အဲဒီတုန်းမှာ တီးဝိုင်းက Happy Birthday to You သီချင်းကို စတင်တီးမှုတ်ပါတော့တယ်။

"လာ . . . သား . . မွေးနေ့ကိတ်လှီးကြရအောင် . . ."

အဲဒီနောက်မှာတော့ ကျွန်တော့်ဘေးမှာ ဘွားဘွားနဲ့စင်ဒရဲလားလေးခြံရံပြီးတော့ ကိတ်မုန့်ပေါ်က ဖယောင်းတိုင်တွေကို မှုတ်ပါတယ်။ ပြီးတော့ ကိတ်မုန့်တွေကို လှီးတယ်။

ဧည့်ပရိသတ်က Happy Brithday သီချင်းကိုလိုက်ဆိုပြီး သီချင်းအဆုံးမှာ လက်ခုပ်တီးကြပါတယ်။ ကျွန်တော့်မျက်လုံးဟာ မြည်ရွှယ်ပါဘဲနဲ့ ခင်သက်မွန်ဆီကို ရောက်သွားတယ်။ သူမဟာ မျက်စိမျက်နှာပျက်နေပါတော့တယ်။

ကျွန်တော့် စင်ဒရဲလားလေးနဲ့ယှဉ်ရင် ခင်သက်မွန်က အတော်အသတ် နောက်မှာကျန်ခဲ့ပါပြီ။ ဖေဖေ၊ မေမေတို့ကတော့ အံ့ဩနေကြပုံရပါတယ်။ အဲဒီတုန်းမှာ ကျွန်တော် ကလျာစိမ့်ကို သွားတွေ့လိုက်ပါတယ်။ ကလျာစိမ့်က ကျွန်တော့်ကို လက်မထောင်ပြတယ်။

အဲဒီတုန်းမှာ မမကလည်း ကျွန်တော့်ဆီကို လျှောက်လာပါတယ်။ ပြီးတော့ ပြုံးစစနဲ့။

"ကဲ . . . ကျေနပ်ပြီလား . . တကတည်းတော် . . စိတ်ပူစရာမရှိ စိတ်ပူနေလိုက်ရတာ . . မွေးနေ့ပွဲက ညကျမှဉစ္စာ . . အဲဒါနှင့်တောင်ယူခိုင်းသေးတယ်ဆို . . ."

ကျွန်တော်ရှက်သွားပြီး ရယ်ချလိုက်ပါတယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စင်ဒရဲလားလေးကို ငုံ့ကြည့်မိလိုက်ပါတယ်။ အဲဒီ့အခါမှာ ရွှန်းမြတဲ့အကြည့်တွေနဲ့ သူမက ကျွန်တော့်ကို ပြန်ကြည့်ပါတယ်။ ဧည့်ပရိသတ်တွေကို ဘူဖေးညစာနဲ့တည်ခင်းဧည့်ခံနေတဲ့အချိန်မှာ တီးဝိုင်းကလည်း တေးသံသာတွေနဲ့ ဖျော်ဖြေနေပါတော့တယ်။

အဲဒီ့ တုန်းမှာပဲ ကျွန်တော့်သူငယ်ချင်း နီနိုက ဗီဒီယိုဒစ်ဂျစ်တယ် ကင်မရာတစ်လုံးနဲ့ ရောက်လာပြီး ကျွန်တော်တို့ကို ဓာတ်ပုံရိုက်ကူးဖို့ ပြင်ဆင်ပါတော့တယ်။

"လာ . . သား . . မင်းဖေဖေနဲ့မေမေဆီကို သွားကြရအောင် . . . သမီးလည်း လိုက်ခဲ့ . . . ."

နောက်တော့ ဘွားဘွားကပဲ ကျွန်တော့်ကိုယ်စား ဖေဖေ၊ မေမေတို့နဲ့ စင်ဒရဲလားလေးကို မိတ်ဆက်ပေးပါတယ်။ ခင်သက်မွန်ရဲ့ မိဘတွေနဲ့မိတ်ဆက်ပေးဖို့ ကြည့်လိုက်တဲ့အခါမှာတော့ ခင်သက်မွန်တို့မိသားစု မရှိတော့ပါဘူး။ ခပ်စောစောကလေးကပဲ ပြန်သွားတယ်လို့ ပြောကြပါတယ်။

အခုတော့ ကျွန်တော့်ရဲ့မွေးနေ့ပါတီဟာ လှုပ်ရှားအသက်ဝင်နေပါပြီ။ ကျွန်တော့်မျက်နှာဟာ ပြုံးနေသလို၊ ဘွားဘွားနဲ့မမရဲ့ မျက်နှာဟာလည်း ပြုံးနေပါတယ်။ ဒါပေမယ့် ဖေဖေနဲ့မေမေ့ရဲ့ မျက်နှာကတော့ တည်နေပါတယ်။

ကျွန်တော့် မွေးနေ့ပါတီဟာ ညဉ့်နက်လာတာနဲ့အမျှ ပိုမိုအေးမြလာပါတယ်။ အသက်အရွယ်ကြီးတဲ့လူတွေ ပြန်ကုန်ကြပြီး ငယ်ရွယ်သူတွေသာ 'ကျန်ခဲ့ပါတယ်။

ကျွန်တော့်ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့နေပါတယ်။ အဲဒီ့တုန်းမှာပဲ ကျွန်တော့် စင်ဒရဲလားလေးက ကျွန်တော့်ကို ခပ်တိုးတိုးပြောပါတယ်။

"မနက်ဖြန်မနက်ကိုလေ . . . ဂျူလိုင့်ကို စောစော လာခေါ်





. . . ဂျူလိုင် ပြောစရာရှိတယ် . . ."

ကျွန်တော် ပြုံးပြီးခေါင်းညိတ်ပြလိုက်တယ်။ အဲဒီ့တုန်းမှာ ဘွားဘွားနဲ့နီနိုက ကျွန်တော်တို့အနားရောက်လာတယ်။ နီနိုက ရှင်းပြတယ်။

"ဒီမှာ ဟေ့ကောင် . . ဘွားဘွားက အကြံပေးတယ် . . . မင်း စင်ဒရဲလားလေး . . အဲ . . ဆောရီး . . ဂျူလိုင့်ခြေထောက်လေးနဲ့ ဖိနပ်လေးကို ဒီမွေးနေ့ပွဲနောက်ခံထားပြီး ဗီဒီယိုရိုက်ထားလိုက်တဲ့ . . . ပြီးရင် ရုပ်မြင်သံကြားမှာ မင်းဖိနပ်ဆိုင်အတွက် ကြော်ငြာထည့်ရမယ်တဲ့ . . . ဘယ်လိုလဲ . . ."

"ဟာ . . . ကောင်းတယ် . . . ကောင်းတယ် . . ရိုက်မယ်"

ဒီနောက်မှာတော့ စင်ဒရဲလားလေးဖိနပ်ဆိုင်အတွက် ကြော်ငြာအဖြစ် စင်ဒရဲလားလေးနဲ့ဖိနပ်လေးကို ဗီဒီယိုရိုက်ဖြစ်သွားပါတယ်။ မွေးနေ့ပွဲသိမ်းတော့ ကျွန်တော်လည်း မွေးနေ့ပွဲကိုသည်အတိုင်းပစ်ထားခဲ့ပြီး စင်ဒရဲလားလေးကို လိုက်ပို့မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ကျွန်တော့်ကားပေါ်ကို စင်ဒရဲလားလေးရောက်လာပါတယ်။ နံနက်စောစောမို့ ဆီးနှင်းတွေက ပတ်ဝန်းကျင်တစ်ခုလုံးမှာ ထူထပ်စွာကျနေပါတယ်။ ကျွန်တော်ဟာ ကားကို ညင်ညင်သာသာပဲ မောင်းထွက်ခဲ့မိတယ်။

"ကိုစည်သူတော့ အရမ်းအံ့သြနေမှာပဲနော် . . ဂျူလိုင်လည်း အံ့သြတယ်သိလား . . မမနဲ့ဘွားဘွားက ဘယ်တုန်းကတည်းက အဲဒီလို လုပ်မယ်လို့ကျိတ်ကြံစည်ထားကြသလဲ မသိဘူး . . မနေ့ကညနေက မမက ဂျူလိုင့်ကိုခေါ်ပြီး စကားတွေအများကြီးပြောတယ်သိလား . . . အမိက,ကတော့ ကိုစည်သူရဲ့မွေးနေ့ပွဲမှာ ဂျူလိုင်လှနေဖို့အရမ်းအရေးကြီးတယ်တဲ့ . . အဲဒါကြောင့်တဲ့ . . မမက သူ့အစီအစဉ်ကို ဂျူလိုင့်ကိုပြောပြတယ် . . ဂျူလိုင်တစ်ယောက်တည်းကို ပုံမှန်ရှုံးဆင်းချိန် ငါးနာရီတိတိမှာ ပေးဆင်းပေးမယ်တဲ့ . . ပြီးရင် မမနဲ့ဘွားဘွား စီစဉ်ထားတဲ့ ရန်ကုန်မြို့က အကောင်းဆုံး အလှပြင်ဆရာဆီမှာ သွားအလှပြင်ရမယ်တဲ့ . . . ဝတ်စုံအတွက်ကိုတော့





ခွင့်မပြုနိုင်မီလို့ မချုပ်တော့ဘူးတဲ့ . . ဆိုင်တွေက ချုပ်ပြီးသားဆိုလည်း ကောင်းမှာမဟုတ်ဘူးတဲ့ . . ဒီတော့ ဘွားဘွားလက်ထပ်တုန်းက ဝတ်ခဲ့တဲ့ သတို့သမီးဝတ်စုံရှိတယ်တဲ့ . . ဘွားဘွားနဲ့မမ ပြန်ထုတ်ကြည့်တော့ အသစ်အတိုင်းပဲရှိသေးတယ်တဲ့ . . နောက်ပြီး အခုခေတ်နဲ့လည်း ခေတ်မီသေးတယ်တဲ့ . . လက်ဝတ်ရတနာတွေအတွက်လည်း ဂျူလိုင်ဘာမှမပူပါနဲ့လို့ ဆက်ပြောတယ် . . အားလုံး ဘွားဘွား စီစဉ်ပေးမယ်တဲ့ . . . ကံကောင်းချင်တော့ ဒီနေ့နေ့လယ်ရောက်တော့ မမဆီကို ကောင်မလေးတစ်ယောက် လမ်းကြုံလို့ ဝင်လာရင်း ဖိနပ်လေးတစ်ရံလာပေးသွားတယ် . . . ကိုစည်သူ ပျောက်သွားခဲ့တဲ့ ဖိနပ်လေးလို့ ပြောတာပဲ . . . မန္တလေးက တက္ကစီဆရာက ပြန်လာပေးတာပါတဲ့ . . ကိုစည်သူဆီကို မမကတစ်ဆင့် ပေးပေးပါတဲ့ . ."

ကျွန်တော် ပြုံးလိုက်မိပါတယ်။ မမက အတော်လည်တာပဲ . . ကျွန်တော် မသိအောင် လျှို့ဝှက်ထားတယ်။

"ဒါနဲ့ ဂျူလိုင်ကလည်း အရမ်းအံ့သြသွားတာပေါ့ . . ဘာဖြစ်လို့ ကိုစည်သူရဲ့မွေးနေ့ပွဲမှာ ဂျူလိုင် လှနေဖို့အရေးကြီးရတာလဲ မဆိုပြီးပြန်မေးတော့ . . မမက ရယ်တယ် . . ပြီးတော့ ယောင်းမတော်ချင်လို့တဲ့ . . . သိပြီလားလို့ . . . ပြန်ပြောတယ် . . ဂျူလိုင်လည်း ရှက်လိုက်တာ အရမ်းပဲ . . မမက ပေါ်တင်ကြီး ပြောတာကိုး . . . ."

ကျွန်တော် ပီတိဖြစ်လာပါတယ်။ အဲဒီ့တုန်းမှာ စင်ဒရဲလားလေးက ဆက်ပြောပါတယ်။

"မမက ဆက်ပြောတယ် သိလား . . ဂျူလိုင် ကံကောင်းပါတယ်တဲ့ . . မမမောင်က ဂျူလိုင့်ကို အတော်ကလေးကို စွဲလမ်းခဲ့တာတဲ့ . . မမရဲ့မောင်လေး ကံကောင်းဖို့ကိုလည်း ဂျူလိုင့်မှာတာဝန်ရှိတယ်တဲ့လေ. . မပြောလိုက်ချင်ဘူး . . ယောင်းမတော်ချင်ပေလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ . . မမက ဂျူလိုင့်ကို ယောင်းမတော်ချင်တယ်လို့ ပြောတော့ ဂျူလိုင်က မမကိုယောင်းမ ပြန်မတော်ချင်ဘူးလား . . ."

"မသိဘူး . . အဲဒီတုန်းက ရှက်တာနဲ့ပဲ ခေါင်းကိုသာ ငုံ့ထားတာ . . ."

"ဘွားဘွားကတော့ ဂျူလိုင့်ကို အရမ်းချစ်သွားတာပဲနော်"

"ဘွားဘွားကတော့ ဟုတ်ပါတယ် . . ဒါပေမယ့် ကိုစည်သူ့ဖေဖေနဲ့မေမေကရော . . ."

"ဟာ . . ဖေဖေနဲ့မေမေ့ သဘောထားက ကျွန်တော့်ဘဝမှာအရေးသိပ်မကြီးပါဘူး . . ဘွားဘွားရဲ့သဘောထားကသာ အရေးကြီးတာပါ . . မောင် ဖိနပ်ဆိုင်ဖွင့်ဖို့ လုပ်တုန်းကလည်း . . ."

"အောင်မယ် . . သူ့ကိုယ်သူ မောင်တဲ့ . . ."

ကျွန်တော် ရှက်ရယ် ရယ်လိုက်မိပါတယ်။

"ကျွန်တော် ကျွန်တော်နဲ့ပြောနေရတာ အရသာမရှိဘူး . . နောက်ကို မောင်လို့ပဲ ပြောတော့မယ် . . ."

"အောင်မယ် . . သူ့ကို ဘယ်သူကချစ်မယ်ပြောလို့လဲ . . ."

"ဂျူလိုင်ဆိုတဲ့ မောင့်ရဲ့စင်ဒရဲလားလေးက ပြောမှာပေါ့ . . ညတုန်းကလေ ဂျူလိုင်အရမ်းလှတယ် သိလား . . လူတွေက ဝိုင်းပြီးတောင် လက်ခုပ်တီးတာ . . ."

ကားရှင်းတဲ့လမ်းမတစ်နေရာကို ရောက်လာပါတယ်။

"မောင့်ကိုချစ်တယ်လို့ အဖြေပေးတော့လေ . . ."

"စောသေးတယ် . . တွေ့တာဖြင့် ဘာမှမကြာသေးဘူး . ."

"ဟာ . . မောင်စောင့်ခဲ့ရတဲ့ နှစ်တွေမနည်းတော့ဘူး . . မရဘူး . . . အခုပဲ အဖြေပေးတော့ . . ."

သူမ ရှက်ပြုံးနဲ့ခေါင်းကလေး ငုံ့သွားပါတယ်။ ကျွန်တော်





ားကို လမ်းဘေးချရပ်လိုက်မိတယ်။ ကျွန်တော်နဲ့သူမ အကြည့်ချင်းဆုံမိပါတယ်။ သူမရဲ့အကြည့်ဟာ ရွှန်းလဲ့နေပါတယ်။

"ချစ်တယ် မဟုတ်လား ဟင် . ."

စိုပြည် ပြည့်တင်းနေတဲ့ နှုတ်ခမ်းလေးဟာ မသိမသာကွေးပြီး ပြုံးပါတယ်။ ဘာမှတော့ မဖြေဘူး။

"ချစ်ရင် ခေါင်းညိတ်ပြ . . ."

"ဟင့်အင်းကွာ . . ရှက်တယ် . . ."

"သြော် . . ကိုယ့်ချစ်သူကို ချစ်တဲ့အကြောင်းပြောဖို့ပဲ ရှက်ရသလား . . ."

သူမ မဖြေပါ။ ကားတံခါးကိုဖွင့်ပြီး အောက်ကိုဆင်းသွားလို့ ကျွန်တော်လည်း လိုက်ဆင်းရပါတယ်။ သူမက ပြုံးပြီးခြေလှမ်းတစ်လှမ်းနှစ်လှမ်း စလှမ်းတယ်။ အဲဒီမှာတင် သူမ စီးထားတဲ့ဒေါက်ဖိနပ်လေးရဲ့ဒေါက်ကလေးတစ်ဖက်ဟာ ကျိုးသွားပါတယ်။

"အို . . . အမေ့ . . ."

သူမ ယိမ်းယိုင်အသွားမှာ ကျွန်တော်က ပြေးပွေ့မိပါတယ်။

"ဂျူလိုင် . . ."

"ရှင် . . ."

"မောင့်ကိုချစ်တယ် မဟုတ်လား . . ."

ခေါင်းကလေး ဖြည်းဖြည်းညိတ်တယ်။ လှလိုက်တာ။ မျက်လုံးလေးတွေက ရွှန်းလဲ့နေပါတယ်။

"မှန်းစမ်း . . ဂျူလိုင့်ဖိနပ်လေးကို ကြည့်ရအောင် . . ."

တစ်ခါတုန်းက တက္ကသိုလ်မှာ ကြုံခဲ့ရသလိုပါပဲ။ ကျွန်တော်လည်း မပြောမဆို၊ ဆိုးဆိုးဆတ်ဆတ်နဲ့ သူမရဲ့ကောင်းနေသေးတဲ့ အောက်ဒေါက်ဖိနပ်တစ်ဖက်က ဒေါက်ကို ပလက်ဖောင်းနဲ့ရိုက်ပြီး ချိုးချလိုက်ပါတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ဘယ်လိုလုပ်လိုက်တာလဲ . . နှမြောစရာ . . ကော်ကပ်ပြီး ပြန်စီးလို့ရတယ် . . ."

"စင်ဒရဲလားဖိနပ်လေးရှိသားပဲ . . အဲဒါလေး ပြန်လဲစီး"

"ဟင့်အင်း . . အဲဒီဖိနပ်လေးကို မင်္ဂလာဆောင်မှ စီးမှာ . . သိမ်းထားလိုက်ပြီ . . ."

ကျွန်တော် ပီတိဖြစ်စွာနဲ့ သူမရဲ့လက်လေးကို လှမ်းဆွဲလိုက်မိပါတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဧဝသေးလို့လား မသိဘူး။ ကျွန်တော်တို့နှစ်ယောက်တည်းသာ ရှိပါတယ်။

နံနက်ခင်းလေပြည် လေညှင်းဟာ ကျွန်တော်တို့ချစ်သူနှစ်ယောက်ကို တိုးဝှေ့ကျီစယ်သွားပါတယ်။ ကျွန်တော် ချိုးပစ်ခဲ့တဲ့ ဒေါက်ကလေးကတော့ နောက်ဘက်က ပလက်ဖောင်းပေါ်မှာ ငြိမ်ငြိမ်သက်သက်ကလေး ကျန်ခဲ့ပါတော့တယ်။

အစဉ်ကြိုးစားလျက်
ကိုငြိမ်းဦး

www.burmeseclassic.com